www.burmeseclassic.com

# ဒိုမာသမ်

## ငါ့ရှုထားတဲ့ တိမ်ဝတ်ရုံ




Design Lလင်း

www.burmeseclassic.com

www.burmeseclassic.com


# အိုမာဆမ်

ငါခြုံထားကဲ့တိမ်ဝတ်ရုံ

၁။ မူခွင့်ပြုချက်အမှတ် – ၅၀၀၈၅၁၀၈၁၀

၂။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၀၀၆၀၉၁၀

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ

ပထမအကြိမ်

တန်ဖိုး – ၁၀၀၀/-

အုပ်ရေ – ၅၀၀အုပ်

ထုတ်ဝေသူ ... ဦး[illegible]([illegible])၊ [illegible] အမှတ်([illegible])၊ [illegible]လမ်း၊ [illegible]မြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦး[illegible]([illegible])၊ [illegible] အမှတ်([illegible])၊ [illegible]လမ်း၊ ရန်ကုန်။

[illegible] ရန်ကုန်။

[illegible]

(၁) ငါခြုံထားကဲ့တိမ်ဝတ်ရုံ


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



# အိုမာခယမ်



စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





လောကကြီးမှာ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ဖို့
လိုချင်တာကို ရအောင်ယူဖို့
လုပ်ချင်တာကို လုပ်ခွင့်ရှိဖို့
ကြိုးစားတဲ့နည်းလမ်းတွေ အများကြီး ရှိမှာပါ။

ကျွန်မကတော့ အတ္တတွေနဲ့ တည်ဆောက်ထုဆစ်ထားတာမို့ ဘယ်အရာကိုမှ ထောက်ထားငဲ့ကွက်ဖို့ မစဉ်းစားဘဲ ကြိုးစားမယ့်လူ ဖြစ်တယ်။

လိုအပ်ရင် ကျွန်မနှလုံးသားကိုတောင် ငဲ့ကွက်မှာမဟုတ်တဲ့ မိန်းမတစ်ယောက်ပါ။


ဒါကြောင့် ကျွန်မနှလုံးသားမှာ အတ္တရူးနဲ့ ဒဏ်ရာတွေ အပြည့်ပေါ့။

ဆင်းမြတ်မေမို့

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

သူနဲ့ပတ်သက်ထိတွေ့နေရတဲ့ အရာတွေအားလုံးက သူမကိုယ်ပိုင် မဟုတ်ဘူးဆိုတာ ဘယ်လိုပဲ အကြိမ်ကြိမ်သတိပေးပေး ဦးနှောက်က မေ့လျော့ဖို့ကိုပဲ တိုက်တွန်းအားပေးနေသည်။

ကိုယ်ပိုင်အရည်အချင်းကလွဲလို့ ဘာမှမပိုင်ဆိုင်တဲ့ သူမကို လှပပြီးဆွဲဆောင်မှုရှိတဲ့ ရုပ်ရည်သွင်ပြင်ကိုတော့ ကံကြမ္မာက ကပ်ဖိုးကပ်ဖဲ့ ပေးသနားထားပြန်သည်။

သူမနှင့်ရွယ်တူ၊ အရည်အချင်းတူနေတဲ့ ငွေ့မှာကျတော့ ပြည့်စုံမှုက ဒုနဲ့ဒေး။

ငွေ့က သူမလောက် မလှပေမယ့် လှတယ်လို့ပြောလို့ရတဲ့အထဲမှာ ပါသူပင်။



www.burmeseclassic.com

www.burmeseclassic.com



ငွေ့အလှထက် ငွေ့ရဲ့ပိုင်ဆိုင်မှုက ပိုပြီးတပ်မက်သာယာဖို့ ကောင်းတာကို ဘယ်သူမှ မငြင်းရဲ။

ငွေ့မှာ ပညာတတ်၊ အရွယ်ကောင်း၊ ချမ်းသာသော မိဘနှစ်ပါးရှိသည်။ ငွေ့မှာ ကိုယ်ပိုင်ခြံနဲ့တိုက်နဲ့ ကားနဲ့ဖုန်းနဲ့ လိုချင်တာကို စဉ်းစားစရာ မလိုဘဲ ရယူနိုင်သော ဓနအင်အား ရှိသည်။ ငွေ့မှာ သူမနဲ့တန်းတူ ပညာအရင်းအချင်းရှိပြီး ချို့တဲ့တာဆို၍ သတ္တိတစ်ခုတည်းသာလိုသည်။

ငွေက နေရာတကာ နောက်ကွယ်မှာနေချင်သူဖြစ်ပြီး အရာရာမှာလည်း တွန့်ဆုတ်တွေဝေတတ်သူဖြစ်သည်။

တစ်ခါတလေ ငွေ့ဘဝကို အားကျစိတ်ဖြစ်မိသော်လည်း ငွေ့စိတ်မျိုးကိုတော့ သူမ မလိုချင်ပြန်။

ဘာပဲဖြစ်ဖြစ် ငွေ့ရဲ့အားနာသနားတတ်သော စိတ်ခံကြောင့် သူမ ငွေနဲ့အတူ နေဖြစ်နေခြင်းပင်ဖြစ်သည်။

"မေပျိုရေ ... ဘာလုပ်နေလဲ၊ ငွေ ဝင်လာလို့ရလား"

အိပ်ရာပေါ်လှဲပြီး စဉ်းစားခန်းဝင်နေတဲ့ သူမအခန်းတံခါးကိုခေါက်ရင်း ပြောလိုက်သံကြားရတာမို့ ...





"ဝင်လာလေ ငွေ၊ ငါ အားလို့လှဲနေတာ"

ငွေက ထုံးစံအတိုင်း သူမအခန်းထဲကို လှုပ်လီလှုပ်လဲ့ဝင်လာပြီး ...

"မေပျိုရေ ... ဖေဖေတို့ လူကြုံပေးလိုက်တဲ့လူ ရောက်နေပြီတဲ့၊ အဲဒါ မနက်ဖြန် မေပျို အလုပ်သွားရင်း လှည့်ဝင်ပေးခဲ့ပါလား၊ ငွေ စာမေးပွဲရှိလို့ အပြင်မထွက်ဘဲ စာကျက်ချင်လို့ပါ"

အလုပ်လုပ်စရာမလိုတဲ့ ငွေက သင်တန်းတွေ တစ်ခုပြီးတစ်ခုတက်လိုက် စာမေးပွဲဖြေလိုက်နဲ့ ပျင်းဖို့ကောင်းလိုက်တာ။

"ရတယ်လေ။ ငွေ လိပ်စာပေးလိုက်၊ ငါ အလုပ်ကအပြန် ဝင်ယူခဲ့ပေးမယ်၊ ဒါနဲ့ အန်ကယ်နဲ့ အန်တီက ဘာပေးလိုက်တာလဲ"

ငွေက နှာခေါင်းလေးရှုံ့ပြီး ...

"အဝတ်အစားပဲ နေမှာပေါ့"

ငွေ့အတွက် နှာခေါင်းရှုံ့စရာပေမယ့် သူမအတွက်တော့ လက်ခုပ်တီးစရာပင်။



www.burmeseclassic.com

www.burmeseclassic.com



ငွေက နိုင်ငံခြားကပို့ပေးသော အဝတ်အစားမှန်သမျှကို တစ်ခါလောက်သာဝတ်ပြီး ဓာတ်ပုံရိုက်ထားလိုက်သည်။ ပြီးရင် သူမကို အပြီးပေးလိုက်သည်။

"ငွေက သူတို့နိုင်ငံမှာ သူတို့ရာသီဥတုနဲ့ကိုက်ပြီး ထုတ်လုပ်ထားတာတွေကို မဝတ်ချင်ပါဘူး၊ ပြည်တွင်းဖြစ်ချည်ထည်လေးတွေကိုပဲ ငွေက ဝတ်ချင်တာ"

ဒီတော့ ငွေက သူမအဖေ အညာကပို့လိုက်သော ချည်ထည်ဆန်းဆန်း၊ ဇမာထည်လေးတွေကို ယူပြီး သူမကတော့ ငွေ့မိဘတွေပို့လိုက်သော Branded တွေကို နှစ်သက်စွာ ဝတ်ခွင့်ကြုံရတော့သည်။

ကံကောင်းစွာ ငွေနဲ့သူမက ကိုယ်လုံးကိုယ်ပေါက်တူနေပြီး ငွေကပိုပြီး ဖြူလွသွယ်လျ၍ သူမက ဖြူဝင်းကြွနိုင်သော ကိုယ်လုံးမျိုးဖြစ်သည်။

ဒါပေမဲ့ သူမက အလှပြင်သူဖြစ်၍ ကြည့်လိုက်ရင် ငွေ့ထက်ပို၍ ပေါ်လွင်ထင်ရှားသော အလှကို ပိုင်ဆိုင်၍ဖြစ်သည်။





"အတော်ပဲ၊ ကုမ္ပဏီမှာ ဒီလကုန်ရင် Promotion အတွက် ဂုဏ်ပြုပွဲရှိတယ်၊ အဲဒီအတွက် ဝတ်စရာ ရသွားတာပေါ့"

ငွေက သူမကို အနည်းငယ်မှ တွန့်တိုနမြောခြင်း မရှိဘဲ ...

"ကောင်းတာပေါ့၊ မေပျို မဝတ်ရင် ဒီအဝတ်အစားတွေက အလကားဖြစ်ကုန်မှာ"

ကောင်းတာလေးတွေ ဖြေတွေးတတ်တဲ့ ငွေ့ရဲ့စိတ်ကို သဘောကျပေမယ့် သူမကိုယ်တိုင်တော့ ဒီစိတ်မျိုးမွေးနိုင်မှာ မဟုတ်။

"ကျေးဇူးပဲ ငွေ၊ ငါလည်း ဒီတစ်ခေါက် မေမေ့ကို ငွေ့အကြိုက်ပုံစံလေးတွေ သုံးလေးစုံ ပို့ပေးဖို့ စာရေးထားတယ်"

သူမဆီကရတာနဲ့ ငွေ့ဆီကရတာ တန်ဖိုးချင်းယှဉ်ကြည့်လျှင် အပြတ်အသတ် မယှဉ်သာပေမယ့် ငွေကတန်ဖိုးထားပြီး မြတ်မြတ်နိုးနိုး ဝတ်တတ်သူဖြစ်၍ သူမအတွက် သိပ်အားရှာစရာမလို။

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောရလျှင် ငွေ့အကြိုက်နှင့် မေမေ့အကြိုက် ကိုက်ညီတာလည်းပါသည်။

မေမေက သူမအတွက် ရည်စူးပြီး ဗမာအင်္ကျီချည်ထည်လှလှဆန်းဆန်းလေးများကို ကိုယ်တိုင်ချုပ်ပြီး ပို့ပေးတတ်သလို၊ မေမေပို့သမျှ ပုံစံအားလုံးကလည်း ငွေနဲ့လိုက်ဖက်ပြီး ကျက်သရေရှိလှသည်။

"ကောင်းတယ် ... ကောင်းတယ်၊ မေပျို့ရဲ့မေမေလို လက်ရာမျိုးက ဒီမှာရှာဝယ်လို့ ရတာမဟုတ်ဘူး၊ မေပျို့မေမေက သိပ်စိတ်ကူးကောင်းတာ၊ ငွေ့သင်တန်းမှာဆိုရင် ငွေဝတ်ထားတိုင်း လူတိုင်း စိတ်ဝင်တစားနဲ့ မေးကြတယ်သိလား"

မေမေက အင်္ကျီကြယ်သီးလေးတွေကအစ လက်ဖြစ်သစ်သားကြယ်သီးလေးတွေ၊ ဝါးဆစ်ကလေးတွေ၊ ပယင်းကျောက်ကလေးတွေ၊ ကျောက်စိမ်းအကာအရုပ်ကလေးတွေ၊ အမျိုးမျိုး စိတ်ကူးပြီး ဖန်တီးပေးလေ့ရှိတာကို သူမ စိတ်မဝင်စားပေ





မယ့် ငွေကတော့ ကလေးတစ်ယောက်လို တစ်ခုခု ဆန်းဆန်းကြယ်ကြယ်ရတိုင်း ကြည်နူးစွာ ပျော်နေတတ်သူဖြစ်သည်။

"ဒါဆို ငွေ စာဆက်ဖတ်လိုက်ဦးမယ်၊ မေပျို့ ပျင်းလို့ Internet သုံးချင်ရင် လာခဲ့လေ၊ မေပျို့ စက်ဖွင့်ထားမယ်"

ငွေ့အခန်းထဲမှာရှိတဲ့ internet ချိတ်ထားသည့် ကွန်ပျူတာကိုပင် ငွေက တွန့်တိုခြင်းမရှိ။ သူမ စိတ်ကြိုက်သုံးခွင့်ပေးထားသည်။

"ရပါတယ် ငွေရယ်၊ မေပျို့ တစ်ရေးလောက်မှေးလိုက်ဦးမယ်"

"အိပ် ... အိပ် ... အိပ်ရာကနိုးရင် ငွေတို့ စတော်ဘယ်ရီယိုရည် သောက်ရအောင်၊ ငွေ မနေ့က စတော်ဘယ်ရီတွေ ဝယ်လာတယ်"

သူမထက် ပျော့ညံ့ပေမယ့် သူမကို အကြီးတစ်ယောက်လို ဂရုစိုက်တတ်သော ငွေ့ကို သူမ ပြုံးပြရင်း ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေ့အရိပ်ခိုနေရသော်လည်း သူမမှာ ကြောင့်ကြ အားငယ်မှုမျိုး မခံစားရပေ။

သူမကလည်း ဒီအရိပ်ဖြူကို ဆေးဆိုးရန် စိတ်မကူး ခဲ့ပေ။

✧ ❤ ✧





"မေပျိုကတော့ ဘာလေးပဲဝတ်ဝတ် လှနေတာပဲ"

ကုမ္ပဏီညှိခံပွဲမှာ ငွေ ပေးသော ဝတ်စုံဖြင့် သူမ က တောက်ပမြူးကြွလျက်။

နို့နှစ်ရောင်ဂါဝန်လေးက သူမနဲ့ တိုင်းချုပ်ထားသလို သူမကိုယ်မှာ တိတိရိရိ ချပ်ချပ်ရပ်ရပ်။

"မေပျိုကတော့ ကံကောင်းတယ်နော်၊ ပညာလည်းတတ်၊ ဥစ္စာပေါ၊ ရုပ်ချော၊ ထက်ထက်မြက်မြက်လည်းရှိ ဆိုတော့ ဒီခေတ်မှာ ခပ်ရှားရှားပဲ"

လုပ်ဖော်ကိုင်ဖက် အချင်းချင်း မြှောက်ပင့်ပြောနေ တာပဲဖြစ်ဖြစ် သူမ ကျေနပ်နေတာတော့ အမှန်။

"တစ်ခုပဲလိုတယ်"

www.burmeseclassic.com



ကုမ္ပဏီစာရင်းကိုင်မမျိုးက နောက်တောက်တောက်နှင့် သူမနားကပ်ပြီး ခပ်တိုးတိုး အသံဖြင့် ...

"ဘဝလက်တွဲဖော်လေ၊ မေပျို့နဲ့ လိုက်ဖက်မယ့်သတို့သားလောင်းကတော့ ရှားမယ်ထင်တယ်။ မေပျို့လို ခပ်ချောချောလေးရဖို့ မလွယ်ဘူး မဟုတ်လား"

သူမ မမျိုးကို မနာအောင် ဆွဲဆိတ်လိုက်ပြီး ...

"ရုပ်ချောတာ ဘာလုပ်လို့ရမှာလဲ မျိုးရယ်၊ အရည်အချင်းရှိမှ မေပျို့က သဘောကျမှာ"

မိန်းမချင်း ပျော်စေပျက်စေ ပြောနေကြသော်လည်း သူမကိုယ်တိုင် သူမဘဝအတွက် စိတ်တိုင်းကျ ဘဝအဖော်မွန်ရှာမတွေ့သေးတာ အားမလို အားမရ ဖြစ်မိနေသည်။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ မေပျို့လို အရည်အချင်းရှိတဲ့သူမျိုးကို မမျိုးက ရည်ရွယ်ပြောတာပါ။ မြန်မြန်လည်း စဉ်းစားနော်၊ အသက်အစိတ်ဆိုတာ ငယ်တဲ့အရွယ်မဟုတ်ဘူးနော်"





အသက်နှစ်ဆယ်နဲ့ အိမ်ထောင်ကျပြီး အသက်သုံးဆယ်မှာ ကလေးသုံးယောက်အမေ ဖြစ်နေပြီဖြစ်တဲ့ အကျိုးအတွက် အသက်အစိတ်ကတော့ တော်တော်ကြီး နေမည်ထင်သည်။

"ဒါနဲ့ မေပျို့ရော၊ မေပျို့မိဘတွေဆီ အလည်မသွားဘူးလား"

ငွေ့ဘဝလေးကို ခဏအငှားယူထားသည့် သူမအတွက် ဝင်ကစွပ်ဘဝကို ဘယ်လောက်ထိ ဖက်တွယ်ထားရမည်မသိ။

"အင်း ... သွားတော့ သွားမှာပါ၊ ဒါပေမဲ့ ခုထိတော့ အစီအစဉ်မရှိသေးဘူး၊ ဒါနဲ့ မမျိုးရော ဟိုတလောက မမျိုးသားလေး နေမကောင်းတာ ကောင်းသွားပြီလား"

စပ်စုတတ်သော မမျိုးကို စကားလမ်းကြောင်းပြောင်းပေးလိုက်တော့မှ သူမ စိတ်သက်သာရာရသွားသည်။

သားအကြောင်းကို ရေပက်မဝင် ပြောနေသော မမျိုးစကားတွေ ပျင်းရိစွာ နားထောင်နေရတော့သည်။

www.burmeseclassic.com



"မမျိုးကတော့ သားကို မေပျို့လို ချွေးမမျိုးနဲ့ဘဲ ပေးစားချင်တယ်၊ ဘယ်လိုလဲ မေပျို့၊ ကျောက်ပျဉ်ထမ်းပြီး စောင့်ပေးထားမှာလား"

သူမ မသက်မသာ ပြုံးပြလိုက်ရသည်။

ဝင်ကစွပ်ဘာဝပေမယ့် အများအားကျ အထင်ကြီးခံရသည့် အရသာကို သူမ မက်မောခုံမင်နေသည်မို့ ...။

✧ ❤ ✧





အလုပ်ကအပြန် ငွေ သင်တန်းပြီးချိန်နှင့် အချိန်ကိုက်နေ၍ လမ်းလည်းကြုံတာမို့ ငွေ့ကို ဝင်ကြိုရန် ဆုံးဖြတ်လိုက်သည်။

လှည်းတန်းရှိ အအေးဆိုင်မှာ ဝင်ထိုင်ပြီး လမ်းမပေါ် ဖြတ်သွားသည့် လူတွေကိုကြည့်ရင်း ငွေ့ကို စောင့်နေလိုက်သည်။

သူမ ငါးမိနစ်လောက်သာ စောင့်ရသေးသည်။ ငွေက အဖော်တစ်ယောက်နှင့် စကားပြောရင်း ဖြတ်သွားသဖြင့် လိုက်ခေါ်လိုက်ရသည်။

"ဒီနေ့ မေပျို့အလုပ်က စောလှချည်လား"

ငွေက သူမနဲ့အတူ ကြေးအိုးဆိုင်ထဲ လိုက်ထိုင်ရင်း မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အသစ်ဖွင့်မယ့် Shopping Mall တစ်ခုမှာ မေပျို့ကုမ္ပဏီအတွက် ကောင်တာတစ်ခုငှားဖို့ လာစာချုပ်တာ၊ ကိစ္စက စောစောပြီးသွားတာနဲ့ ကုမ္ပဏီမဝင်တော့ဘဲ အိမ်ပြန်လိုက်တာ၊ လမ်းကြုံတာနဲ့ ငွေ့ကို ဝင်ကြိုတာလေ"

ငွေက ကျေနပ်နှစ်ခြိုက်စွာပြုံးရင်း ...

"ဒါဆို ငွေတို့ အတူတူဆုံတုန်း ညနေစာ အိမ်မှာမစားဘဲ အပြင်မှာ တစ်ခုခု စားသွားကြရအောင်"

လက်ကုန်ခါနီးပြီမို့ သူမမှာ လက်ကျန်ငွေ သိပ်မရှိတော့။

ရက်ရ အားနာရမယ့်သူ မဟုတ်၍ ...

"မေပျို့မှာ ပိုက်ဆံသိပ်မပါဘူးနော်"

ငွေက သူမလက်ကို ပုတ်လိုက်ပြီး ...

"ငွေကျွေးမှာပါ မေပျို့ရဲ့၊ အသားကင်စားကြမလား၊ ဒါမှမဟုတ် ဟော့ပေါ့စားမလား"

"အင်း ... ဒါဆို အသားကင်စားမယ်၊ မစားခင် လှည်းတန်းဈေး ပတ်ရအောင်"





နှစ်ယောက်သား လွတ်လပ်ပေါ့ပါးစွာနဲ့ ဈေးပတ်နေစဉ် ငွေက သူမနားကပ်ပြီး ...

"မေပျို့ကို လူတွေ သိပ်ငေးကြတာပဲနော်"

"ဟုတ်လို့လား၊ ငွေ့ကိုလည်း ငေးကြတာပါပဲနော်"

ငွေက ချွေးကြောင့် ပြောင်တင်းနေသော မျက်နှာကြည်ကြည်လေးနဲ့ ပြုံးရင်း ...

"ငွေ့ပုံစံက ဘာမှမထူးခြားဘူးလေ၊ ဒီနေ့ စာမေးခံရပြီး ချွေးပြန်ခဲ့တာမို့ ကြောင်ချေးရုပ်တောင် ပေါက်နေသေးတယ်၊ မေပျို့ကတော့ ကြွေရုပ်လေးလို လှလို့"

ငွေပြောသလို ဖြစ်နေတာ သူမလည်း သိသည်မို့ ကျေနပ်စွာ ရယ်လိုက်မိပြီး ...

"ဒါကြောင့် ငွေ့ကိုပြောတာပေါ့၊ နည်းနည်းပါးပါး မိတ်ကပ်လေး ဘာလေး လုပ်ပါလို့"

ငွေက နှာခေါင်းလေးရှုံ့ပြီး ...

"စိတ်အိုက်လို့ မလုပ်ချင်ပါဘူး၊ အောက်ခံဖောင်ဒေးရှင်းတောင် မဖြစ်လို့ လိမ်းရတာ"



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ငွေ့မျက်နှာက မိတ်ကပ်နဲ့မလိုက်တာ မို့ သူမ အတင်းမတိုက်တွန်းချင်။

သူမကတော့ အလှပြင်ရတာကို အနုပညာတစ်ရပ် ဖန်တီးသလို ကျေနပ်နေသည်မို့ သူမမျက်နှာက အမြဲတမ်းလှပ ဝင်းအိနုစိုလျက်။

"ဒါပေမဲ့ ငွေ့မျက်နှာက အေးအေးချမ်းချမ်းလေးဆိုတော့ ငွေလရောင်ဆိုတဲ့ နာမည်အတိုင်း ငွေ့အလှက ဖြူစင်အေး မြပါတယ်လေ"

ငွေ့ကို ပြောလိုက်ပေမယ့် သူမကတော့ လရဲ့အရောင် အဝါကို မမက်မော။

သူမက စူးစူးရဲရဲ နေမင်းကိုပဲ မက်မောသည်။

✧❤✧





ကားမောင်းရတာ ဒီနေ့တစ်နေ့လုံး အဆင်မပြေဖြစ် နေသည်။

စတီရာတိုင်က ဘယ်ဘက်ကို ဆွဲနေသလိုဖြစ်၍ ထိန်းမောင်းနေရသည်။

အလိုင်းမင့်ချိန်မည်ဟု ကြံစည်ထားသော်လည်း အလုပ်မအားသေးသဖြင့် မချိန်ဖြစ်။

ဒီအတိုင်း မေးမောင်းနေရသော်လည်း တစ်ခါတလေ စိတ်လွတ်ပြီး စတီရာတိုင် တစ်ဖက်ဆွဲနေတာကိုမေ့ပြီး ကားကို ပြန်ဆွဲနေရသဖြင့် ကားက နည်းနည်းခါချင်နေသည်။

မနက်က မေမေ ဖုန်းပြောစဉ် သူမဆီ မေမေလာ လည်ချင်သည်ပြော၍ စိတ်အနှောင့်အယှက် ဖြစ်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်တစ်ခါတောင် အနိုင်နိုင်ကြိုးစားပြန်နေရသဖြင့် မေမေက သူမကို သတိရပြီး လိုက်လာချင်နေသည်။

သူမလည်း မေမေ့ကို သတိရတတ်သော်လည်း သူမဘဝရပ်တည်ရေးနှင့် ဘဝရှေ့ရေးက ပိုအရေးပါနေသဖြင့် မေမေ့ဆီ မပြန်ဖြစ်။

ဒါပေမဲ့ မေမေ ဒီလိုလာမယ်ဆိုတာကိုလည်း မနှစ်သက်ချင်။

အတွေးတွေနဲ့ ယောက်ယက်ခတ်နေသဖြင့် ကားတစ်စီးနှင့် ပွတ်မိသွားသည်။

ငွေ့ကားကို ယူသုံးနေခြင်းဖြစ်၍ ကားတစ်ခုခုဖြစ်မှာကို စိုးရိမ်လှသည်။

ဒီကြားထဲမှာမှ အချက်မပြဘဲကျော်သည့် နောက်ကားရဲ့ဖင်ကို သူမကားက ပွတ်ကာသီကာလေး တိုက်မိသွားခြင်းပင်။

"တောက် ... အရေးထဲမှာမှ"





ဒေါသဖြင့် ကားပေါ်ကဆင်းပြီး ရှေ့မှာရပ်ထားသည့် ကားကိုကျော်ပြီး ရပ်လိုက်သည်။

ရှေ့ကားက သူ့ကားဖင်ကိုကြည့်ပြီး သူမကားကို ခါးထောက်ပြီး ရပ်ကြည့်နေတာ တွေ့ရသည်။

သူမလည်း ကားပေါ်ကဆင်းပြီး သူမကားရှေ့ပိုင်းကို ကြည့်လိုက်စဉ် သူမကားရှေ့ ဘယ်မီးသီးကွဲသွားတာ တွေ့ရသည်။

ဒီကားရဲ့မီးသီးတန်ဖိုးက မနည်းလှ။

သူမလခ တစ်လခလောက်တော့ အသာလေးပင်။

"ဒီမှာ ... ဒီကိစ္စ ဘယ်လိုရှင်းမှာလဲ"

တစ်ဖက်လူက မေးလာစဉ် သူမ ဒေါသကထောင်းခနဲ။

"ဘာ ... ဘယ်လိုရှင်းရမှာလဲ၊ ရှင် ကားကို အချက်မပြဘဲ ဘာဖြစ်လို့ကျော်လဲ"

"ဘာဖြစ်လို့ အချက်မပြရမှာလဲ၊ ကျွန်တော် မီးပြပြီးမှ ကျော်တာ၊ ခင်ဗျားဘာသာခင်ဗျား တွေးချင်ရာတွေး ငေးချင်ရာငေးပြီး မမြင်တာ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း လွန်သေးသည်။ သူမကိုလည်း အပြစ်ပုံချနေသေးသည်။

သူ့ကားကိုကြည့်လိုက်တော့လည်း နောက်ဘက်ဘော်ဒီဆေးနည်းနည်းခြစ်ပြီး အနည်းငယ် ချိုင့်ဝင်သွားတာလောက်ပဲရှိသည်။ ပြီးတော့ ကားက ပါဘလစ်ကာအဟောင်း။

ဖြစ်ချင်းဖြစ် သူမက ဒေါသထွက်ပြီး အလျော်တောင်းရမယ့်ကိစ္စမျိုးဖြစ်သည်။

"ဒီမှာ ... ရှင် အချက်မပြဘဲ ကျော်တက်လို့ ဖြစ်ရတာ၊ ပြီးတော့ ကျွန်မကားက သိန်းခြောက်ရာလောက် တန်တဲ့ကား၊ ရှင့်ကားနဲ့ တန်ဖိုးချင်းက တခြားဆီ၊ ကျွန်မကား မီးလုံးဖိုးကို ရှင် အလျော်ပေးပါ"

လူပုံစံက ဂျစ်ကန်ကန် ပေတီပေကပ်။

အားကစားဝတ်စုံဆန်ဆန် ပုံစံမျိုးဝတ်ထားပြီး ချွေးသံတရွှဲရွှဲဖြင့် လူကြမ်းရုပ် ပေါက်နေသေးသည်။

အရွယ်ကတော့ သူမနဲ့ သိပ်ကွာမည်မထင်။





"သိန်းခြောက်ရာတန်ကားနဲ့ ကျွန်တော့်ကား တိုက်မိတာချင်းအတူတူ ကျွန်တော်က လျော်ရမတဲ့လား၊ ပြီးတော့ ကျွန်တော်မှားတာလည်း မဟုတ်ဘူး၊ ကြိုက်တဲ့လူ မေးလို့ရတယ်"

ဘေးပတ်ဝန်းကျင်မှာ ဆိုက်ကားတချို့ရှိပြီး ဆိုက်ကားသမားတချို့က သူမတို့နှစ်ယောက် စကားများနေတာကို ကြည့်နေတာ တွေ့ရသည်။

"ကဲ ... ဘယ်လိုလဲ၊ ဘေးလူတွေ ခင်ဗျားမယုံရင် မေးလိုက်လေ၊ ကျွန်တော် မှားတယ်ဆိုရင် ကျွန်တော်လျော်မယ်၊ ခင်ဗျားမှားတယ်ဆိုရင် ခင်ဗျားလျော်ရမယ် ဘယ်လိုလဲ"

သူ အချက်ပြပြီးမှ ကျော်တက်တာလား။ သူမအတွေးလွန်နေ၍ သူ အချက်ပြတာကို မတွေ့လိုက်တာလား။ သူမဘက်က မသေချာမှုအတွက် သူမကိုယ်သူမ စိတ်ပျက်သွားသည်။

"ကျွတ် ... စိတ်ပျက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူမ စိတ်ရှုပ်စွာဖြင့် ညည်းညူလိုက်စဉ် ထိုသူက ပြုံးစိစိနှင့် အထက်စီးက ကြည့်နေတာ တွေ့ရသည်။

“ကဲ ... အမိ၊ သိပ်စဉ်းစားမနေနဲ့၊ ကျွန်တော့်မှာ အချိန် သိပ်မရှိဘူး”

သူမ ဘာဆက်လုပ်ရမလဲမသိ။ အချိန်သိပ်ကြာသွားရင် အနီးဆုံးယာဉ်ထိန်းရဲ ရောက်လာပြီး အမှုတွေ ဘာတွေဖြစ်မှာလဲ စိုးရိမ်ရသေးသည်။

“ကဲ ... ခင်ဗျား မမေးချင်ရင် ကျွန်တော် မေးရမလား”

သူမ ထိုလူကို စိတ်တိုစွာ ကြည့်လိုက်ပြီး ...

“တော်စမ်းပါ၊ ပြော ... ရှင့်ကားအတွက် ကျွန်မ ဘယ်လောက်လျော်ရမလဲ”

ပြောသာပြောရသည်။ သူမအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေမှာ သေချာသည်။

“ကျွန်တော့် ဆေးဘော်ဒီဆရာရှိတယ်၊ သူ့ဝပ်ရှော့ကိုသွားကြတာပေါ့၊ သူ ကြည့်ပြီး ဈေးပြောလိမ့်မယ်”





သူပြောတာ နည်းလမ်းကျကောင်း ကျနိုင်ပေမယ့် သူမ မယုံကြည်။

“လုပ်မနေနဲ့ မှန်းပြီးသားပြော၊ ကျွန်မအတွက် တရားတယ် ထင်ရင် ကျွန်မပေးမယ်”

သူက ပခုံးတွန့်ပြီး နှာခေါင်းရှုံ့ပြတာ တွေ့ရသည်။

“တစ်ယောက်နဲ့တစ်ယောက် နည်းတယ် များတယ် ဖြစ်သွားရင် မကောင်းဘူး၊ ဘော်ဒီဆရာနဲ့ ပြကြည့်တာကောင်းပါတယ်”

သူမကိုယ်တိုင် ဆုံးဖြတ်ရတော့မည်ဖြစ်၍ စိတ်ရှုပ်စွာနှင့် ပိုက်ဆံအိတ်ထဲ ကြည့်လိုက်မိသည်။

တစ်ထောင်တန် အရွက်သုံးဆယ်လောက်ကို သပ်သပ်ဖယ်ပြီး အရေးပေါ်သုံးရန် ထားတတ်သည့် အကျင့်ကောင်းက သူမကို အရှက်မကွဲရန် ကူညီလိုက်သလိုပင်။

“ဒီလောက်နဲ့ဆို လောက်မလား”

သူမ ပိုက်ဆံကမ်းပေးလိုက်သဖြင့် သူက အံ့သြသွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"တန်ရာတန်ကြေးဆို ကျွန်တော် ကျေနပ်တယ်"

သူမ သဘောကျပြုံး ပြုံးလိုက်ပြီး ...

"လုပ်မနေနဲ့ ပိုက်ဆံကို မကြိုက်တဲ့သူ မရှိဘူး"

အောင့်သက်သက် ဖြစ်သွားတဲ့ မျက်နှာပေါ်က ဒေါသငွေ့ငွေ့ကို တွေ့လိုက်ရသည်။

"ခင်ဗျားဖုန်းနံပါတ်ပေးခဲ့၊ လိုတာပိုတာရှိရင် ကျွန်တော် ဆက်သွယ်လို့ရအောင်"

သူမ ပါးပါးလှပ်လှပ် ပြုံးလိုက်ပြီး ...

"မလိုဘူး၊ ခုကတည်းက အပြတ်ရှင်းပြီးပြီလို့ သဘောထားလိုက်တော့။ ကျွန်မ မဆိုစလောက်ကိစ္စလေးနဲ့ နောက်ပိုင်း ရှုပ်ရှုပ်ယှက်ယှက်တွေဖြစ်မှာ မလိုချင်ဘူး"

ငွေ့သည်ဆိုရုံ ဒေါသမျက်နှာက ပိုပြီးနီမြန်းလာသည်။

အလျော်လိုချင်သည့်အတွက် ဒီလောက်တော့ ခံရမှာပေါ့ဟု ပျစ်ပျစ်နှစ်နှစ် တွေးပစ်လိုက်သည်။



"ကဲ ... ကျွန်မ သွားမယ်"

အနိုင်ပိုင်းသည်ဟုပဲထင်ထင် သူမ ပြောချင်တာပြောပြီး ထွက်ခဲ့လိုက်သည်။

ခဏတာကိစ္စက ပြီးပြတ်သွားပေမယ့် ငွေ့ကားရဲ့ မီးလုံးကိစ္စက ကျန်သေးသည်။

ငွေ့မိဘများက ငွေ့ကိုစိတ်ပူ၍ ကားပေးမသုံးဘဲ ကားကို ဂိုဒေါင်ထဲမှာ ဒီအတိုင်း ထားနိုင်းခဲ့သည်။ သူမ ဆတ်ဆတ်ဆော့ဆော့ ကားမောင်းသင်ပြီးသည့်နောက် ငွေ့ကားကို သူသုံးခွင့် တောင်းခံရာ ငွေရော ငွေ့မိဘများကပါ ကြည်ကြည်ဖြူဖြူ ခွင့်ပေးခဲ့သည်။

ကတိတစ်ခုတော့ ပေးခဲ့ရသည်။ မတော်တဆယာဉ်တိုက်မှု သေးသေးလေးပင် ဖြစ်စေဦးတော့ ကားဆက်မမောင်းရဟူသော ကတိပင်။

ကားထိခိုက်မှုမရှိလျှင် သူမ လိမ်လို့ရသော်လည်း အခု ကားပါထိခဲ့သည်ဆိုတော့ ...

www.burmeseclassic.com



အမြဲတမ်း သူမအတွက်အတွက် အကြံဉာဏ်ကောင်း ပေးတတ်သော သူမဦးနှောက်ကို အလုပ်ပေးလိုက်စဉ် အကြံကောင်း တစ်ခု ထွက်လာသည်။

မုသားဆိုသော်လည်း ဘယ်သူ့ကိုမှ ထိခိုက်မှုမရှိသော မုသားအဖြစ် သူမ အသုံးချလိုက်ရသည်။

✧ ❤ ✧



"ကားဖင်က မေပျို့ကားကို ပွတ်ပြီးတာနဲ့ မောင်းပြေးတာ၊ မေပျိုလည်း အမီပြန်လိုက်တာပဲ၊ ဒါပေမဲ့ မီးပွိုင့်နဲ့နီးနေတော့ သူ့ကားက မီးပွိုင့်လွတ်ပြီး မေပျို့ကားက မီးပွိုင့်မိသွားတော့ ကားချင်းပြတ်သွားတယ်။ မေပျိုလည်း ကားလွတ်သွားပြီဆိုမှ ကားနံပါတ်ကို ကမန်းကတန်း လိုက်မှတ်ကြည့်တော့ ပီပီသသ မမြင်ရတော့ဘူး"

ငွေက သူမပြောသမျှကို မျက်လုံးအပြူးသား စိုးရိမ်ကြီးနဲ့ နားထောင်နေရှာသည်။

"အမယ်လေး မေပျိုရယ်၊ ကားဖြစ်သွားတာက ကိစ္စမရှိဘူး၊ လူဘာမှမဖြစ်ဖို့ အရေးကြီးတယ်၊ မေပျို ဘယ်များထိသွားသေးလဲ၊ ခေါင်းတွေ ဘာတွေ မူးသေးလား၊





www.burmeseclassic.com

www.burmeseclassic.com



ခါးတွေ ဘာတွေ နာသွားရင်လည်း ပြောနော်၊ အဲဒါကြောင့် ငွေက မေပျို့ကို ကားမသုံးစေချင်တာ၊ ဒါပေမဲ့တော်ကြာ မေပျို့က ငွေ့ကို တစ်မျိုးထင်မှာလည်း စိုးလို့သာ"

ငွေက ယုံလွယ်ပြီး ဖြူစင်ရိုးသားသူပီပီ သူမအတွက် စိတ်ပူပေးနေသေးသည်။

သိပ်မလိမ်လိုက်ရဘဲ အယုံကြီးယုံနေသည့် ငွေ့ကို သူမ နည်းနည်းတော့ အားနာသွားသည်။

"ဒီလောက်လည်း စိတ်မပူပါနဲ့ ငွေရယ်၊ မေပျို့ ဘာမှမဖြစ်ပါဘူး၊ မေပျို့က ကားထိသွားတဲ့အတွက်သာ စိတ်မကောင်းဖြစ်နေတာ၊ ပြီးတော့ ဦးနဲ့အန်တီ သိသွားရင်လည်း မေပျို့ကို ကားမသုံးခိုင်းတော့မှာ စိုးတယ်၊ ငွေသိတဲ့အတိုင်းပဲလေ၊ မေပျို့အလုပ်က ဈေးတဲ့အပြင် တစ်ခါတလေ marketing အတွက် လိုက်စစ်ရတာမျိုးလည်းရှိတော့ ကားရှိမှ အဆင်ပြေတာ"

ငွေက နှုတ်ခမ်းကလေးဟပြီး သူမ ပြောတာကို ခေါင်းညိတ် ထောက်ခံနေသည်။





"မေပျို့ ကားမီးလုံးဖိုးကို လျှော်ပေးပါ့မယ်၊ ငွေကလည်း ဦးနဲ့အန်တီ မသိအောင် မပြောဘဲ နေပေးပါလားဟင်"

မေပျို့က ခေါင်းကို ခပ်သွက်သွက် ညိတ်လိုက်ပြီး ...

"အင်းပါ မေပျို့ရဲ့၊ ငွေ ဖေဖေနဲ့မေမေ့ကို မတိုင်ပါဘူး။ ပြီးတော့ မီးလုံးဖိုးလည်း မေပျို့ မလျှော်ပါနဲ့၊ ငွေ့ဘာသာ ငွေ ပြင်လိုက်ပါ့မယ်"

သဘောကောင်းသည့် ငွေ့ကို သူမ အခွင့်အရေး သိပ်ယူရာ ကျနေပြီလားမသိ။

မတတ်နိုင်၊ ငွေ့အတွက် ဒီငွေက မပြောပလောက်ဆမယ့် သူမအတွက်တော့ လစာတစ်လစာလောက် လျှော့ခနဲဖြစ်သွားနိုင်သည်။

"ရပါတယ် ငွေရယ်၊ မေပျို့က ကားလည်းယူသုံးသေးတယ်၊ ကားကိစ္စကုန်တာကျတာတော့ မေပျို့ တာဝန်ယူမှ ဖြစ်မှာပေါ့"

ငွေက သူမပခုံးကို ရင်းနှီးကြင်နာစွာ ဖက်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မေပျို့ရယ် ... မေပျို့က အိမ်လည်းထောက်ပံ့နေရတဲ့ သမီးအလိမ္မာလေးဆိုတော့ ဘယ်မှာ ပိုက်ဆံအပိုရှိမှာလဲ။ ပြီးတော့ ကားက မေပျို့ယူသုံးတယ် ဆိုပေမယ့် ငွေ့ကို တစ်ခါတလေ ငွေသွားချင်တဲ့နေရာတွေ လိုက်ပို့ပေးတာတို့ ငွေ့ကို သင်တန်းအကြိုအပို့ လုပ်ပေးတာတို့ ရှိတာပဲ၊ မေပျို့ ငွေ့စေတနာကို နားလည်ပေးနော်"

သူက ငွေ့ကို ကျေးဇူးတင်စွာကြည့်ပြီး ခေါင်းသာ ညိတ်လိုက်ရတော့သည်။

"ကျေးဇူးတင်ပါတယ် ငွေရယ်"

✧❤✧



"ငွေ ခုတလော အလှပိုပြင်လာသလိုပဲ"

အလုပ်ပိတ်ရက်ဖြစ်၍ သူမက နားနေရသော်လည်း သင်တန်းရှိနေသည့်ငွေက သင်တန်းသွားရန်ပြင်နေသည်။

အရင်က ကရင်မ်ပါးပါးလေးသာလူးပြီး အပြင်ထွက်လေ့ရှိသော ငွေက ခုတလော နှုတ်ခမ်းနီပါးပါးလေးတွေ ဆိုးတတ်တာ သူမ သတိထားမိနေသည်။

ငွေ့အသားက ဖြူဖြူနုနုဖြစ်၍ နှုတ်ခမ်းနီးပါးပါးဆိုးထားလည်း အရောင်ထွက်နေတတ်၍ သိသာနေသည်။

"သိပ်သိသာနေလို့လား မေပျို့"

ငွေမငြင်းသဖြင့် သူမထင်တာ ပိုသေချာသွားသည်။

သူမ ငွေ့နှုတ်ခမ်းဖူးဖူးလေးကို ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"သိသာတာပေါ့၊ ဘာလဲ ... ငွေ အလှပြင်တာကို နှစ်သက်တဲ့သူ ရှိနေပြီလား"

ငွေ့မျက်နှာလေးက ရဲခနဲ။

ဒီလောက် ရှက်စရာကောင်းတဲ့စကား မဟုတ်ဘဲနဲ့ ငွေက ရှက်ပြနေသည်။

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး"

ငွေ့မှာရော သူမမှာပါ စိတ်လှုပ်ရှားစရာကောင်းတဲ့ လူ မရှိကြသေး။

"ဒါပေမဲ့ ငွေ အရင်ကထက် ထူးခြားနေတယ် ဆိုတာတော့ ဝန်ခံတယ် မဟုတ်လား"

ငွေက ဝါးဆစ်ကြယ်သီးလေးတွေကို ကြယ်သီးတံ မှာထိုးတပ်ရင်း ရယ်နေသည်။

အဝါနုရောင် ချည်သားဝမ်းဆက်လေးက ငွေ့ကိုယ် ပေါ်မှာ ချပ်ချပ်ရပ်ရပ်နဲ့ အဆီပိုမရှိသော ခန္ဓာကိုယ်အလှကို ထင်လင်းစွာ ပံ့ပိုးပေးထားသလိုပင်။





အရင်က ခါးအထိရှည်သော ဆံပင်ကို ကျစ်ဆံမြီး ကျစ်လေ့ရှိသော်လည်း အခု ငွေက တစ်ဝက်စည်းပြီး ဖားလျား ချထားတာ တွေ့ရသည်။

"ဘာပဲဖြစ်ဖြစ် ငွေ ပိုလှနေတာတော့ အမှန်ပဲ"

ငွေက သူမပါးကို ချစ်စနိုး လိမ်ဆွဲလိုက်ပြီး ...

"ပြန်လာရင် ကြေးဆိုးဆီချက် ဝယ်ခဲ့မယ်"

သူမ မေးတာကို တိတိပပ မဖြေဘဲ ငွေကထွက် သွားသည်။

ဘာလိုပဲဖြစ်ဖြစ် ငွေ့ဆီမှာ ရင်ခုန်ရမယ့်ချစ်သူမျိုး ရှိလာရင် သူမအပေါ် ဂရုစိုက်မှု လျော့သွားမှာတော့ မနာလိုစရာ ကောင်းလှသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်တက်ပြီး ကားစက်နှိုးလိုက်တော့မှ ကားရှေ့မှန်ဝိုက်ဘာတွင် ညှပ်ထားသော စာရွက်ဖြူလေးတစ်ရွက်ကို တွေ့လိုက်ရသည်။

ယာဉ်နားခကောက်တဲ့ နေရာတွေမှာ ဒီလိုဖြတ်ပိုင်းလေးတွေ တွေ့ရတတ်ပေမယ့် ဒီနေရာက Shopping Mall တစ်ခုရဲ့ ကားပါကင်ဖြစ်ပြီး ယာဉ်ရပ်နားခမပေးရတဲ့နေရာဖြစ်သည်။

ကားထဲကပြန်ထွက်ပြီး ညှပ်ထားတဲ့ စာရွက်လေးကို ယူကြည့်လိုက်စဉ် ဟန်းဖုန်းနံပတ်တစ်ခုနှင့်အတူ "ဖုန်းဆက်ပေးပါ"ဟူသော စာတိုလေးကိုသာ တွေ့လိုက်ရသည်။

သူမ လုံးဝမသိသော ဖုန်းနံပါတ်တစ်ခု ပိုင်ရှင်က ဘာကြောင့် ဖုန်းဆက်ခိုင်းရတာပါလိမ့်။





စပ်စုစူးစမ်းချင်စိတ်က ဖုန်းဆက်ချင်သော်လည်း အတည်အခန့်စိတ်က ဖုန်းဆက်စရာမလိုဟု တားမြစ်နေပြန်သည်။

ဘာပဲဖြစ်ဖြစ် အကျိုးအကြောင်း တစ်ခုခုတော့ရှိလိမ့်မယ်ဟူသော ဆင်ခြင်ဉာဏ်ကို အကြောင်းပြု၍ သူမဖုန်းနံပါတ်တွေကို နှိပ်လိုက်မိသည်။

"ဟဲလို"

ယောကျ်ားသံတစ်သံနဲ့ ဖုန်းဖြေသံကြားလိုက်စဉ် သူမဖုန်းဆက်မိတာ မှားလေပြီလားဟု စိတ်ပျက်သွားမိသည်။

ဖုန်းခေါ်မိပြီး ဖြစ်နေသည်မို့ ...

"ဟဲလို ... ကျွန်မကားမှာ ဖုန်းနံပါတ်ပေးပြီး ဖုန်းဆက်ခိုင်းထားတဲ့လူလား မသိဘူး"

"ဟုတ်ပါတယ်၊ ကားနံပါတ် ပိုင်ရှင်ထင်တယ်"

သူမ ကားနံပါတ်ကိုသာသိပြီး သူမကို မသိသော လူလေများလား။

"ဟုတ်ကဲ့၊ ဘာကိစ္စရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဟိုတလောက ခင်ဗျားကားနဲ့ တိုက်မိတဲ့ကား ပိုင်ရှင်ပါ"

သူမဒေါသက ငွေ့ငွေ့ကလေး ပြန်ထွက်ချင်လာသည်။

"ဘာကိစ္စလဲ"

သူမအသံက လူ့ယဉ်ကျေးမပီသစွာ မာဆတ်သွားသည်။

"ခင်ဗျားဆီက ယူခဲ့တဲ့ပိုက်ဆံ ပိုနေလို့ ပြန်ပေးချင်လို့ပါ၊ ကားပြင်တာ နှစ်သောင်းပဲကျတယ်၊ တစ်သောင်းပိုနေလို့ ခင်ဗျားကို ဘယ်လိုဆက်သွယ်ရမလဲမသိ ဖြစ်နေတုန်း ခင်ဗျားကားကို တွေ့တာနဲ့"

"သဘောပေါက်ပြီ၊ ရပါတယ်၊ ငွေတစ်သောင်းနဲ့ နောက်ထပ် ရှုပ်ရှုပ်ယှက်ယှက်ကိစ္စတွေ ဖြစ်နေဦးမယ်၊ ကျွန်မ မလိုချင်တော့ပါဘူး"

တကယ်တော့ သူမ ရိုးရိုးသားသားရှာထားတဲ့ပိုက်ဆံကို တစ်ကျပ်ဖြစ်ဖြစ် တစ်ဆယ်ဖြစ်ဖြစ် သူမ မက်မောလှသည်။





"ဟာ ... မယူလို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော်ကလည်း သူများပိုက်ဆံကို ဘယ်လိုနည်းနဲ့မှ အလကားယူတတ်တဲ့လူ မဟုတ်ဘူး"

ကြီးကျယ်လိုက်တာဟု စိတ်ထဲက ပြောပစ်လိုက်သည်။

"ယူထားပြီးမှတော့ လာပြောမနေနဲ့၊ ကျွန်မလက်ထဲ အဲဒီပိုက်ဆံက အလိုလို ရောက်လာရင်ယူမယ်၊ ကျွန်မက လာယူဖို့တို့ ကျွန်မကို လာပို့ပေးဖို့တို့ ဆိုရင်တော့ ဇယားရှုပ်တယ်"

"ဟ ... ခင်ဗျား တော်တော် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာပဲ"

သူမအတွက် သူမကို သူမကိုးကွယ် အထင်ကြီးတာ အဆန်းမဟုတ်ပေ။

"ကျွန်မသိက္ခာကို ကျွန်မ ကာကွယ်တာလို့ပဲ မြင်တယ်"

"ခင်ဗျားသိက္ခာကို ကာကွယ်တာက တစ်ဖက်လူရဲ့ကိုယ်ကျင့်တရားကို စော်ကားသလို ဖြစ်နေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



သူမ မသိတဲ့ လူတစ်ယောက်ရဲ့သိက္ခာကို သူမက ဘယ်လိုယုံကြည် ထိန်းသိမ်းပေးရမှာပါလိမ့်။

"တော်ပြီဗျာ၊ ခင်ဗျားပိုက်ဆံ ခင်ဗျားမလိုချင်လည်း မတတ်နိုင်ဘူး၊ ဒါပေမဲ့ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ တွေ့ရင်တော့ ကျွန်တော် မဖြစ်ဖြစ်အောင် ပြန်ပေးမယ်"

ဒေါသတကြီးပြောပြီး ဖုန်းချသွားသဖြင့် သူမအနိုင်ပိုင်းပြီး ပြုံးလိုက်မိသည်။

✧❤✧





"မေပို ... ငွေပြောစရာရှိလို့ ဝင်လာလို့ ရမလား"

ရုံးကကိစ္စတွေ လုပ်ပြီးသွားပြီဖြစ်၍ စာအုပ်လှဲဖတ်နေစဉ် ငွေက အခန်းအပြင်ဘက်မှ တံခါးခေါက်ပြီး ပြောလိုက်သဖြင့် ...

"ရတယ် ငွေ၊ ဝင်လာလေ"

ငွေ့လို သင်တန်းပေါင်းစုံ မတက်နိုင်သဖြင့် စာအုပ်တွေကိုသာ ဝယ်ဖတ်ပြီး လေ့လာနေရခြင်းဖြစ်သည်။

"ဘာစာအုပ်လဲ မေပို"

ငွေက သူမချထားသော စာအုပ်ကို ကောက်ကြည့်၍ မေးလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"[illegible] _ ပြင်သစ်စကားပြောစာအုပ်ပဲ မေပျို၊ ပြင်သစ်ဘာသာကို စိတ်ဝင်စားရင် ငွေနဲ့လိုက်တက်ပါလား"

နိုင်ငံခြားငွေနဲ့ တက်ရသော ငွေ့သင်တန်းကို သူမ လိုက်မတက်နိုင်ပါ။

သူမ ခေါင်းခါ၍ ပြုံးပြလိုက်ပြီး ...

"ဘာပြောမလို့လဲ ငွေ"

ငွေက သူမကို ရှက်ပြုံးငွေ့ငွေ့ဖြင့် ချီတုံချတုံဖြစ်နေသည်။

မပွင့်တပွင့် ဖြစ်နေသည့် ငွေ့ပုံစံကိုကြည့်ပြီး ငွေပြောမယ့်စကားကို သူမ နည်းနည်းရိပ်မိသလိုလို ဖြစ်လာသည်။

ပန်းနုရောင်ပြေးနေသည့် ငွေ့မျက်နှာပေါ်က ရှက်ရိပ်ထဲတွင် ငွေ့ရင်ခုန်သံကိုပါ ကြားနေရသလိုပင်။

"ဘာလဲ ငွေ၊ ချစ်သူတွေ့နေပြီလား"

ပြောဖို့တွန့်ဆုတ်နေသည့် ငွေ့ကို သူမကပဲ အစဖော်မေးလိုက်ရသည်။

ဒီလိုပြောလိုက်တော့လည်း ငွေက ဖျာပျာသလဲနှင့်...





"ဟို ... အဲဒီလိုလည်း မဟုတ်သေးဘူး မေပျို့ရဲ့၊ ဘယ်လိုပြောရမလဲ မသိဘူး၊ ငွေကိုယ်တိုင်လည်း ဘာတွေဖြစ်နေမှန်း မသိပါဘူး မေပျို့ရယ်"

ဘာတွေဖြစ်မှန်း ကိုယ့်ကိုယ်ကိုယ် မသိခြင်းကပင် အဖြေတစ်ခု ဖြစ်နေသည်။

"ငွေ့ကို လူတစ်ယောက် အမြဲစောင့်ကြည့်နေတယ် သိလား၊ ငွေ ကြည့်လိုက်တိုင်း သူနဲ့ အကြည့်ချင်းဆုံမိတယ်"

ငွေ့ဆီက မကြားဖူးသောစကားဖြစ်၍ ငွေ စိတ်ထဲ လေးလေးနက်နက် ဖြစ်နေတာ သတိထားလိုက်မိသည်။

"ဒါကြောင့် ငွေ အလှတွေ ပိုပြင်နေတာပေါ့"

သူမ စကားကြောင့် ငွေ့မျက်နှာက ရဲခနဲ ဖြစ်သွားပြီး မနေတတ်သလို ခေါင်းငုံ့သွားသည်။

ဒီလောက် အရှက်သည်းနေတဲ့ ငွေ့ကို တစ်ခါမှ မမြင်ဘူး၊ ငွေ့ရင်ထဲ ထိုလူရောက်နေတာ သေချာနေပြီထင်။

"သူဘယ်သူလဲ၊ ဘာလုပ်လဲ၊ ငွေ သူ့အကြောင်း သေသေချာချာသိလား"



www.burmeseclassic.com

www.burmeseclassic.com



အတူနေ သူငယ်ချင်းဖြစ်၍ သိသင့်တာတွေကို မေးလိုက်စဉ် ...

ငွေက ဖြည်းလေးစွာ ခါလိုက်ပြီး ...

"ဟင့်အင်း ... ငွေ သင်တန်းကဆင်းတိုင်း စောင့်ကြည့်နေတတ်တာကလွဲလို့ ငွေ ဘာမှမသိဘူး၊ ဒါပေမဲ့ သူ့မျက်လုံးတွေက သူ လူကောင်းတစ်ယောက် ဆိုတာတော့ ပေါ်လွင်နေတယ်"

ဒီလောက်ရိုးအတဲ့ငွေက လူတစ်ယောက်ရဲ့မျက်ဝန်းထဲကနေ ထိုလူရဲ့ကာရိုက်တာကို သိနိုင်တယ်တဲ့လား။

အ,လိုက်တဲ့ ငွေ။

"သူ စောင့်ကြည့်နေတာ ငွေ့ကိုပါလို့ ငွေ ဘာကြောင့် အတပ်ပြောနိုင်ရတာလဲ"

အားနာစရာကောင်းတဲ့ မေးခွန်းပေမယ့် ငွေ့ကို ဆင်ခြင်တရားတစ်ခုခု ထည့်ပေးနိုင်သည်ထင်၍ မေးလိုက်သည်။

"သူ့မျက်လုံးတွေက ငွေ့ကိုမြင်ရင် အရောင်တောက်ပပြီး ငွေ့ကို ပြုံးကြည့်နေတတ်တယ်လေ"





ကြည်နူးနေတဲ့ ငွေ့ရဲ့မျက်နှာပေါ်မှာ လှပတဲ့အပြုံးကို တွေ့ရသည်။

ဒီလိုနူးညံ့တဲ့ ကြည်နူးမှုမျိုးကို သူမလည်း ခံစားချင်လိုက်ပါဘိ။

"ငွေ ... ငွေ ... အဲဒီလူကို ရင်ခုန်နေတာလားဟင်"

သူမကို အားကိုးတကြီး မေးလာတဲ့ ငွေ့ကို သူမ လှောင်ပြုံး ပြုံးလိုက်မိပြီး ...

"ငွေကိုယ်တိုင်တောင် မသိရင် မေပျိုက ဘယ်လိုလုပ်သိမှာတဲ့လဲ"

ငွေက ဝန်ခံသလို ငြိမ်နေပြီးမှ ...

"ပြောသာ ပြောရတာပါ၊ ငွေက လွတ်လွတ်လပ်လပ် ရင်ခုန်လို့မှ မရတာ"

ငွေ့ကို ချစ်သူမထားရဆိုတဲ့ စည်းကမ်းချက်နှင့် အတူ ချစ်သူထားရင် နိုင်ငံခြားကို လိုက်လာရမည်ဆိုသည့် ခြိမ်းခြောက်ကိုပါ ငွေ့မိဘများက ချမှတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်မှာပဲ နေလိုသေးတဲ့ ငွေ့အတွက် ချစ်သူမထားဘဲ နေရှုံသာရှိသည်။

"မေပျို့ကိုပဲ အားကျတယ်ကွာ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေပြီး ကိုယ့်ဘာသာကိုယ် ယုံကြည်ရာကို လျှောက်လို့ရတဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက် ချနိုင်တဲ့ အခွင့်အရေးရှိတယ်"

သူမကတော့ ငွေ့ကို အားကျသည်။

ဒါပေမဲ့ ငွေ့ကို ထုတ်ပြောဖြစ်မှာတော့ မဟုတ်။

လိုတရနေတဲ့ ငွေ့ဘဝကို ဘယ်သူအားမကျဘဲနေနိုင်ပါ့မလဲ။

ချစ်သူထားခွင့်လေး တစ်ခုသာ ဆုံးရှုံးနေရတယ်ဆိုပေမယ့် သူမအတွက် အချစ်ဆိုတာကို ဦးနှောက်ရဲ့အောက်ဆုံးအဆင့်မှာပဲ ထားရှိမှာမို့ ဒါကို ဆုံးရှုံးမှုတစ်ခုလို့ မှတ်ယူထားမှာမဟုတ်။

"ငွေ သူ့မျက်လုံးတွေကို အမြဲမြင်ယောင်နေတယ်၊ ကြည်လင်တောက်ပပြီး ဩဇာအပြည့်ရှိနေတဲ့ မျက်လုံးမျိုးပဲ"





ငွေက သူမခုတင်ပေါ် လှဲချလိုက်ပြီး မျက်နှာကြက်ကို မော့ကြည့်၍ ခပ်တိုးတိုး ပြောနေတာ တွေ့လိုက်ရသည်။

ငွေက ကျယ်ပြောတဲ့ ကောင်းကင်ကြီးကို ကျဉ်းချုံ့လိုသူလား မသိ။

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အသစ်ဖွင့်မည့် Shopping Mall တစ်ခုမှာ သူမတို့ကုမ္ပဏီက ကောင်တာတစ်ခုငှားရန် စာချုပ်,ချုပ်ရမည့်ရက် ဖြစ်ပြီး စာချုပ်ကို ကုမ္ပဏီကိုယ်စားပြု သူမက သွားချုပ်ရမည် ဖြစ်သည်။

အရေးကြီးသည့်ရက်ဖြစ်၍ သူမကို သူမ အသပ်ရပ် ဆုံးနှင့် စမတ်ကျဆုံးဖြစ်အောင် ပြင်ဆင်နေမိသည်။

သိပ်မကြာသေးခင်က ငွေ့မိဘတွေ ပို့ထားသော စကတ်နှင့် ပန်းနုရောင်ချည်ဇာ လွလွလေးကို ကိုယ်အတိ ချုပ် ထားသော အင်္ကျီလေးက သူမကိုယ်ပေါ်မှာ ချပ်ချပ်ရပ်ရပ်နှင့် ဝင်ကြွားလျက်။

ပန်းနုရောင်စကတ်နှင့် ပန်းနုရောင်အင်္ကျီဖြစ်၍ သူမ တစ်ကိုယ်လုံး ပန်းရောင်နှင်းဆီပန်းပွင့်လေးလို ထောက်ပနေမိလျက်။



"လှလိုက်တာ မေပျို့ရယ်"

ရုံးသွားခါနီး ပြင်ဆင်ထားတဲ့ သူမကိုကြည့်ပြီး ငွေ က လိုက်လိုက်လှဲလှဲ ချီးကျူးနေသည်။

နာမည်ရှိသော Brand ဖြစ်၍ ဝတ်စုံလေးက ဝတ် ဆိုက်သည့်လူကိုပါ ခန့်ထည်လှပနေစေသည်။

"ကျေးဇူးပဲ ငွေ၊ ဒီနေ့ မေပျို့ စာချုပ်တစ်ခု သွားချုပ်စရာ ရှိတယ်လေ"

"သိပါတယ်၊ မေပျို့ အထူးလှနေကတည်းက ဒီနေ့ အရေးကြီးတဲ့ကိစ္စတစ်ခုခု ရှိမယ်ဆိုတာ"

ငွေက သူမလွယ်ထားတဲ့ ပိုက်ဆံအိတ်ကြိုးကို အဆင် ပြေဖြစ်အောင် ပြင်ပေးရင်း ပြောသည်။

"ဩော် ... ဒါနဲ့ ဒီနေ့ မေပျို့အမေဆီက ဖုန်းလာမလား မသိဘူး၊ ဖုန်းလာရင် ငွေပဲ မေပျို့ကိုယ်စား ပြောပေးထား ပါဦး၊ မေမေလာမယ်ဆိုရင် ဒီရက်တွေ မေပျို့မအားသေး လို့ အဆင်မပြေသေးဘူးလို့ ပြောပေးပါနော်"

ငွေက ခေါင်းညိတ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငွေ အားနေတာပဲကွယ်၊ ပြီးတော့ ကြီးကြီးလာရင် ဘာဝန်ထုပ်ဝန်ပိုးမှ မပေးတာမဟုတ်ဘူး၊ ငွေတို့ကိုတောင် ဟင်းကောင်းကောင်း ချက်ကျွေးတတ်သေးတာပဲ"

ဘာမှ ကျယ်ကျယ်ပြန့်ပြန့် မသိရှာသည့် ငွေက စိတ်ရင်းအတိုင်း သူမအမေကို လာစေချင်နေသည်။

သူမကတော့ မေမေ အပြန်ပေးလိုက်ဖို့ စုထားဆောင်းထားတဲ့ ပိုက်ဆံမရှိသေး၍ မလာစေချင်သေး။

ခုတလော သူမ ဘာတွေ အသုံးကြမ်းနေမိသည်မသိ။

အပိုအသုံးအစွဲတွေ လျှော့ဦးမှပဲ တွေးထားသော်လည်း မြင်ရင် မဝယ်ရ မနေနိုင်သည့် လောဘကြောင့် သူမမှာသာ ပစ္စည်းတွေ တိုးတိုးလာသည်။ အိမ်အတွက် ပိုက်ဆံမစုဖြစ်။

"ဒါပေမဲ့ မေမေ့ကို ဟိုပို့ဒီပို့ပေးဖို့ မေပျို့ မအားသေးဘူး ငွေရယ်၊ ကဲ ... ကဲ ... မေပျို့ နောက်ကျတော့မယ်၊ သွားပြီ"

မနက်စောစောထပြီး ရေဆေးထားသည့် ကားလေးပေါ် ကပျာကယာတက်ပြီး ထွက်လာခဲ့လိုက်သည်။





သူမရဲ့ပုံစံကိုကြည့်ပြီး ငယ်ငယ်က အညာမှာ ဖုန်တလူးလူးနဲ့ မန်ကျည်းသီးကောက်ခဲ့တဲ့ ကောင်မလေးပါလို့ပြောရင် ဘယ်သူ ယုံမလဲ။

ဘယ်သူမှ ယုံမှာမဟုတ်သလို သူမကလည်း သူမရဲ့ဘဝမှန်ကို ငွေကလွဲပြီး ဘယ်သူ့ကိုမှ ပြောမည်မဟုတ်။

သူမကတော့ သူမကောင်းကင်ကို ကျယ်ပြောလိုသူဖြစ်သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားသည့်အချိန်က ဆယ်နာရီဖြစ်ပြီး သူမ ရုံးခန်းဝသို့ ရောက်ရှိသွားချိန်သည် ဆယ်နာရီထိုးဖို့ ငါးမိနစ်ဖြစ်သည်။

ငါးမိနစ်ကို အောင့်အည်းသည်းခံပြီး ဆယ်နာရီတိတိမှ သူမအခန်းတံခါးကို ခေါက်လိုက်သည်။

အမျိုးသားတစ်ယောက်က တံခါးဝမှာပေါ်လာပြီး ...

"ဪ ... Tophill ကုမ္ပဏီကထင်တယ်"

သူမအင်္ကျီရင်ဘတ်က ကုမ္ပဏီတံဆိပ်ကိုမြင်ပြီး မေးလိုက်တာ တွေ့ရသည်။

"ဟုတ်ပါတယ်၊ ဒီနေ့ စာချုပ်ဖို့လာတာပါ"

"ဟုတ်ကဲ့ခင်ဗျာ၊ ဒီနေ့ ကုမ္ပဏီအားလုံးနဲ့ စာချုပ်မှာပါ၊ Tophill ကို အရင်ဆုံး ချိန်းထားတာပါ"





ကုမ္ပဏီပေါင်းများစွာနဲ့ အလုပ်လုပ်ရတဲ့အထဲမှာ သူမတို့ကုမ္ပဏီကို အရင်ဆုံး ချိန်းထားသည့်အတွက် သူမကျေနပ်သွားသည်။

ကျယ်ဝန်းတိတ်ဆိတ်သည့် အခန်းထဲသို့ သူမကို ခေါ်သွားစဉ် Violet Shopping Mall ပုံစံငယ်လေးကို စားပွဲပေါ် ခင်းကျင်းထားပြီး ဆိုင်ခန်းတွေအလိုက် နံပါတ်လေးတွေ တပ်ထားတာ တွေ့ရသည်။

ပုံစံငယ်စားပွဲကြီးရဲ့ တစ်ဖက်မှာတော့ ညှော်ခံသည့် ဆက်တီတစ်စုံ။

ဆက်တီရဲ့အနောက်မှာမှ အလုပ်လုပ်သော စားပွဲတစ်ခုကို တွေ့ရသည်။

MD ထိုင်ခုံပေါ်မှာ လူမရှိသည့်အတွက် သူမ ဝေ့ဝဲကြည့်လိုက်စဉ် အတွင်းခန်းတစ်ခုမှ ထွက်လာသော လူတစ်ယောက်။

စောစောက သူမကို တံခါးလာဖွင့်ပေးသော အမျိုးသားက သွားခေါ်လိုက်ခြင်း ဖြစ်မည်ထင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူမကို သေသေချာချာ လှမ်းကြည့်လိုက်သည့် ထို မျက်ဝန်းကို သူမလည်း ချက်ချင်းမှတ်မိသွားသည်။

အံ့သြလွန်း၍ သူမ တစ်ကိုယ်လုံး အေးစက်ရှိန်းမြ သွားသည်။

ဘာပြောရမလဲ မသိသလို ...

ဘယ်လိုရင်ဆိုင်ရမလဲ ဆိုတာကိုလည်း မသိတော့။

တတ်နိုင်ရင် သူမ တစ်ကိုယ်လုံး သေးချုံ့ပြီး ပျောက်ကွယ်ပုန်းလျှိုးနေလိုက်ချင်သည်။

သူ့နှုတ်ခမ်းပေါ်က အပြုံးရိပ်ရိပ်ကို တွေ့ရပြီး ထို အပြုံးက လူကြီးလူကောင်းဆန်တဲ့ အပြုံးဖြစ်၍ သူမ နည်းနည်း နေရသက်သာသွားသည်။

"ထိုင်ပါ ခင်ဗျာ"

သူမကို သူ့စားပွဲရှေ့မှာ ထိုင်ခိုင်းပြီး သူ့တပည့် အမျိုးသား ယူလာပေးသော ဖိုင်တွဲတစ်ခုကို သေချာဖတ်ကြည့်နေတာ တွေ့ရသည်။



"Top Hill က အရောင်းဝန်ထမ်းကို ကိုယ်တိုင်ခန့်မှာဆိုတော့ ဝန်ထမ်းတွေကော ရွေးပြီးသွားပြီလား"

ရှင်းရှင်းပြောရလျှင် အဟောင်းတစ်ယောက်နှင့် အသစ်နှစ်ယောက်လောက်ကို တွဲပြီးလုပ်ခိုင်းမည်ဟု စီစဉ်ထားသော်လည်း ဝန်ထမ်းသစ်ကို မရွေးရသေး။

နှစ်ယောက်တည်းသာ လိုမည်ဖြစ်၍ ဝန်ထမ်းဟောင်းမိသားစုဝင်များမှ ပြန်ခေါ်ရန် စိတ်ကူးထားသည်။

"မရွေးရသေးဘူးရှင့်၊ ဒါပေမဲ့ Shopping Mall ဖွင့်တာနဲ့ ကျွန်မတို့ ကောင်တာစဖွင့်နိုင်အောင် စီစဉ်ထားပါတယ်"

သူက သူမရှေ့သို့ ဖိုင်တွဲလေးကို ကမ်းပေးရင်း ...

"ကျွန်တော်တို့က ကိုယ့်ဝန်ထမ်းတွေကို Shopping Mall မဖွင့်ခင် သင်တန်းပေးဦးမှာပါ။ အဲဒီသင်တန်းကို ကုမ္ပဏီပိုင် ဝန်ထမ်းတွေပါ တက်ခိုင်းမှာဖြစ်လို့ Tophill ကုမ္ပဏီဘက်က ဝန်ထမ်းအသင့်စီစဉ်ပေးထားရင် ပိုအဆင်ပြေပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုရှည်မွန်တည်ကြည်တဲ့ ယောကျ်ားတစ်ယောက်နဲ့ သူက ခပ်လွယ်လွယ် စကားများခဲ့တာ နောင်တရစွမ်းမဆုံး။

ရက်ပြီး သေပစ်လိုက်ဖို့ ကောင်းသည်ဟု လုပ်ငန်းနဲ့ မဆိုင်တာကို တွေးမိလိုက်သေးသည်။

"ဟုတ်ကဲ့ ... ကျွန်မတို့ဝန်ထမ်းကို သင်တန်းကို တက်ဖြစ်အောင် စီစဉ်ပေးပါ့မယ်"

စာချုပ်ပါ စည်းကမ်းချက်တွေကို သိပြီးဖြစ်သော်လည်း အလုပ်သဘောအရ သေချာအောင် ပြန်ဖတ်ပြီး အသင့်ယူလာသော ပိုက်ဆံကို သူ့တပည့်ထံ ကမ်းပေးလိုက်သည်။

ငွေရေစက်ထဲသို့ ပိုက်ဆံများကို ထည့်ရေနေစဉ် ...

"ဟို ... ကျွန်မ"

သူမ ထစ်ထစ်ငေါ့ငေါ့ဖြင့် တောင်းပန်ရန် စကားစလိုက်စဉ် သူက လက်ကာပြပြီး ...

"ကျွန်တော်တို့ အလုပ်ကိစ္စပဲ ပြောရအောင်"

သူမ အောင့်သက်သက်နဲ့ နှုတ်တွေစေ့ပိတ်သွားရသည်။





ရက်လွှန်း၍ aircon ကြောင့် အေးစိမ့်နေတဲ့ အခန်းထဲမှာ ပူစပ်ပူလောင် ဖြစ်နေမိသည်။

"ပြည့်ပါတယ် ဆရာ"

လူက ခေါင်းညိတ်ပြပြီး ...

"အံဆွဲထဲမှာ အထုပ်ခြေတစ်ခုထဲက ပိုက်ဆံတစ်သောင်း ယူလာပေးပါဦး"

သူမ ထပ်ပြီးနေရခက်လာသည်။

သူ့တပည့် ယူလာပေးတဲ့ ပိုက်ဆံကို သူက သူမဆီ ကမ်းပေးလိုက်ပြီး ...

"ကျွန်တော် ပြန်ပေးရမယ့် ပိုက်ဆံပါ"

သူမ အားနာစွာ လှမ်းယူလိုက်မိသည်။

"ကျွန်မ အဲဒီကိစ္စအတွက် ..."

ဒီတစ်ခါတော့ သူ့ဆီ နှုတ်ခမ်းဆီမှာ လှောင်ပြုံးလိုလို အပြုံးတစ်ခု ဖြတ်ပြေးသွား၍ သူမစကားတွေက ဆက်မထွက်ဘဲ တွန့်ဆုတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ဖြစ်တတ်တဲ့ကိစ္စပဲ၊ အထူးသဖြင့် ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးပြီး ယုံကြည်မှုလွန်ကဲတဲ့ သူတွေဆီမှာ ဒီလို ဘုကျကျ အတွေးအခေါ်နဲ့ စိတ်ဓာတ်တွေရှိတတ်တာ သဘာဝပဲလေ"

ခံဟ ... ဟု သူမကိုယ်သူမ အားပေးလိုက်ရသည်။

ထိုစဉ် တံခါးခေါက်သံကြားရသဖြင့် သူ့တပည့်လေးက ထသွားပြီး ...

"ဆရာရေ ... နောက်တစ်ဦးလာပြီ"

သူမအတွက် ကိစ္စလည်းပြီးပြီဖြစ်၍ ထပြန်ရုံသာရှိတော့သည်။

တောင်းပန်ဖို့ဆိုတာကတော့ တစ်ချိန်ချိန်မှာလည်းဖြစ်နိုင်သည်။ လုံးဝမတောင်းပန်မိတာမျိုးလည်း ဖြစ်နိုင်သည်ဟု တွေးပြီး ...

"ခွင့်ပြုပါဦး"

သူ ခေါင်းညိတ်လိုက်စဉ် သူမ လှည့်ထွက်လာခဲ့လိုက်သည်။



လူတစ်ယောက်ကို အမြင်နဲ့ ခပ်ပါးပါး ဆုံးဖြတ်ခဲ့မိသည့် သူမအကျင့်ကို သူမ ကောင်းကောင်း သတိပေးရဦးမည်ဟု တွေးမိလိုက်သည်။

✧❤✧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ပြန်သွားသည့် အမျိုးသမီးနောက်ကျောကိုကြည့်ပြီး အောင့်ထားရသည့် အပြုံးကို လွှတ်လပ်စွာ ပြုံးလိုက်မိသည်။

"ဆရာ သူ့ကို ပိုက်ဆံတစ်သောင်း ပြန်ပေးလိုက်တာ ဘာဖြစ်လို့လဲ"

မျိုးနိုင်က ပိုက်ဆံများကို အံဆွဲထဲမှာ အစီအရီသိမ်းနေရင်း လှမ်းမေးသည်။

"ငါ တစ်ခါပြောဖူးတယ်လေကွာ၊ မင်းကားနဲ့ တိုက်မိတဲ့ ကားပိုင်ရှင် အမျိုးသမီးပေါ့"

ဝါသနာအရ ဘောလုံးသွားကန်ပြီး အပြန်ကားပျက်သဖြင့် မျိုးနိုင်ကိုခေါ်ပြီး မျိုးနိုင်ကို သူ့ကားနှင့်ထားခဲ့ပြီး သူက မျိုးနိုင်ကားနဲ့ ပြန်လာစဉ်ကဖြစ်သည်။



တော်တော်လှသည် ဆိုတာကလွဲ၍ ဘယ်လိုမှ မခံစားရသော သူ့ကို အထင်အမြင်သေး စွပ်စွဲချက်များဖြင့် စွပ်စွဲခဲ့သော ထိုအမျိုးသမီးကို ပြဿနာဖြစ်သည့်နေ့က ဒေါသထွက်ခဲ့သော်လည်း အလျော်တောင်းရန် စိတ်ကူးမရှိ။

တစ်ဖက်သားအပေါ် မလိုအပ်ဘဲ မောက်မာနေသည့်အတွက် စိတ်ချဉ်ပေါက်ပြီး လျော်ကြေးတောင်းခဲ့ခြင်းသာဖြစ်သည်။

"ဪ ... သူလား၊ တော်တော်လှတယ်နော် ဆရာ"

သူ ခေါင်းညိတ်ပြလိုက်ပြီး ...

"အေး ... အဲဒီအလှကြောင့် သူက သူ့ကိုယ်သူ သိပ်အထင်ကြီးနေတာဖြစ်မယ်၊ ယောကျ်ားတိုင်းက သူ့အလှကို မက်မောကြတယ်ဆိုပြီးတော့လေ"

မျိုးနိုင်က ဆရာ့တပည့်ရင်းပီပီ စပ်ဖြီးဖြီးလုပ်ပြီး ...

"မက်လည်း မက်လောက်အောင် လှတာကိုး ဆရာရ"

သူ မက်မောသည့်အလှက ဒီလိုအလှမျိုးမဟုတ်လို့ မျိုးနိုင်ကို မရှင်းပြဖြစ်တော့။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... နောက်မှ မက်ချင်မက်ကွာ၊ လောလောဆယ် နောက်တစ်ဦး ရောက်နေတာ ခေါ်လိုက်ပါဦး"

မျိုးနိုင်က ခေါင်းညိတ်ပြီး နောက်တစ်ဦးကို ခေါ်လိုက်တာ တွေ့ရသည်။

ချိန်းထားသည့်အချိန်နှင့် ကွက်တိရောက်အောင် လာနိုင်သော သူမရဲ့အရည်အချင်းကိုတော့ သူ စိတ်ထဲက ချီးကျူးလိုက်မိသည်။

✧ ❤ ✧



လှုပ်လီလှုပ်လဲ့နှင့် သူ့အရိပ်လေး ရောက်လာတာနဲ့ သူ့ကောင်းကင်တစ်ခုလုံး ပြာကြည်တောက်ပသွားသည်။

ခြေလှမ်းညီညီနဲ့ ခေါင်းငုံ့လျှောက်လာနေတဲ့ ဒီအမျိုးသမီးလေးကို စမြင်တုန်းက သဘောကျ နှစ်သက်ရုံသာ ရှိခဲ့ပေမယ့် နောက်နေ့ ဒီအချိန်တိုင်းမှာ သူ့နှလုံးသားက ထိုအမျိုးသမီး ဆီးရှိရာကိုသာ တမ်းတနေတတ်သဖြင့် အံ့ဩခုံမင်စွာနဲ့ သူ့နှလုံးသားအလိုကိုသာ လိုက်ခဲ့မိလိုက်သည်။

သူရှိနေတတ်သည့် နေရာကို မျက်လုံးဝိုင်းလေးက ခဲ့တာရဲ့ ဝေ့ပြီးကြည့်လိုက်စဉ် သူ့အကြည့်တွေနဲ့ တန်းခနဲ။

ရင်ခုန်တမ်းမောရတဲ့ ဒီစက္ကန့်လေးတွေကို သူ ...ော်မောလှချည့်။

www.burmeseclassic.com

www.burmeseclassic.com



ပြုံးယောင်ယောင်လေး ကြည့်မိစဉ် နှုတ်ခမ်းလေးက ခပ်ဟဟလေးဖြစ်သွားပြီး ရှက်ရွံ့စွာခေါင်းငုံ့သွားတာ တွေ့ရသည်။

တစ်ခုခု စကားပြောဖို့ ကြိုးစားမိပေမယ့် ပိုရှက်ပြီး ပျောက်ကွယ်သွားလေမလားဟု စိုးရိမ်မိ၍ ဘာစကားမှ မပြောရဲ။

ဒီလှုပ်လီလှုပ်လဲ့ အရိပ်လေး ပျောက်ကွယ်သွားမှာကို သေမလောက် သူစိုးရိမ်လှသည်။

တစ်ခါတလေ အရိပ်လေးကို မတွေ့ရသည့်ရက်တွေမှာတောင် သူ အနေရခက်ပြီး ရင်ထဲ ဟာတာတာနဲ့ လွမ်းဆွတ်၍မဆုံး။

သူ့အဖြစ်က ရယ်ချင်စရာကောင်းပေမယ့် သူ့လေးနက်မှုကို သူ ယုံကြည်၍ သူ့ကိုယ်သူပင် မလှောင်ရဲ။

ဟော ... အရိပ်လေးက သူ့ဆီတစ်ချက် ထပ်ကြည့်ပြီး ခေါင်းငုံ့၍ ခပ်သွက်သွက်လျှောက်သွားသည်။

ချည်သားအပြာနုရောင်လေးနဲ့ နောက်ကြောပေါ်က ပြောင်နက်နေတဲ့ ဆံနွယ်နုနုလေးက နွဲ့ယိမ်းပြီး သူ့ကိုနှုတ်ဆက်သွားသည်။



ဒီလိုနဲ့ပဲ သူ့ရဲ့မျှော်တော်ယောင်ရက် တစ်ရက်ပြီးဆုံးသွားပြန်သည်။

သူ့ရဲ့ကောင်းကင်ပြာလေးကို ငေးမောပြီးမှ တစ်နေ့တာအတွက် သူ့ခွန်အားတွေ ပြည့်ဝသွားသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး အလိုမကျမှုတွေနဲ့ သူမအလုပ်လုပ်ရတာ အဆင်မပြေ။

ရင်ထဲ မကျေမနပ် ဖြစ်နေသည့် ခံစားချက်က မနက်ကတည်းက ဖြစ်ပေမယ့် တစ်နေ့လုံးနေလို့မရ။

သူမကိုယ်သူမ အပြစ်တင်ရမှာလား၊ ဒီလိုဖြစ်လာတဲ့ အခြေအနေကို အပြစ်တင်ရမှာလားမသိ။

သေချာတာကတော့ သူမ လှလှပပကြီးအရှက်ကွဲခဲ့ခြင်းပင်။

သူမ ပျစ်ပျစ်နစ်နစ် ဝေဖန်အပြစ်တင်ခဲ့တဲ့သူက သူမကို လှောင်ပြုံးငွေ့ငွေ့လေးမျှဖြင့် အထက်စီးက ပြုံးပြခဲ့သည်ကို သူမ ခံရခက်မဆုံး။





မျက်နှာအပိုရှိလို့ကတော့ သူ့ရှေ့က သူမမျက်နှာကို လွှင့်ပစ်ခဲ့မိမှာ သေချာသည်။

ခုတော့ ...။

"မေပျို့ရေ ... မေပျို့လာအပ်တဲ့ စာရင်းတွေ မှားနေလို့ မမျိုးဆီ ခဏလာပေးဦးကွာ"

မမျိုးက ဖုန်းဆက်ပြီးခေါ်သဖြင့် စာရင်းတွေတွက်နေတဲ့ မမျိုးဆီ ရောက်သွားစဉ် ...

"ဘယ်လိုဖြစ်တာလဲ၊ တို့ မေပျို့က မမှားစဖူး စာရင်းတွေ မှားနေလို့ အံ့သြနေတာ"

သူမအသက်မပါသလို ပြုံးလိုက်တာကို မမျိုးက ရိပ်မိသွားပုံဖြင့် ...

"ဘာဖြစ်လို့လဲ မေပျို့၊ နေမကောင်းဘူးလား"

"ကောင်းပါတယ် မမျိုးရယ်"

မမျိုးက စပ်စုသူပီပီ သူမ ပြီးလွှယ်စီးလွှယ် ဖြေလိုက်တာကို မကျေနပ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ စိတ်နဲ့ ကိုယ်နဲ့ မကပ်သလိုပဲ စာရင်းတွေအမြဲတမ်း တိကျပါတယ်ဆိုတဲ့ မေမျိုးက အသေးအမွှားစာရင်းလေးတွေကို မှားနေတယ် ဆိုတော့"

သူမ မမျိုးကို အောင့်သီးအောင့်သက် ပြုံးပြလိုက်ပြီး…

မမျိုးရှေ့က သူမလုပ်ထားသည့် စားရင်းစာရွက်ကို လှမ်းယူကြည့်လိုက်သည်။

ဟုတ်ပါရဲ့၊ သာမန်အပေါင်းအနုတ်လေးကိုတောင် သူမ လွဲချော်နေသည်။

"စိတ်ပျက်လိုက်တာ"

သူမကိုယ်သူမ ညည်းညူရင်း မမျိုး ရှေ့ကထွက်လာစဉ် မမျိုး အံ့သြစူးစမ်းတဲ့ အကြည့်တွေ သူမနောက်ကျောမှာ ကပ်ပါလာသည်။ ပြီးခဲ့သည့် အခြေအနေကို သူမ ဘာမကျေမနပ်ဖြစ်နေရတာပါလိမ့်။

သူ့ရဲ့အင်အားကြီးတဲ့ မျက်ဝန်းတွေကို သူမ ဘာဖြစ်လို့ ခုမှ အထင်ကြီးသလို ခံစားနေရတာလဲ။

✧ ❤ ✧





တိုက်ဆိုင်မှု ဆိုရင်တောင် သူမက ဒီတိုက်ဆိုင်မှုကို သူမအတွက် ကံကြမ္မာက ဖန်တီးပေးတဲ့ တိုက်ဆိုင်မှုဟု ယုံကြည်ထားလိုက်ချင်သည်။

Shopping Mall ဖွင့်ပွဲနေ့ကို သူမနဲ့ မမျိုး တက်ရပြီး ဖွင့်ပွဲအပြီး ဧည့်ခံရာတွင် သူမတို့ဝိုင်းတွင် သူ့ကိုတွေ့လိုက်ရသည်။

အံ့ဘုန်းမြတ် ဆိုတဲ့ သူ့နာမည်ကို သူမကုမ္ပဏီက ထွက်သော ဝန်ထမ်းများမှတစ်ဆင့် သူမ သိပြီးဖြစ်သည်။

အရင်ထိုင်နှင့်နေတဲ့ သူ့ဘေးမှာ နေရာလွတ်၌ထိုင်လိုက်ပြီးမှ ဘေးကလူကို ကြည့်မိစဉ် သူ ဖြစ်နေမှန်းသိရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ထိုင်နှင့်နေသူဖြစ်၍ သူမ အကြည့်မှာ ပင် အပြုံးနှင့် စောင့်နှင့်နေတာ တွေ့ရသည်။

ရင်ခုန်ချင်သလို ဖြစ်သွားပေမယ့် တကယ်ရင်ခုန် တာလား ကျေနပ်သွားတာလား သူမကိုယ်သူမ မသေချာ။

ရှပ်အင်္ကျီအဖြူလက်ရှည်နှင့် ခရမ်းရင့်ရင့် ပိုးလုံချည် ကို တွဲဝတ်ထားသဖြင့် ရှင်းသန့်နေတဲ့ သူ့အသွင်က မိန်းကလေး တိုင်း နှစ်သက်ရင်ခုန်မိမည်ထင်။

ဘာဖြစ်လို့ သူမနဲ့ စတွေ့စဉ်က ဂျစ်တစ်တစ် ကပိုကရို လူငယ်ပုံစံ မြင်ခဲ့ရတာပါလိမ့်။

စတွေ့သည့်နေ့အကြောင်း အတွေးရောက်သွားသည် နှင့် သူမတစ်ကိုယ်လုံး ရှက်စွံ့ပူနွေးသွားသည်။

"ကားမီးလုံးလဲတာ အဆင်ပြေရဲ့လား"

သူ့ဆီက သတိတရ အမေးကြောင့် သူမ နေရခက် သည့်ကြားက ကြည်နူးသွားသည်။

"ပြေပါတယ်၊ အသိဝပ်ရှော့ကပဲ ကားမော်ဒယ်လ်နဲ့မီးသီး ကို ရအောင်ရှာပေးခဲ့ပါတယ်"





ငွေ့ဆီက သိခဲ့ရသည့်အတိုင်း ဖြေလိုက်မိသည်။

"နောက်တစ်ခါ ကားမောင်းရင် အာရုံမများနဲ့ပေါ့ဗျာ၊ ဖြစ်သွားတော့ နှစ်ဖက်စလုံး ဘယ်ကောင်းပါ့မလဲ"

သူ့လေသံက လူကြီးတစ်ယောက်လို ချိန်ဆဆုံးမ နေသည့် အသံမျိုးဖြစ်နေသည်။

ဘာမှသိမထားသည့် မမျိုးကတော့ စပ်စုစူးစမ်းချင် စိတ်ကို အတင်းမျိုသိပ်ထားရသည့်ပုံ။

"ကဲ … သုံးဆောင်လိုက်ပါဦး၊ ကျွန်တော်ကတော့ တခြား ကိစ္စလေးတစ်ခု ရှိနေသေးလို့ ခွင့်ပြုပါဦး"

ပြောချင်တာပြောပြီး ပြန်သွားတဲ့ သူ့ကျောပြင်ကို ကြည့်ပြီး အားမလိုအားမရ ကျန်ခဲ့သူက သူမဖြစ်နေသည်။

ဘာမှသိမထားသည့် မမျိုးကတော့ စပ်စုစူးစမ်းချင် စိတ်ကို အတင်းမျိုသိပ်ထားရသည့်ပုံ။

"မဆိုးဘူးနော် မေပျို၊ မမျိုးကတော့ သေးကကြည့်ပြီး စိတ်ကူးရုပ်ရှင် ရိုက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



မမျိုးကို အသေးစိတ် မပြောပြဖြစ်ပေမယ့် အဖြစ်မှန်ကိုတော့ ခြုံ၍ပြောပြလိုက်သည်။

"ဟာ … မေပျိုကလည်း ဒါ အခွင့်အရေးပဲလေ၊ ဒီလောက် ရန်ကုန်မြို့မှာ ကားအများကြီးရှိတဲ့ထဲက မေပျို့ကားနဲ့ သူ့ကားက ဘာဖြစ်လို့ တိုက်မိရတာလဲ၊ ပြီးတော့ ဒီလောက် ချမ်းသာတဲ့သူက မေပျို့ဆီက လျော်ကြေးတောင်းတယ် ဆိုတော့ မေပျိုနဲ့ ဆက်ပြီးပတ်သက်ချင်လို့ပေါ့၊ ရှင်းနေ တာပဲ မေပျိုရေ၊ အမီအရ တွယ်ကပ်ထားတော့ကွယ်"

တကယ့်စေတနာလား မြှောက်ပြီး ထိုးချနေတာလား မသိပေမယ့် မမျိုးရဲ့စကားတွေမှာ သူမ သာယာသွားတာတော့ အမှန်ပင်။

ဒါပေမဲ့ သူ့အကြည့်တွေက သူမအပေါ် အေးစက်ပြီး သာမန်ခံစားမှုထက် မပိုတာ သူမ သိနေသည်။

ဘာပဲဖြစ်ဖြစ် သူမရဲ့အလှနဲ့ ရစ်ပတ်ဆွဲနှောင်ဖို့ သူမ ကြိုးစားကြည့်ချင်နေသည်။



ဒါ နှလုံးသားဆန္ဒလား။

ဦးနှောက်ဆုံးဖြတ်ချက်လား၊ သူမကိုယ်သူမ မဆန်းစစ်ချင်တော့။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး ပင်ပန်းထား၍ စောစောအိပ်မည် စိတ်ကူးပြီး အခန်းမီးကိုပိတ်လိုက်တော့မှ သူ့ဖုန်းက မြည်လာသည်။

ဖုန်းနံပါတ်ကို ကြည့်လိုက်စဉ် သူ မသိသောဖုန်းနံပါတ် ဖြစ်နေသည်။

“ဟဲလို”

“ကိုအံ့ဘုန်းမြတ်လား”

သူ မသိသောအသံက သူ့နာမည်ကို မေးနေ၍ အံ့သြသွားသည်။

“ဟုတ်ပါတယ်၊ ဘယ်သူပါလဲ ခင်ဗျာ”

တစ်ချက်ရယ်သံကြားလိုက်ရသည်။ ရယ်သံက ရှိုရှိုလွင်လွင် ဖြစ်သော်လည်း သူ မနှစ်သက်။



“ကျွန်မ သင်းမြတ်မေပျိုပါ”

“ဪ”

မှတ်မိခြင်းထက် အံ့သြခြင်းက ပိုသွားသည်။

သူ့ဆီ တကူးတက ဖုန်းဆက်ရလောက်တဲ့ အကြောင်းပြချက် သူမမှာ ရှိနေလို့လား။

“ပြောပါခင်ဗျာ၊ ကျွန်တော် မှတ်မိပါတယ်၊ Tophill ကုမ္ပဏီက မဟုတ်လား”

ခဏတိတ်သွားပြီး ...

“ကျွန်မကို ကားအက်ဆီးဒင့် ဖြစ်တုန်းက မချေမငံပြောခဲ့တဲ့သူအဖြစ် မှတ်မထားဘဲ Tophill က ဝန်ထမ်းအဖြစ် မှတ်ထားတဲ့အတွက် ကျေးဇူးတင်ပါတယ်”

သူမ စကားတွေက ထူးထူးဆန်းဆန်း။

အင်းလေ ... ကားကိစ္စ ဖြစ်ကတည်းက Over confident ဖြစ်နေသည့် သူမက ထူးဆန်းနေတာပဲ၊ ဒါ့အပြင် ထူးထူးဆန်းဆန်း လှနေသူလည်း ဖြစ်သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ ... ဖုန်းဆက်ရတဲ့ကိစ္စကို ပြောပါခင်ဗျာ”

“ဪ ... ကျွန်မ ခုထိ ကိုအံ့ဘုန်းမြတ်ကို မတောင်းပန်ရသေးလို့ပါ၊ တောင်းပန်ချင်ပေမယ့် ကိုအံ့ဘုန်းမြတ်က အခွင့်အရေးမပေးခဲ့တာရော၊ ကျွန်မ မာနက ခွင့်မပြုသေးတာရော ပေါင်းပြီး မတောင်းပန်ဖြစ်ခဲ့ဘူးလေ”

ပြီးခဲ့သည့်ကိစ္စကို သူမ ဘယ်အချိန်ထိ သယ်ဆောင်ထမ်းပိုးထားမှာပါလိမ့်။

“ကိစ္စမရှိပါဘူးဗျာ၊ တစ်ယောက်နဲ့တစ်ယောက် မသိသေးချိန်တော့ ဒီလိုပဲပေါ့၊ ဖြစ်တတ်ပါတယ်”

ပြောသာ ပြောလိုက်ရသည်။ လူတစ်ယောက်ကို အထင်ကြီးသည့် အကြည့်မျိုး သူမ မကြည့်တတ်တာလား။ ဒါမှ မဟုတ် ကိုယ့်ကိုယ်ကိုယ်ပဲ အထင်ကြီးနေတာလား။ ဒါမှမဟုတ် လူတွေကို အထင်သေးပြီး မယုံကြည်တတ်တာလား။ သူမဆီမှာ မေတ္တာခံ အားနည်းပြီး သံသယသိပ်များတတ်သည့် မျက်ဝန်းမျိုး ရှိနေသည်ဟု သူ ခံစားခဲ့ရသည်။





“အဲဒီကိစ္စအတွက် ကျွန်မ တရားဝင် တောင်းပန်ပါတယ် ကိုအံ့ဘုန်းမြတ်၊ တကယ့်ကို လေးလေးနက်နက် တောင်းပန်တာပါ”

သူမ တောင်းပန်တာက ရယ်စရာကောင်းသလိုပင်။

တကယ်လို့ သူက အံ့ဘုန်းမြတ် မဟုတ်ဘဲ တခြားလူဆိုရင်ရော၊ မဟုတ်သေးပါဘူး၊ Shopping Mall ပိုင်ရှင် အံ့ဘုန်းမြတ်ကို တောင်းပန်တာလား။

သူ့ဘာသာသူ တွေးပြီး ပြုံးမိလိုက်သည်။

“ကျွန်မ တောင်းပန်တာကို လက်ခံပြီး ကျွန်မတို့ မိတ်ဆွေတွေအဖြစ် နေကြရအောင်နော်”

သူမ သူ့ကို လိုလိုလားလား ခင်မင်ခွင့်တောင်းသည့် ဆန္ဒက ကျေနပ်စရာ ကောင်းသော်လည်း သူကတော့ လက်မခံချင်။

“ကျွန်မပြောတာ ကြားပါတယ်နော်”

သူမ ထပ်ပြီးပြောလိုက်သံကြောင့် အတွေးလွင့်သွားသည့် သူ့စိတ်ကို တည်ငြိမ်အောင် ပြန်ဖမ်းလိုက်ပြီး ...

www.burmeseclassic.com



“ဟုတ်ကဲ့ ကြားပါတယ်၊ တောင်းပန်တာကိုတော့ ကျွန်တော် လက်ခံပါတယ် မသင်းမြတ်မေပျို”

သူမနာမည် ခပ်ထောက်ထောက်ကို မနည်းကြိုးစား ခေါ်လိုက်ရသည်။

“မေပျိုလို့ပဲ ခေါ်နိုင်ပါတယ် ကိုအံ့ဘုန်းမြတ်”

မေပျို ... သူ ဖွဖွ စိတ်ထဲက ရွတ်ကြည့်စဉ် နာမည်လေးက နူးညံ့သိမ်မွေ့စွာ လျှာဖျားပေါ်မှာ ခေါ်လို့ကောင်းနေသည်။

“ကျွန်တော်တို့က အခု အကျိုးတူ ပူးပေါင်းလုပ်ကိုင်နေတဲ့ လုပ်ဖော်ကိုင်ဖက်တွေပဲ၊ မိတ်ဆွေဖြစ်ပြီးသားမို့လို့ တကူးတက လက်ခံပေးစရာ မလိုပါဘူး မေပျို”

သူမရယ်သံ ကြားလိုက်ရပြန်သည်။

ပြီးမှ ...

“ဟုတ်သားပဲ၊ ကျွန်မက သိပ်အားနာပြီး တောင်းပန်ဖို့ကိုပဲ စိတ်ကစွဲနေတော့ ရှေ့နောက်စကားညီမညီ မစဉ်းစားလိုက်မိဘူး”





သူမက တကယ့်မိတ်ဆွေရင်းချာကြီးတွေလို ချက်ချင်းရင်းနှီးပစ်လိုက်သည်။

“အိုကေ ... ဒါဆို ကိုအံ့ဘုန်းမြတ်နဲ့ ကျွန်မ မိတ်ဆွေတွေ ဖြစ်သွားပြီနော်”

သူမအသံက ကြည်နူးလှိုက်လှဲစွာ သူမ တကယ်ပျော်နေတာ သေချာသည်။

သူကတော့ စိတ်ထဲ ခိုးလိုးခုလုနဲ့ တစ်ခုခု နင်နေသလို မတင်မကျကြီး ဖြစ်နေသည်။

“ဒါဆို ဒါပဲ မဟုတ်လား”

“အင် ... ဘာလဲ၊ ကိုအံ့ဘုန်းမြတ် အိပ်တော့မလို့လား”

“ဟုတ်ကဲ့ ... ကျွန်တော် မနက်စောစော ခရီးထွက်စရာလည်း ရှိလို့ပါ”

“ဪ ... ဆောရီးနော်၊ ဂွတ်နိုက် ကိုအံ့ဘုန်းမြတ်၊ have a nice dream”

သူမက ခပ်သွက်သွက် နှုတ်ဆက်ပြီး ဖုန်းချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမပြောသလိုပင် သူ အိပ်မက်လှလှ မက်ခဲ့ပါသည်။ သူ့ရဲ့ကောင်းကင်ပြာလေးက အိပ်မက်ထဲမှာ သူနဲ့ သိပ်ရင်းနှီးတဲ့ မိတ်ဆွေတွေအဖြစ် သူနဲ့ စကားတွေပြောနေခဲ့သည်လေ။

အိပ်မက်ထဲမှာ ကောင်းကင်ပြာလေးက လိမ္မော်သွေးရင့်ရင့် ဝတ်စုံဖြင့် သူရဲ့ညနေခင်း ဆည်းဆာလေး ဖြစ်နေသည်။

✧❤✧



ဝယ်နေကျ စာအုပ်ဆိုင်ထဲမှာ ဖတ်ချင်သည့် စာအုပ်အချို့ကိုရွေးတိုင်း သူ ဖေဖေ့ကို သတိရလေ့ရှိသည်။

သူငယ်ငယ်ကတည်းက သူ ဖတ်ချင်သည့် စာအုပ်တို ဒီဆိုင်လေးမှာ လိုက်ဝယ်ပေးရင်း တခြားစာအုပ်တွေ အမြည်းဖတ်ရသည့် အရသာကို ဖေဖေ့ဆီက သူ ရခဲ့ခြင်းဖြစ်သည်။

အရင်က ဖေဖေက လိုက်ဝယ်ပေးသူ၊ သူက စာအုပ်အမြည်းဖတ်သူ ဖြစ်သော်လည်း သူ အရွယ်ရောက်လာပြီး ကိုယ်ပိုင်လုပ်ငန်းများဖြင့် အောင်မြင်ချိန်မှာ သူက စာအုပ်လိုက်ဝယ်ပေးသူ ဖေဖေက အမြည်းဖတ်သူ ဖြစ်လာသည်။

ဖေဖေက ရောဂါဖြင့် အိပ်ရာထဲလဲသည့် အချိန်တွေမှာကောင်း စာအုပ်တွေနဲ့ သူ့အချိန်တွေကို ကုန်ဆုံးစေခဲ့သူဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဆုံးသွားတော့ ဖေဖေ့အတွက် ဝယ်ပေးပြီး သူ မဖတ်ရသေးသည့် စာအုပ်တွေက တစ်ပုံတစ်ပင်။

ဒါလည်း သူ စာအုပ်တွေကို မြတ်နိုးခုံမင်စွာ ဝယ်ဆဲပင်။ တစ်နေ့ အားလပ်ချိန်လေးတွေ ပိုင်ဆိုင်ခွင့် ရလာရင် ဖတ်ရအောင်ဟူသော အကြောင်းပြချက်ဖြင့် သူ့ရဲ့စာအုပ်စင်မှာ စာအုပ်တွေ များများလာခဲ့သည်၊

အခုလည်း သတင်းစာမှာ ကြော်ငြာထားသည့် စာအုပ်ကို လိုချင်၍ နေ့လယ်ကော်ဖီသောက်ချိန်မှာ အပြင်ထွက်ပြီး စာအုပ်ဆိုင်လေးဆီ ရောက်လာခဲ့သည်။

ကံကောင်းစွာပင် သူလိုချင်သည့်စာအုပ်က နောက်ဆုံးတစ်အုပ်သာ ကျန်နေသဖြင့် သူ သီသီလေးစော၍ရသွားခဲ့ရသည်။

အရင်ကလို စာအုပ်တွေကို အမြည်းဖတ်ရန် အချိန်မရှိတော့သဖြင့် စာအုပ်တွေကို ခပ်သွက်သွက် လှန်ကြည့်နေစဉ် သူ့ကျောကို တစ်ယောက်ယောက်က ဝင်တိုးလိုက်သဖြင့် သူ ရှေ့ကို ငိုက်ခနဲ ဖြစ်သွားသည်။





မတော်တဆ တိုက်မိခြင်း ဖြစ်သော်လည်း နမော်နမဲ့သူအဖြစ် စိတ်တိုပြီး လှည့်ကြည့်လိုက်မိစဉ် ...

"ဆောရီးနော်"

မျက်ဝန်းဝိုင်းဝိုင်းနက်နက်လေးနဲ့ အနီးကပ်ဆုံခွင့်ရသွားသည်၊

ဝမ်းသာအံ့သြလွန်း၍ မျက်ဝန်းနက်လေးကို ကြည့်နေစွာ ပြုံးကြည့်နေရင်း ...

"ဟာ ... ရပါတယ်၊ စာအုပ်လာဝယ်တာလား"

ရလာတဲ့ အခွင့်အရေးလေးကို နှစ်သက်မြတ်နိုးစွာ အသုံးကျဖို့ ကြိုးစားလိုက်မိသည်။

"ဟုတ်ကဲ့"

ခေါင်းငုံ့ပြီး ရှက်ရွံ့နေတဲ့ ဒီအမျိုးသမီးလေးကို သူ ဘယ်လိုရင်းနှီးခွင့်ရအောင် ကြိုးပမ်းရပါ့မလဲ။

ပြောစရာစကားကလည်း ချက်ချင်း ခေါင်းထဲက ထွက်။



www.burmeseclassic.com

www.burmeseclassic.com



သူ တွေဝေစဉ်းစားနေဆဲမှာပင် သူ့သားကနေ တခြားစာအုပ်စင်တွေဆီ ရောက်သွားသည်။

ချာတိတ်လေးတွေလို အနားက တကောက်ကောက် လိုက်ပြီး စကားပြောရမယ့်အရွယ်လည်း မဟုတ်။

ပြီးတော့ ရှက်နေသည့် သူ့ကောင်းကင်ပြာလေး ပိုပြီး အရှက်သည်းသွားမှာကိုလည်း စိုးရိမ်လှသည်။

သူ့ ကောင်းကင်ပြာလေးနောက်က လှတစ်ကိုယ်လုံး လိုက်မသွားဖြစ်ပေမယ့် မျက်ဝန်းတွေကတော့ ကပ်ငြိပါသွားသည်။

သူ့ကောင်းကင်ပြာလေးက တစ်ခုခုကို လိုက်ရှာနေပြီး ရှာမတွေ့ပုံဖြင့် အရောင်းဝန်ထမ်း ကောင်မလေးတစ်ယောက်ကို မေးနေတာ တွေ့ရသည်။

ကောင်မလေးက သူ့နားက စာအုပ်စင်မှာ လာရှာပြီး ...

"မရှိတော့ဘူး အစ်မ၊ စာစာကတော့ တစ်အုပ်လား တွေ့သေးတယ်၊ ထုတ်ဝေတဲ့တိုက်ကို ဖုန်းဆက်ပြီး မှာပေးမယ်လေ၊ တစ်ရက် နှစ်ရက်တော့ စောင့်ရမယ်"





ကောင်းကင်ပြာလေးက တိုက်တိုက်ဆိုင်ဆိုင် သူ စာစာက ဝယ်ထားသည့် စာအုပ်ကို မေးနေခြင်းဖြစ်သည်။

ကောင်းကင်ပြာလေး လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးချင်သည့် သူ့ရင်ခွင်ကြီးက အသင့်ရှိသည်မို့ ကောင်တာမှာ ခပ်တိုးတိုးမှာပြီး ကောင်းကင်ပြာလေးအတွက် စာအုပ်ချန်ထားပေးခဲ့လိုက်သည်။

စာအုပ်လေးရဲ့အတွင်း ပထမစာမျက်နှာမှာတော့ သူ ပြောချင်တဲ့ စကားလေး ထည့်ရေးပေးခဲ့လိုက်သည်။

ဝိုင်းစက်စက်နဲ့ ခိုးကြည့်နေတတ်တဲ့ မျက်ဝန်းလေးဆီ စောင့်ကြည့်နှုတ်ဆက်ပြီး ထွက်လာခဲ့လိုက်သည်။

သူ့အတွက် စက္ကန့်လေးတွေ တိုတောင်းလှချည့်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်ကို တစ်ကြိမ်ပဲ မက်ချင်တယ်၊
အဲဒီအိပ်မက်နဲ့ ဘဝကိုလည်း တစ်ထပ်တည်းကျချင်တယ်။
အဲဒီအိပ်မက်ထဲမှာ ကောင်းကင်ပြာကိုလည်း အမြဲတမ်း
မြင်ချင်တယ်။

အံ့ဘုန်းမြတ်"

စာအုပ်အတွင်းဖုံး စာမျက်နှာလေးပေါ်က စာကြောင်းလေးတွေကိုကြည့်ပြီး ငွေ ဆွတ်ပျံ့စွာ ပြုံးလိုက်မိသည်။

ဒီစာအုပ်လေးကို ငွေ ဖတ်ချင်၍ သွားဝယ်စဉ် စာအုပ်က ဆိုင်မှာကုန်နေပြီဖြစ်သည်။ မြို့ထဲကို ထွက်ရမှာပျင်းသော ငွေ့အတွက် စာအုပ်ဆိုင်က ရောက်ခဲသောနေရာတစ်ခုဖြစ်ရာ ရောက်တုန်း စာအုပ်ကို တစ်ခါတည်း လိုချင်တာတော့ အမှန်ပင်။





ကုန်သွားပြီဆို၍ စိတ်ပျက်အားလျော့စွာ တခြားစာအုပ်တချို့ဝယ်ပြီး ငွေရှင်းရန် /ကောင်တာရောက်သွားတော့မှ ငွေ့အတွက် စာအုပ်လေးတစ်အုပ်ကို လက်ဆောင်အဖြစ် ထားပေးခဲ့တာတွေ့ရသည်။

စာအုပ်လေးကို ရလိုက်သည်ထက် ဒီစာအုပ်လေးက ငွေ့စိတ်ကို လှုပ်ရှားအောင် ဖမ်းစားနိုင်တဲ့လူက ပေးခဲ့ခြင်းဖြစ်၍ ပို၍ ရင်ခုန်ကြည်နူးစေခဲ့သည်။

စာအုပ်လေးကို မြတ်နိုးစွာ အကြိမ်ကြိမ် ကြည့်မိသည်မှာ ဘယ်နှခေါက်မှန်း မသိတော့။

နောက်တစ်နေ့ သင်တန်းကအပြန် လမ်းမှာသူနဲ့တွေ့ရင် ဘယ်လိုရင်ဆိုင်ရမယ်ကို စိုးရွံ့ရင်ခုန်နေမိသည်။

သင်တန်းသွားခါနီး အဝတ်အစား ရွေးရတာကအစ ငွေ့အတွက် စိတ်လှုပ်ရှားစွာ ...။

ငွေ့ကို ဘာကြောင့် ကောင်းကင်ပြာလို့ တင်စားရဘာပါလိမ့်။

www.burmeseclassic.com



ငွေ့ အစိမ်းနုနုအင်္ကျီလေးမှာ ကျောက်စိမ်းအကာ ကြယ်သီးလေးတွေပါတဲ့ ဝတ်စုံကို ရွေးဝတ်လိုက်သည်။

မှန်ထဲမှာ စိမ်းစိုနုဖပ်နေတဲ့ ငွေ့မျက်နှာလေးက စိတ်လှုပ်ရှားစွာ ပိုပြီး နုနယ်သန့်စင်နေသလိုပင်။

သင်တန်းချိန်တွေကို ရင်ခုန်စိတ်စောစွာ ဖြတ်ကျော်ခဲ့ပြီး သင်တန်းပြီးချိန် ရောက်လာသည်။

အတူပြန်နေကျ အဖော်က ကိစ္စရှိ၍ စောစောထ ပြန်သွားသဖြင့် ငွေ့တစ်ယောက်တည်း ခြေလှမ်းများချင်နေသည်။

ဒီနေရာ ဒီအချိန်မှာ သူ ရှိနေကျဆိုတဲ့ အတွေး ကြောင့် ရင်ခုန်လှိုက်မောရသလို စိုးထိတ်ကြည်နူးရသည့် အတွေး ကြောင့် ငွေ့တစ်ကိုယ်လုံး ပူနွေးထုံထိုင်းလျက်။

တွေ့ပါပြီ။ ကားထဲမှာ သီချင်းနားထောင်နေဟန်တူ သော သူက ငွေ့ကို တွေ့သည်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

အရင်ကလို ကားဘေးမှာ ထွက်ရပ်ပြီး ငွေ့ကို ရှုန်းရှုန်းစိုစို ကြည့်နေတတ်သည့်သူ၊ ဒီတစ်ခါတော့ ခြေလှမ်းစိပ် စိပ်နှင့် ငွေ့နား လှစ်ခနဲ ရောက်လာသည်။





ရင်ခုန်သံကသာ နွေးထွေးရှိန်းမြနေပေမယ့် ငွေ့ ခြေလက်ဖျားခြေဖျားတွေကတော့ အေးစက်တောင့်တင်းသွားသည်။

"စာအုပ် ဖတ်ပြီးသွားပြီလား"

ငွေ့ပခုံးလေး ဆတ်ခနဲ တုန်သွားသည်။

ဘုရား ... ဘုရား ... ငွေ့ ဘာဖြစ်လို့ ဒီလောက် ရှက်ရွံ့နေရတာပါလိမ့်။

"ကျွန်တော် မေးတာ တစ်ခုခု ပြန်ဖြေပါဦး"

သူ့အသံက ညင်သာသိမ်မွေ့စွာ ...

"ဟုတ် ... ဟုတ်ကဲ့၊ ဖတ်ပြီးသွားပါပြီ"

သူက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး ...

"ဒါဆို ကျွန်တော့်ကို အဲဒီစာအုပ်လေး ပြန်ငှားပါဦး၊ ကျွန်တော်လည်း ဖတ်ချင်လို့"

ငွေ့ သူ့ကို မရဲတရဲ လှည့်ကြည့်လိုက်မိသည်၊

သူက ငွေ့အကြည့်ကို စောင့်ဖမ်းနေပုံရသည်။ ငွေ့ မျက်ဝန်းနဲ့ အကြည့်ချင်းဆုံသည်နှင့် ကျေနပ်စွာ ပြုံးနေပြန်သည်။

"ဘယ်လိုလဲ ပြန်ငှားမှာလား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့”

“ဒါဆို မနက်ဖြန် ယူလာပေးလေ၊ ဖတ်ပြီးရင် ပြန်ပေးပါမယ်”

“ရပါတယ်၊ စာအုပ်က ကိုအံ့ဘုန်းမြတ် စာအုပ်ပဲ”

“ဟား ... ကျွန်တော့်နာမည် မှတ်မိနေတာပဲ၊ ဝမ်းသာစရာကောင်းလိုက်တာ၊ ဒါပေမဲ့ ဝမ်းနည်းစရာ ကောင်းတာက ကျွန်တော် ဒီကနာမည် မသိသေးတာပဲ”

သူ့အသံ ညစ်ကျယ်ကျယ်လေသံ ဖြစ်နေပေမယ့် ငွေ ကျေနပ်နေသည်။

“ကျွန်မနာမည် ငွေလရောင်ပါ”

ကဲ ... ငွေ ရက်ရက်ရောရောနဲ့ နာမည်ပြောမိသွားသည်။

“လှလိုက်တဲ့ နာမည်လေး၊ နာမည်နဲ့လူ လိုက်ပါတယ်၊ လရောင်လိုပဲ လူတွေရဲ့ရင်ကို အေးမြစေတဲ့ သတ္တိတွေ ငွေလရောင်မှာ ရှိနေတယ်လေ”

သူက ရင်းနှီးနှစ်လိုစွာ ချီးကျူးဝေဖန်နေသည်။





ငွေကလည်း သူ့ရဲ့စကားတွေမှာ သာယာနစ်မျောနေသည်။

“ဘယ်ပြန်မှာလဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ”

အမယ်လေး ... ငွေ့မှာ ဒီလောက် လွတ်လပ်ခွင့်မရှိ။

“ရပါတယ်၊ ကျွန်မ ကားငှားပြီး ပြန်နေကျပါ၊ ကျေးဇူးတင်ပါတယ်”

တဖြည်းဖြည်း ငွေ ကားငှားပြီး စီးနေကျနေရာရောက်လာပြီဖြစ်၍ ငွေ့ခြေလှမ်းတွေ ရပ်သွားသည်။

အူကြောင်ကြောင်နဲ့ ရှေ့နားမှာရပ်ပြီး စောင့်နေတဲ့ သူ့ကို ငွေ လှည့်ကြည့်လိုက်ပြီး ...

“ပြန်တော့လေ၊ ကျွန်မ ကားငှားတော့မယ်”

သူက လက်နှစ်ဖက်ကို စိတ်အေးလက်အေးပုံစံဖြင့် နောက်ပစ်ထားပြီး ...

“အင်းလေ ... ငွေလရောင် ကားငှားပြီးရင် ပြန်မှာပေါ့”

ငွေ ဘာမှဆက်မပြောတော့ဘဲ လာနေတဲ့ Taxiကို သွမ်းတားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချော့မော့ ချော့ပြောပြီး ကားပေါ်တက်လိုက်စဉ် သူက ကားပြတင်းမှာ ကိုယ်ကိုငုံ့ကိုင်း၍ ...

"မနက်ဖြန် စာအုပ်ယူလာပေးနော်၊ ကျွန်တော် စောင့်နေမယ်"

ငွေ သူ့ကို မရဲတရဲကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

ငွေ စီးလာတဲ့ကား ထွက်လာစဉ် ရှေ့ကားကို မျက်စိတစ်ဆုံး ငေးကြည့်ကျန်ရစ်ခဲ့တဲ့ သူ့ကိုကြည့်ပြီး ငွေ့စိတ်ထဲ အလိုလို လှိုက်ဟာလာသည်။

သူနဲ့ပတ်သက်တဲ့ ဘာလိုလို ခံစားချက်တိုင်းက အကြောင်းပြချက်မရှိသလို၊ ထိုခံစားချက်ကိုလည်း ငွေနှစ်သက်မက်မောစွာ ...။

✧❤✧





သူ ဆုတောင်းမှားခဲ့တာလား မသိ။

စောင့်နေတာက တစ်ယောက်။ ရောက်လာတာက အစ်ယောက် ဖြစ်နေသည်။

စောင့်နေကျ နေရာမှာ ကားရပ်စရာ နေရာမရှိ၍ ကားကို တခြားနေရာမှာရပ်ပြီး ငွေလရောင် သင်တန်းနဲ့နီးစရာ အအေးဆိုင်တစ်ခုမှာ ဝင်စောင့်နေလိုက်သည်။

စတော်ဘယ်ရီဖျော်ရည်တစ်ခွက် မှာပြီးရုံရှိသေးသည်။ သူထိုင်နေတဲ့ စားပွဲအနီးမှာ ပန်းနုရောင်ခြေသည်းဆိုးဆေး င်း ခြေထောက်ဖောင်းဖောင်းအိအိတစ်စုံ လာရပ်တာ တွေ့လိုက်သည်။

ဆတ်ခနဲ မော့ကြည့်လိုက်စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သင်းမြတ်မေပျို"

အပြုံးတွေနဲ့ အိချိုနေတဲ့ သူမမျက်နှာက အံ့သြ
သလို ကျေနပ်နေပုံလည်း ရသည်။

"အအေးလာသောက်တာတော့ မဟုတ်ပါဘူးနော်"

သူ့ Shopping Mall မှာ စားသောက်ဆိုင်တွေရှိ
သူ တကူးတကလာစရာ မလိုတာ တွေးစရာမလိုဘဲ ပေါ်လွင်
သည်။

"မေပျိုကရော"

သူမကတော့ နေပူ၍ တပ်ထားသည့် နေကာမျက်
မှန်လှလှလေးကို အင်္ကျီရင်ဘတ်မှာ စတိုင်ကျကျ ထိုးချိတ်လိုက်
ပြီး ...

"သူငယ်ချင်းတစ်ယောက်ကို လာကြိုတာ၊ သူက ဒီနားမှာ
သင်တန်းတစ်ခု တက်နေလို့၊ ဒီလိုပဲ လမ်းကြုံရင် သူ့ကို
ဝင်ကြိုတတ်လို့ပါ"

"သြော် ... အအေးသောက်ပါဦးလား"





သူမက နှစ်လိုကျေနပ်စွာ ခေါင်းညိတ်ပြီး၊ သူနဲ့
မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"သင်တန်းချိန်က ဆယ်မိနစ်လောက်တော့ လိုသေးတယ်၊
တစ်ခါတလေ နည်းနည်းလည်း နောက်ကျတတ်တော့ ဒီ
အအေးဆိုင်လေးမှာပဲ ထိုင်စောင့်နေဖြစ်တယ်"

သူမသူငယ်ချင်းက မိန်းကလေးလား၊ ယောကျ်ား
လေးလား သူ မသိချင်။ သေချာတာကတော့ ငွေလရောင် သင်
တန်းဆင်းချိန်နဲ့ တူနေ၍ သင်တန်းတစ်ခုတည်းကလည်း ဖြစ်
နိုင်သည်။

"ဘာသောက်မလဲ"

သူမက နည်းနည်းမျှပင် မစဉ်းစားဘဲ ...

"သခွားမွှေးဖျော်ရည်"

သူမ သောက်နေကျ ဖြစ်မည်ထင်။

သူကတော့ အမြုပ်တွေနဲ့ ခပ်ပေါ့ပေါ့အရသာရှိသော
သခွားမွှေးဖျော်ရည်ကို မကြိုက်။

သူမအကြိုက် ဖျော်ရည်မှာပြီးသည်နှင့် သူကပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ Violet မှာ ဈေးရောင်းပွဲ လုပ်မလို့ဆို"

အပြိုင်အဆိုင် Shopping Mall တွေရှိနေ၍ ဈေးရောင်းပွဲလုပ်ပြီး promotion လုပ်ရန် ကုမ္ပဏီတွေကို အကြောင်းကြားထားသည်။

တတ်နိုင်သလောက် Discount လုပ်ပေးရန်နှင့် သူ့ဘက်ကလည်း ဖျော်ဖြေရေး အစီအစဉ်နှင့် ဆွဲဆောင်ဖျော်ဖြေပေးရန် စီစဉ်ထားသည်။

"ဟုတ်တယ်၊ နောက်လလောက်ဆို လုပ်မလားလို့၊ လဆန်းလောက်ဆို စီစဉ်စရာရှိတာတွေ စီစဉ်တော့မယ်လေ၊ လောလောဆယ်တော့ ကုမ္ပဏီတွေဘက်က စီစဉ်စရာရှိတာတွေ စီစဉ်လို့ရအောင် ကြိုသတင်းပေးထားတာ"

"ကောင်းတာပေါ့၊ ကျွန်မတို့ဘက်ကလည်း ရောင်းအားတက်ဖို့အတွက် တတ်နိုင်သလောက် Discount ပေးမှာပါ။ ပြီးတော့ ကံစမ်းမဲ အစီအစဉ်ရှိရင် အဲဒီအတွက် ကျွန်မတို့ ကုမ္ပဏီက ပစ္စည်းပါ မဲထဲထည့်ပေးပါ့မယ်"





အလုပ်ထဲကအကြောင်းတွေ ပြောရင်းနဲ့ အချိန်ကကုန်မှန်းမသိ ကုန်လာသည်။

ငွေလရောင် လာနေကျလမ်းမှာ လှည့်ပင်းတဆန့်ကြည့်လိုက် မျှော်လိုက် လုပ်နေသော်လည်း မျှော်နေသူရဲ့အရိပ်အယောင်ကိုမျှ မတွေ့ရ။

"အချိန်တွေတောင် ကျော်နေပြီ၊ ဘာဖြစ်လို့ မလာသေးတာလဲ မသိဘူး"

သူမကပါ နာရီတကြည့်ကြည့်နဲ့ ညည်းညူလာသည်။

သူ့အလုပ်ချိန်ထဲကဖဲ့ပြီး လာရတာဖြစ်၍ သူ့မှာ အချိန်ပိုများများမရှိ။ ချိန်းထားတဲ့ အလုပ်ကိစ္စတစ်ခုလည်း ရှိနေ၍ သူ့မှာ အချိန်ကို စေးနဲ့စွာ ကြာကြာစောင့်နေ၍မရ။

"ကျွန်မက မြို့ထဲက ကုန်တိုက်တစ်ခုကို သွားရဦးမှာ ဆက်စောင့်နေလို့ မဖြစ်တော့ဘူး၊ အံ့ဘုန်းမြတ်ကရော"

စောင့်ချင်သေးသည်။

လာသည့်အထိ ဆက်စောင့်နေချင်သေးသည်။

ဒါပေမဲ့ သူ့မှာ အခွင့်အရေး မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းမောကို ချလိုက်ပြီး ...

"ကျွန်တော်လည်း သွားရတော့မယ်"

ဆိုင်ထဲက အတူတူ ထွက်လာလိုက်ပြီး ငွေလရောင်ကို တွေ့လိုတွေ့ငြား လိုက်ကြည့်နေပေမယ့် မတွေ့ရ။

သူမကတော့ ဘာကိုမှ နောက်ဆံတင်းနေတာ မတွေ့ရဘဲ သူ့ကို နှုတ်ဆက်ပြီး ထွက်သွားသည်။

သူကတော့ ကြည်နူးရင်ခုန်ရမယ့် အချိန်တွေကို စောင့်နေခဲ့ရသူဖြစ်၍ ရင်မောစရာတွေကိုသာ ပိုက်ပြီးပြန်လာခဲ့ရသည်။

✧ ❤ ✧





"မေပျို ငွေ့ကို ဒီနေ့ လာကြိုသေးတယ်၊ ဘာလဲ ... ငွေ သင်တန်းမသွားဘူးလား"

TV ကြည့်နေသည့် ငွေ့နားမှာ ဝင်ထိုင်ပြီး ပြောလိုက်စဉ် ငွေက ...

"ဟုတ်လား၊ ငွေ သင်တန်းတက်ပါတယ် မေပျိုရဲ့၊ ငွေ ပြန်နေကျလမ်းက မပြန်ဘဲ တခြားလမ်းက ပြန်လို့ပါ"

ငွေ့မှာ စိတ်လှုပ်ရှားစရာ စောင့်နေတတ်တဲ့ သူတစ်ယောက် ရှိနေတာ သူမ သတိရလိုက်တာမို့ ...

"ဘာလဲ ငွေ၊ ဟိုတစ်ယောက်ကို ရှောင်ချင်လို့လား"

ငွေက သူမရဲ့အကင်းပါးမှုကို အံ့သြစွာ ခေါင်းညိတ်ပြရင်း ...

"ဟုတ်တယ် မေပျို၊ ငွေ သူ့ကို ချစ်သွားလို့ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ငွေ့အသံက ဝမ်းနည်းနာကျင်စွာ ...။

သူမ ငွေ့ကို နားလည်စွာ ကြည့်နေမိပြီး ...

"ချစ်တဲ့စိတ်ကို တားဆီးလို့ ရလို့လား ငွေ၊ မေပျိုတော့ မထင်ဘူး"

ငွေက အပြုံးယဲ့ယဲ့ဖြင့် ...

"တားလို့ရမပေမယ့် ပိုပြီးမတိုးလာအောင်လို့တော့ ကန့်သတ်ထားလို့ ရမယ်ထင်တာပဲ"

သူမ အချစ်ဆိုတဲ့အရာကို ထိတွေ့ခံစားဖူးသူ မဟုတ်၍ အဖြေမထုတ်တတ်။

သေချာတာကတော့ သူမသာ ငွေ့နေရာမှာဆိုရင် ပြည့်စုံနေတဲ့ဘဝမှာ နှလုံးသားအလိုကိုပါ လိုက်မိဖို့ ဆုံးဖြတ်မိမည်ထင်။

"ငွေရယ် ... ငွေ့မိဘတွေက ငွေ့ကိုခြိမ်းခြောက်ထားတာလည်း ဖြစ်မှာပါ။ သူတို့အနားမှာ မနေနိုင်လို့ ငွေ့ကိုခြေချုပ်မိအောင် ပြောတာဖြစ်မှာပါ"





ငွေက TV မှာလာနေတဲ့ သီချင်းသံကို တိုးလိုက်ပြီး ...

"ဘယ်လိုပဲဖြစ်ဖြစ် ငွေ မေမေတို့ရဲ့စကားကို နားထောင်မှဖြစ်မှာ၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လို့လဲ ငွေ"

ငွေ့မျက်ဝန်းတွေ စိုစွတ်လာပြီး ...

"ငွေ အဲဒီလို လုပ်ရတာ ရင်ထဲမှာ သိပ်ပင်ပန်းတာပဲ မေပျိုရယ်၊ ငွေ သူ့ကို တွေ့ချင်ရက်နဲ့ ရှောင်နေမိတာ သိပ်ပင်ပန်းတာပဲ"

ပွင့်အန်လာတဲ့ ငွေ့ရဲ့ခံစားချက်ကို သူမ နားလည်ပေမယ့် အကြံမပေးတတ်တော့။

သူမအတွက်လည်း ငွေ့ဘေးမှာ အပြင်လူတစ်ယောက် ရှိနေခြင်းကို မလိုလား။

သူမကို ငွေ နားလည်လက်ခံပေးထားသလို ငွေ့ဘေးကလူက နားလည်လက်ခံပေးနိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



သိပ်သဘောကောင်းသည့် ငွေ့ကို သူမ အသုံးချနေတာ ထိုလူ ကျေနပ်စွာ လက်ခံပေးနိုင်ပါ့မလား။

သူမအတွက် ငွေ တစ်ယောက်တည်း ရှိနေခြင်းက အကောင်းဆုံး အခြေအနေတစ်ခုပင် ဖြစ်သည်။

✧ ❤ ✧





တစ်ပတ်တိတိ သူ ဆက်တိုက်စောင့်နေပေမယ့် ငွေလရောင်ကို မတွေ့ရ။

သင်တန်းပဲ မတက်တော့တာလား။ ဒါမှမဟုတ် တစ်ခုခု ဖြစ်နေ၍ မတက်နိုင်တာလား။

နာမည်တစ်ခုကလွဲ၍ ဘာမှမသိထားသော သူ့အတွက် စိတ်ပူရုံကလွဲပြီး ဘာမှမတတ်နိုင်။

နောက်ဆုံး အရဲစွန့်ပြီး သင်တန်းမှာ သွားစုံစမ်းမိသည်။ ငွေလရောင် သင်တန်းကို မှန်မှန်လာတက်ကြောင်း သင်တန်းပျက်ကြောင်းကို သိရ၍ စိတ်အေးသွားသလို အံ့လည်းအံ့သြသွားသည်။

သူ စောင့်နေသည့်လမ်းက မပြန်ဘဲ တခြားလမ်းတစ်ခုက ပြန်တာပဲ ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတခြားလမ်းက ကားလမ်းမကြီးကိုရောက်ဖို့ အရှည်ကြီးထွက်ရသောလမ်းဖြစ်၍ အသုံးပြုသူ နည်းလှသည်။

ကိုယ်ပိုင်ကားသုံးသူ အနည်းအကျဉ်းလောက်သာ ထိုလမ်းကို ရွေးမည်ထင်။

သူ့ကိုရှောင်ဖို့ ထိုလမ်းရှည်ကြီးကို ရွေးလိုက်တာ ဖြစ်ကောင်း ဖြစ်နိုင်တာမို့ သူ ငွေလရောင်ကို သနားသွားသည်။

ဝီရိယကြီးကြီးနဲ့ ငွေလရောင် ပြန်နိုင်သည့်လမ်းမှ သွားစောင့်နေစဉ် သူ ထင်သည့်အတိုင်းပင်။ လှုပ်လီလှုပ်လဲ့နှင့် ငွေလရောင်တစ်ယောက်တည်း လျှောက်လာတာ တွေ့ရသည်။

ဘေးဘီကို သိပ်မကြည့်တတ်သူဖြစ်၍ ငွေလရောင်က လမ်းချိုးထောင့်မှာ ရပ်ထားသော သူ့ကားနဲ့ သူ့ကိုမမြင်။ ငွေလရောင် အနားရောက်လာတော့မှ ...

"ငွေလရောင်"

အံ့သြပြီး လန့်သွားသည့် ပုံစံလေးက ဖျစ်ညှစ်လိုက်ချင်စရာ။





ချွေးနည်းနည်းစို့နေသည့် ပါးပြင်လေးပေါ်မှာ ဆွေးကြောလေးတွေက ယှက်သန်းရှိနီးမြလျက်။

ငွေလရောင်ရဲ့အလှက ရိုးစင်းလွန်းပေမယ့် သူ့ကို ထိုင်လှုပ်နိုင်စွမ်း ပြင်းထန်သူလေးဖြစ်သည်။

"ဘာဖြစ်လို့ ကျွန်တော့်ကို ရှောင်နေတာလဲ"

ဘာမှမဖြေဘဲ ခေါင်းလေးကို ပိုငုံ့လိုက်တာတွေ့ရ၍ သူ့ကို ရှောင်နေတာ သေချာသွားသည်။

"ကျွန်တော် ဘယ်လောက်စိတ်ပူခဲ့ရလဲ သိလား ငွေလရောင်"

သူ့ကို မျက်ဝန်းဝိုင်းလေးဖြင့် မရဲတရဲ မော့ကြည့်လာသည်။

မျက်ဝန်းလေးကပဲ ရွှန်းစိုလွန်းတာလား။ ဒါမှမဟုတ် သူ့စကားကို ဝမ်းနည်းနေတာလား မသိ။ မျက်ဝန်းလေးက ညိုတိုတို၊ စိုတို့တို့။

"ဘာလဲ ... ကျွန်တော့်ကို စာအုပ်မငှားချင်တာလား၊ ဒါမှ မဟုတ် ကျွန်တော့်ကို မတွေ့ချင်တာလား"

"ဘာ ... ဘာမှ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အသံတိမ်တိမ်လေးက ကြောက်ရွံ့စိုးထိတ်နေသည့် အသံမျိုးလေး။

"ဒါဆို ကျွန်တော့်ကို စာအုပ်ဌားမှာလား"

ကလေးဆန်သည့် တောင်းဆိုမှုမျိုး ဖြစ်ပေမယ့် ရင်ခုန်စရာကောင်းတာမို့ အတင်းတောင်းဆိုလိုက်သည်။

"ဟုတ်ကဲ့"

ငွေလရောင်က လွယ်ထားသည့် အိတ်ကြီးကြီးထဲက စာအုပ်လေးကို ချက်ချင်းပင် ဆွဲထုတ်ပြီး ပေးလာသည်။

သူ့ကိုရှောင်နေသည့် ကောင်မလေးက သူ့ကိုငှားရ မည့် စာအုပ်လေးကိုတော့ အမြဲဆောင်လာပုံရသည်။

"ဒီစာအုပ်ကို အမြဲသယ်လာတာလား"

အငိုက်ဖမ်းမေးလိုက်သလိုဖြစ်၍ ငွေလရောင် မျက်နှာ က ရဲခနဲ ဖြစ်သွားသလို ခေါင်းလေးငုံ့ပြီး ခေါင်းညိတ်ပြတာတွေ့ ရသည်။

"နောက်ရက်တွေရော ကျွန်တော့်ကို ရှောင်နေဦးမှာလား"

"ရှောင်လို့လည်း မရပါဘူး"





အသံလေးက စိတ်တိုသံလေးပါသလို ငြူစူစူအသံ မျိုးလေးဖြစ်သည်။

ဒါပေမဲ့ အသံထွက်လာ၍ သူ အားတက်သွားသည်။

"ရရင် ရှောင်ဦးမလို့လား၊ ရှောင်ကြည့်လေ၊ ကမ္ဘာ့အစွန်း ထိ ပြေးပုန်းတောင် ကျွန်တော်က ရအောင်ရှာမှာ"

ငွေလရောင် နှုတ်ခမ်းလေးက ပြုံးယောင်ယောင်ဖြစ် သွားသည်။

ဒီလိုပြုံးနိုင်သည်ဆိုရင် သူ့အတွက် အလားအလာ မဆိုး။

မပွင့်တပွင့် လှုပ်လီလှုပ်လဲ့ နိုင်လွန်းတာကိုတော့ သူ စိတ်ရှည်ပေးရမည်ဖြစ်သည်။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



ငွေ့မေမေဆီက ဖုန်းလာသဖြင့် ဖုန်းပြောနေတဲ့ ငွေ့ကိုကြည့်ပြီး သူမစိတ်ထဲ တစ်မျိုးဖြစ်လာသည်။

သူမဆီ မေမေ ဖုန်းမဆက်တာ တစ်လလောက် ရှိသွားပြီထင်။

သူမကလည်း မသွားနိုင်၊ သူမဆီလာမယ်ဆိုတာကို လည်း သူမက မလာခိုင်း၍ မေမေ စိတ်မကောင်း ဖြစ်နေတာလား။

"........."

"အင်းပါ မေမေရဲ့၊ သမီးသိပါတယ်၊ မေမေတို့သာ ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ပါနော်"

"........."





"ဟင့်အင်း ... သမီး ဆက်တက်ဦးမှာ၊ မေမေတို့ ကာ လည်ပေါ့"

"........."

"ပျင်းချိန် မရပါဘူး၊ မေပျိုနဲ့နေရတာ မပျင်းပါဘူး မေမေရဲ့"

ဖုန်းပြောရင်း သူမကိုလှမ်းပြီး ငွေ့က မျက်စိမှိတ်ပြသည်။

"........."

"ရှိတယ်၊ မေပျိုနဲ့ အခုလေးတင် လက်ဖက်သုပ်စားရင်း စကားပြောနေတာ၊ မေမေ ပြောမလို့လား"

ငွေ့မေမေက သူမနဲ့ ဖုန်းပြောချင်ဆို၍ သူမဖုန်း ကိုင်လိုက်သည်။

"မေပျိုရေ ဘယ်လိုလဲ၊ ငွေ့ဒဏ် တော်တော်မှ ခံရရဲ့လား"

ငွေ့က မိဘတွေအပေါ်မှာသာ နွဲ့ဆိုးဆိုးတတ်သူ ဖြစ်သည်ကို သူမ ကောင်းကောင်းသိထားသည်ဖြစ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ငွေက မဆိုးပါဘူး အန်တီရဲ့၊ ငွေကတောင် မေပျို့ကို သည်းညည်းခံနေရတာ"

"အမယ်လေး ... ညီအစ်မနှစ်ယောက် လိုက်ဖက်ညီနေလိုက်တာ၊ ငွေ ပြောတော့လည်း မေပျိုက သူ့ကိုသည်းညည်းခံနေရတာတဲ့"

ငွေ့မိဘများကို သူမကိုပါ ငွေနဲ့မခြား ကောင်းကောင်းဆက်ဆံတတ်သူများဖြစ်ပြီး သူငယ်ချင်းလိုထက် ညီအစ်မလို သဘောထားပေးကြသူများဖြစ်သည်။

"ငွေက လိမ္မာပါတယ် အန်တီရယ်၊ ဒါနဲ့ အန်တီတို့ရော မလာလည်ကြဘူးလား"

တစ်နှစ် တစ်ခါလောက် လာလည်တတ်ကြသဖြင့် မေးလိုက်စဉ် ...

"ဒီနှစ်တော့ လာလည်ဖြစ်မယ် မထင်ဘူးကွယ်၊ ငွေ့ဖေဖေ အလုပ်မှာ သူ့အရာရှိတစ်ယောက် ထွက်သွားလို့ ငွေ့ဖေဖေ အလုပ်ပိုများနေပြီး ခွင့်ယူလို့မရဘူး ဖြစ်နေတယ်၊ အဲဒါကြောင့် ငွေ့ကို လာလည်ခိုင်းနေတာလေ၊ ဒီလိုလုပ်ကြ





လား၊ ငွေနဲ့ မေပျိုနဲ့ လာလည်ကြလေ၊ လည်ပတ်ပြီးမှ ပြန်ကြပေါ့၊ စရိတ်စကအတွက် စိတ်မပူနဲ့၊ အကုန်လုံး အန်တီတို့ စိစဉ်ပေးမယ်၊ ဘယ်လိုလဲ"

ဝမ်းသာအံ့သြသွား၍ သူမရင်ထဲ လှိုက်ခနဲ ခုန်သွားသည်။

သူမအတွက် နိုင်ငံခြားဆို ဇန်ကောက်ပင်သွားလည်ဖို့ အနိုင်နိုင်ဖြစ်သည်။

ခုလို ဥရောပနိုင်ငံတစ်ခုကြီးတစ်ခုကို သွားလည်ရမည်ဆိုတော့ ...။

"ဟုတ်ကဲ့ ... ငွေနဲ့တိုင်ပင်ကြည့်ပါဦးမယ် အန်တီ၊ ငွေ သွားချင်တယ်ဆိုရင်တော့ မေပျို အဖော်လိုက်ပေးပါမယ်"

သိပ်ဝမ်းသာပုံ မပြမိတာကလည်း သူမရဲ့ကိုယ့်စိတ်ကိုယ်နိုင်နင်းမှု ပညာတစ်ရပ်ပင်။

"အေးကွယ် ... အန်တီတို့လည်း ငွေ့ကို မေပျိုရှိလို့ စိတ်ချနေရတာ၊ အမျိုးတွေက စောင့်ကြည့်ပေးနေကြပေမယ့် မေပျိုလို လာနေပေးနိုင်ကြတာ မဟုတ်ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမကို ငွေက အတင်းခေါ်ထားသည့်အတွက်ပင် သူမက ဝမ်းသာကြည်ဖြူနေရသူဖြစ်သည်။

"ကဲ ... ငွေရော မေပျိုရော လိုတာရှိရင်မှာနော်၊ အန်တီ ဖုန်းချလိုက်တော့မယ်၊ အန်ကယ်ကတော့ ညမှ G-talk မှာ ပြောမယ်ပြောတယ်၊ ဒီည ကွန်ပျူတာဖွင့်ထားဖို့ ငွေကို သတိပေးလိုက်ဦးနော်"

"ဟုတ်ကဲ့ အန်တီ"

ဖုန်းချသွားတော့မှ ငွေက လက်ဖက်သုပ် ပလုတ်ပလောင်းစားနေရင်း ...

"ဘာတဲ့လဲ၊ လာလည်ဖို့ ခေါ်နေတာ မဟုတ်လား"

"အင်း"

ငွေက နှာခေါင်းလေးရှုံ့ပြီး ...

"မလည်ချင်ပါဘူး၊ ခွဲနေရတာက အကျင့်ဖြစ်နေပြီ၊ တော်ကြာ သွားလည်ပြီးမှ သူတို့ကလည်း ပြန်မလွှတ်ချင် ကိုယ်ကလည်း ပြန်ချင်ပေမယ့် သူတို့ကို မခွဲနိုင်ဖြစ်ပြီး စိတ်မကောင်း ဖြစ်ကြရဦးမယ်"



ငွေ့အတွက်ကတော့ အမြဲတမ်းရနေသော အခွင့်အရေးဖြစ်၍ မထူးခြားသော်လည်း သူမအတွက်ကတော့ ရခဲသော အခွင့်အရေးဖြစ်သည်။

"မေပျိုကတော့ ငွေ့ကို သွားစေချင်တယ်၊ ဒါမှ ငွေ့မိဘတွေ အလွမ်းပြေပြီး ငွေ့ကို အတင်းမခေါ်ကြမှာ၊ တော်ကြာ ငွေက သူတို့ခေါ်တိုင်း မလာလို့ သူတို့အတင်းပြန်ခေါ်ရင် ဘယ်လိုလုပ်မလဲ"

တကယ့်စေတနာရော၊ သူမအတွက်ရော ပေါင်းပြီး ပြောလိုက်စဉ် ငွေက ခဏစဉ်းစားနေပြီး ...

"ဟုတ်တော့ ဟုတ်ပါတယ်၊ မေမေတို့လည်း ငွေ့ကိုလွမ်းနေကြမှာ၊ ငွေသာ ခေါင်းမာပြီး ဖွတ်မနေခဲ့ရင် စုလောက်ဆို ငွေတို့မိသားစု နေသားကျနေကြမှာ"

ပြောလိုက်ရင် စိတ်ယိုင်လွယ်သော ငွေက ချက်ချင်းပင် မိဘတွေအတွက် စဉ်းစားပေးလာသည်။

"ဒါနဲ့ ငွေသွားရင် မေပျိုရော လိုက်လို့အဆင်ပြေပါ့မလား၊ တော်ကြာ ငွေနဲ့လိုက်လို့ အလုပ်မှာ ထိခိုက်တာမျိုး ဘာမျိုးဖြစ်ရင် မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမ ပါးလုပ်စွာ ပြုံးလိုက်ပြီး ...

"အလုပ်လုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ တစ်ခါမှ ခွင့်ရက်ရှည် မယူခဲ့တဲ့ ဝန်ထမ်းကို ဒါလောက်မှမလိုက်လျောနိုင်ရင် မေပျို့ အလုပ်သစ်ရှာရုံပေါ့"

ငွေက သူမစကားကို ခေါင်းညိတ် ထောက်ခံနေသည်။

"ဒါဆိုလည်း ငွေ စဉ်းစားလိုက်ဦးမယ်၊ ငွေ ဆုံးဖြတ်ပြီးရင် မေမေတို့ ပြန်တိုင်ပင်ကြတာပေါ့၊ မေပျို့ကတော့ ပိုပိုလိုလို ခွင့်လေး ဘာလေး ပြောကြည့်ထားပေါ့"

သူမစိတ်ထဲက ကျိတ်ပြီး ကြိတ်တင်အိပ်မက်,မက်ထားလိုက်သည်။

ဘာပဲဖြစ်ဖြစ် သူမဘဝမှာ စရိတ်ငြိမ်း နိုင်ငံခြားကိုလည်ပတ်ခွင့် ရဖို့ဆိုတာက ...။ သူမအစွမ်းအစနဲ့ ဘယ်အချိန်မှာဖြစ်လာနိုင်သည် ဆိုတာကတော့ မသေချာ။

ငွေ့ကျေးဇူးနဲ့ ရောက်ဖူးခွင့် ကြုံရသည့် အခွင့်အရေးကိုတော့ လက်လွှတ်မခံချင်။





"အင်းပါ ... ငွေသာ သေသေချာချာ စဉ်းစားပေါ့။ မေပျို့ကြောင့် သွားမယ်ဆိုတာမျိုးတော့ မဖြစ်စေနဲ့နော်၊ မေပျို့အတွက်က အရေးမကြီးဘူး၊ ငွေတို့မိသားစု ဆုံခွင့်ရဖို့ကသာ အရေးကြီးတာ"

အညာမှာရှိတဲ့ သူမအမေဆီကို တကူးတကသွားဖို့ ဆုံးဖြတ်နိုင်ခဲ့တဲ့ သူမရဲ့အတွက်ကို သူ့မေမေ နားလည်ခွင့်လွှတ်ဆးနိုင်မည် ထင်ပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



မျှော်ရသည့်အလုပ်က ပင်ပန်းသည် ဆိုပေမယ့် နောက်ဆက်တွဲ ဝင်လာတတ်တဲ့ စိုးရိမ်မှုနဲ့စာရင်တော့ ဒီဂရီကွာလွန်းသည်။

သူ့ကို အမြဲရှိနေကျ နေရာမှာ မတွေ့ရရင် ရင်ထဲလှိုက်ခနဲ ပြိုဆင်းသွားတတ်သလို ဘာကြောင့် မလာတာလဲဆိုတဲ့ အတွေးအမျိုးမျိုးက ကပ်ငြိပြီး စိုးရိမ်လာသည်။

ငွေ သူ့ကို ရှောင်ခဲ့စဉ်က သူ ဒီလိုပဲ ခံစားခဲ့ရသလား။

မိန်းမနဲ့ယောကျ်ား ခံစားချက်ချင်း တူနိုင်ပါ့မလား။

လောလောဆယ်တော့ သူ ငွေ့ဆီမလာတာ သုံးရက်တောင် ရှိသွားပြီဖြစ်၍ ငွေ မမျှော်ရဲတော့။





မျှော်လင့်ရခြင်းရဲ့နောက်ကွယ်က ခံစားမှုကို ငွေ လိပ်ပြာလုံစွာ ဝန်မခံချင်ပေ။

သူ ငွေ့ဆီမလာတော့ဘူးထင်တယ် ဆိုတဲ့ ဝမ်းနည်းစိတ်ကိုပင် အခါခါ တွေးမိပြီး ငိုချင်လာတတ်သည်။

ငွေ ဘာဖြစ်လို့ သူနဲ့ပတ်သက်ရင် ဝမ်းနည်းအားငယ်နေရတာပါလိမ့်။

ပြုံးနေကျ အပြုံးရိပ်ရိပ်က ဘယ်လောက်ပဲ ငွေအပေါ် အနိုင်ယူစိုးမိုးတဲ့ အပြုံးဖြစ်နေပေမယ့် ငွေ ဒီအပြုံးကိုပဲ စွဲငြိမက်မောနေလေပြီ။

တည်ငြိမ်နေတဲ့ ငွေ့ရင်ကို လှုပ်ခတ်ဆွဲမွှေ့သွားပြီး မှ ...

ဝမ်းနည်းလာတဲ့အထဲ မိုးကပါ ဝုန်းခနဲ ပြိုဆင်းလာသည်။

မိုးရွာနိုင်တယ်လို့ မိုးလေဝသက ကြေညာထားပေမယ့် ပူရဲနေတဲ့ ဒီနေရာကို အံတုရွာချနိုင်ပါ့မလား တွေးပြီး ဝမ်းမဆောင်လာခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရှာစမ်းတော့ကွယ်၊ ရင်ထဲက ရှာနေတဲ့မိုးနဲ့အပြိုင် ရှာစမ်းတော့။

ပေတောပြီး ငွေ မိုးရေထဲ လျှောက်လာနေစဉ် ငွေ့ကိုယ်ပေါ်က မိုးစက်တွေ ရပ်တန့်သွားသည်။

ငွေ့ဘေးက ကာဆီးထီးမိုးပေးတဲ့လူကို ထိတ်လန့်တကြား လှည့်ကြည့်လိုက်စဉ် ...

"ဘာဖြစ်လို့ အရူးလို မိုးရွာထဲ လျှောက်နေရတာလဲ"

စိုးရိမ်နေတဲ့မျက်နှာနဲ့ ခပ်ဆတ်ဆတ်ငေါက်နေတဲ့သူ။

မျက်နှာပေါ် ကျလာနေဆဲ မိုးရေစက်တွေနဲ့ ငွေ့မျက်ရည်တွေ ရောထွေးနေလို့ တော်ပါသေးရဲ့။

"ကိုယ် လာမိပေလို့ပေါ့။ လာ ... လာ ... ကားထဲဝင်"

အစ်ကိုကြီးတစ်ယောက်လို ငွေ့ကို ဆွဲခေါ်မသွားရုံတမယ်။

ငွေကရော ဘာဖြစ်လို့ သူ့စကားကို ငြိမ်သက်စွာ ရိုကျိုးနားထောင်နေမိပါလိမ့်။





သူ ခေါ်သွင်းတဲ့ သူ့ကားလေးထဲကို ငွေ ရှန်းကန်ငြင်းဆန်ဘဲ ဝင်ထိုင်မိသည်။

"ကြည့်စမ်းပါဦးကွာ၊ မိုးတွေစိုကုန်ပြီ၊ ဖျားတော့မှာပဲ ငွေလရောင်ရယ်၊ ဘာဖြစ်လို့ ထီးလေး ဘာလေးမယူလာရတာလဲ"

ငွေ သူ့ကို မျက်လုံးအပြူးသားနဲ့သာ ကြည့်နေမိလိုက်တော့သည်။

သူ ဒီထက်ပိုဆူရင် ငွေ ထပ်ငိုမိတော့မလား မသိ။

"ရော ... သုတ်လိုက်ဦး၊ ခေါင်းကဆံပင်တွေကိုသုတ်"

ဘယ်က ဘယ်လို ယူလာမှန်းမသိတဲ့ မျက်နှာသုတ်ပဝါ အသေးတစ်ထည်ကို ကမ်းပေးရင်း ပြောသည်။

ငွေ မယူဖြစ်သေးဘဲ ကြည့်နေစဉ် ...

"ယူလေ၊ ဒါ အသစ်ပါ၊ ကားထဲမှာ ပိုပိုလိုလို ဆောင်ထားတာ၊ အအေးမိလိမ့်မယ်၊ သုတ်လိုက်"

ငွေ နာခံလွယ်တဲ့ အရုပ်လေးတစ်ရုပ်လို သူကမ်းပေးတဲ့ မျက်နှာသုတ်ပဝါလေးကိုယူပြီး ခေါင်းကဆံပင်တွေကို သုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ပို့ပေးရမလဲ၊ လောလောဆယ်တော့ အိမ်ပြန်တာ အကောင်းဆုံးပဲ"

သူက လှုပ်လှုပ်ရှားရှားနဲ့ စိတ်ပူနေသည့်အထဲ ငွေက တကယ် အအေးမိသွားပြီထင်။ နှာတစ်ချက်ချေလိုက်မိသည်။

"ဟော ... ပြောရင်း ဆိုရင်း အအေးမိနေပြီ၊ ကဲ ... ပြော၊ အိမ်က ဘယ်မှာလဲ"

အိမ်ကို တည့်တည့်ကြီး ပို့ခိုင်းလို့မဖြစ်။ ငွေ့အမျိုးတွေက စောင့်ကြည့်နေတတ်တာမို့ လမ်းထိပ်နားကိုပဲ ပို့ခိုင်းလိုက်သည်။

"အိမ်ရောက်ရင် ကော်ဖီပူပူလေးသောက်လိုက်၊ နွေးနွေးထွေးထွေးနေနော်၊ အဖျားတက်လာပြီလို့ ထင်ရင် ဆေးလေး ဘာလေး သောက်ထားလိုက်ဦး"

သူက တတွတ်တွတ်မှာရင်း ကားမောင်းနေသည်။

မိုးကလည်း ပိုပိုသည်းလာသဖြင့် ချမ်းစိမ့်လျက်။

"ငွေလရောင် ဖုန်းနံပါတ်ပေးထား၊ ကိုယ် ဖုန်းဆက်ရမှ စိတ်ချမယ်ထင်တယ်၊ ရော့ ... ကိုယ့်ဖုန်းထဲ ဖုန်းနံပါတ် ထည့်ပေးခဲ့"





သူ ကမ်းပေးသည့် သူ့ဖုန်းလေးကို ငွေ အလိုလို လှမ်းယူမိလျက်သား။

ဟင့်အင်းလို့ စိတ်ထဲက ငြင်းဆန်နေပေမယ့် လက်ချောင်းလေးတွေကတော့ ဖုန်းနံပါတ်တွေနှိပ်လျက်။

"ကိုယ် ဒီရက်တွေ အရမ်းအလုပ်များနေလို့ မလာဖြစ်ဘူး၊ ငွေလရောင်ဆီက စာအုပ်တောင် မဖတ်ရသေးဘူး၊ ဒီနေ့တောင် ဖြစ်လို့ရတဲ့အချိန်လေး ပြေးလာတာ"

သူက ငွေ့ကို လှည့်ကြည့်ပြီး ရှင်းပြနေသည်။

"နောက်တစ်ခါ ထီးယူလာခဲ့ကွာ၊ လူကို စိတ်ပူအောင်လုပ်မနေနဲ့"

ဘုရားရေ ... သူ့လေသံက ငွေ့ကို စီးပိုးပိုင်နင်း ရွာ။

ငွေနဲ့ သူကပဲ ဘာလိုလို အနေအထား ရောက်နေသလိုပင်။

ဒါပေမဲ့ ငွေ ကြည်နူးစွာ ရင်ခုန်နေမိတာတော့အမှန်။

"ရပြီ ... ဒီနားမှာပဲ ချထားခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်နဲ့နီးတဲ့ နေရာမှာ ချိုင်းလိုက်စဉ် ...

"ဘာဖြစ်လို့လဲ၊ မိုးရွာနေသေးတယ်လေ၊ အိမ်အထိပို့ပေးမှာပေါ့"

ငွေ သူ့ကို ကျေးဇူးတင်စွာ ကြည့်လိုက်ပြီး ...

"ပို့ပေးလို့ မဖြစ်လို့ပါ၊ ဒီလောက်ဆို ရပါပြီ၊ အိမ်နဲ့လည်း နီးနေပါပြီ"

ဒီလောက်တော့ သူလည်း ပါးနပ်မည်ထင်။

"ကောင်းပြီလေ၊ အိမ်ပြန်ရောက်ရင်တော့ ကိုယ်ပြောသလို နွေးနွေးထွေးထွေး နေရမယ်နော်"

ကားပေါ်က ဆင်းကာနီးမှာပင် ထပ်၍မှာလိုက်သေးသည်။

တတ်နိုင်ရင် ငွေလည်း သူ့ရဲ့အကြင်နာစကားတွေနဲ့ နွေးထွေးရင်ခုန်ချင်ပေမယ့် ...

ငွေ သက်ပြင်းလေးချပြီး သူ့ ကားပေါ်က ဆင်းလာခဲ့လိုက်သည်။





အပြင်ရောက်သည်နှင့် မိုးရေစက်တွေက အေးခနဲ ကြိုဆိုပြန်သည်။

ထီးမိုးပေးမယ့်သူ မရှိ၍ထင်။ မိုးက ငွေ့ကိုစွတ်စိုချမ်းစိမ့်စွာ ပွေ့ဖက်လျက်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ညာတာပါတေးနှင့်ပဲ ပြောပြော သူ့ဖုန်းထဲမှာ ငွေလရောင် ဖုန်းနံပါတ်လေး ပေါ်နေသည်။

ဒီအတိုင်းတောင်းရင်တောင် ပေးပါ့မလား မသေချာ။

တကယ်ဆို စိုးရိမ်ပူပန်သွားသည့် သူ့ခံစားချက်ကို ငွေလရောင် နားလည်ပေးနေတယ်ဆိုတာ ငွေလရောင် မျက်ဝန်းထဲမှာ သူ တွေ့ခဲ့ရသည်ပဲ။

ဒီအချိန်မှာ သူ့ချစ်သူလေးသာ ဖြစ်နေပါက သူ့ရင်ခွင်ထဲ ထွေးပွေ့ပြီး နွေးထွေးလုံခြုံအောင် ဖက်ထားပေးမိမည်ထင်။

ငွေလရောင် အိမ်ပြန်ရောက်ချိန်လောက်ကို မှန်းပြီး ဖုန်းဆက်လိုက်စဉ် ဖုန်းကို တော်ရုံနှင့်မကိုင်။ ဖုန်းကျခါနီးမှ ...

"ဟဲလို"





အသံတိုးလျှလျှလေးက ပေါ်လာသည်။

"အခု ဘာလုပ်နေလဲ ငွေလရောင်"

"အဝတ်အစားလဲပြီးလို့ ကော်ဖီ ဖျော်နေတယ်"

ငွေလရောင်ဘာသာ လုပ်သင့်တာကို လုပ်နေတာပဲ ဖြစ်စေဦးတော့။

သူကတော့ သူ့စကားအတိုင်း လိုက်နာတယ်လို့ သူဆပြီး ကျေနပ်လိုက်သည်။

"ခေါင်းကရေတွေကိုရော စင်အောင်သုတ်ထားရဲ့လား"

"ဟုတ်ကဲ့"

ဟာ ... ဒီကောင်မလေး၊ ဒီစကားကလွဲပြီး မပြောတတ်တော့ဘူးလား။

သိပ်ပြီး ပူပန်နေသည့် သူ့ကို အငိုက်ဖမ်း မသနားတတ်ဘူးလား။

"အခု ကော်ဖီဖျော်ပြီးသွားပြီလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သောက်လိုက်လေ၊ ဖုန်းတော့မချနဲ့ဦး၊ ကိုယ် ငွေလရောင် ကော်ဖီသောက်တာကို စောင့်နေမလို့"

*ဘာဖြစ်လို့ သူ ဒီလောက် အကဲပိုနေမိရတာလဲ* ဆိုတာ သူကိုယ်တိုင်လည်း အံ့သြနေမိသည်။

"ကျွန်မ သေသေချာချာ သောက်မှာပါ"

ငွေလရောင်လေးက လှိမ့်လွှန်းနေသည်။

"ဟုတ်ပါတယ်၊ ကိုယ် အနားမှာ နေခွင့်မရလို့ အနားမှာ ရှိနေတယ်လို့ ခံစားလို့ရအောင် ဖုန်းမချနိုင်းတာပါ"

"ကော်ဖီက ပူနေသေးတယ်၊ နည်းနည်းကြာမယ်ထင်တယ်"

ချေးဆစ်နေတဲ့ လရောင်လေး၊ သူ ပိုင်ဆိုင်ခွင့်ရတဲ့ တစ်နေ့မှ ဒါတွေပြန်ပြောပြီး ခေါင်းလေးကိုပုတ်၍ အပြစ်ပေးလိုက်ဦးမည်။

"ကြာပစေကွာ၊ ရတယ်၊ ကဲ ... ကော်ဖီသောက်တော့"

အသံလေး တိတ်သွားပြီး ကော်ဖီမှုတ်သံ တဖူးဖူးကို ကြားနေရသည်။

ဒီအသံလေးကိုပင် သူ ကြည်နူးမက်မောစွာ။





သူ လရောင်လေးကို မြတ်နိုးစွာနှင့်စွာ ချစ်မိနေတာ သိုးဝသေချာနေသည်။

သူ့အတွက် လရောင်လေးရဲ့ အသက်ရှူသံကိုပင် ညင်သာသိမ်မွေ့တဲ့ လေပြည်လေး တိုးခတ်သံလို သံစဉ်ချိုမြလျက်။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



ငွေလရောင်နဲ့ ဖုန်းပြောပြီး ဖုန်းချရုံရှိသေးသည်။ သူ့ဆီ ဖုန်းတစ်ခု ဝင်လာသည်။

သူ အမှတ်မမှားဘူးဆိုရင် ဒါ ဆင်းမြတ်မေပျို့ဆီက ဖုန်းပင် ဖြစ်ပေလိမ့်မည်။

"ဟဲလို"

"ကိုအံ့ဘုန်းမြတ်လား၊ ကျွန်မ ဆင်းမြတ်မေပျို့ပါ"

လျှာခေါက်လွယ်သည့် နာမည်ကို သူမ မိဘတွေ ဘယ်လိုပေးခဲ့သည်မသိ။

"ဪ ... မမေပျို့၊ ပြောပါခင်ဗျာ"

"ကျွန်မ ဒီတစ်ခါလုပ်မယ့် ဈေးရောင်းပွဲနဲ့ ပတ်သက်ပြီး ပြောစရာရှိလို့ပါ"



သူ အခုတလော ဒီကိစ္စနဲ့ပတ်သက်ပြီး အလုပ်ရှုပ် နေရသည်။ အခုရော ဘာစိတ်ရှုပ်စရာ ပြောရဦးမလဲမသိ။

"ဟုတ်ကဲ့ ... ရပါတယ်၊ ကျွန်တော် အခု ရုံးခန်းကိုပြန် လာနေပါပြီ၊ နောက်တစ်ခါလောက်ဆို အဆင်ပြေမယ်ထင် တယ်"

ရုံးခန်းမှာ ခဏနားပြီး ကော်ဖီသောက်မည် စိတ်ကူး ထားသည်။ ကော်ဖီသောက်ရင်း ပူပူနွေးနွေး ငွေလရောင်နဲ့တွေ့ ချိန်လေးကို ပြန်ပြီး စမြုံ့ပြန်တွေးဦးမည်။

"အခုချက်ချင်းဆိုရင်ရော မဖြစ်နိုင်ဘူးလား ကိုအံ့ဘုန်းမြတ်"

အလျှင်လိုရန်ကောဟု စိတ်ရှုပ်စွာ အပြစ်တင်မိစဉ် ...

"နောက်ကြည့်မှန်ကနေ ကြည့်လိုက်ပါဦး ကိုအံ့ဘုန်းမြတ် ရဲ့၊ ကျွန်မကားက ကိုအံ့ဘုန်းမြတ်ရဲ့ ကားနောက်မှာ ရန်ကင်းကတည်းက ကပ်ပါလာတာလေ၊ အခု တစ်နေရာ ရာမှာ တစ်ခုခုသောက်ပြီး စကားပြောကြရင် မကောင်း ဘူးလား"

ဒီတော့မှ သူ့ကားနောက်ကို ကြည့်လိုက်စဉ် ဖုန်း နားကို ထောင်ပြီး ရယ်နေတဲ့ သူမကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ရုံးခန်းထဲက အလုပ်တွေ တစ်ပုံတစ် ပင်ကြားထဲမှာထက် အပြင်မှာက ပိုပြီး လွတ်လပ်ပေ့ါပါးတာတော့ အမှန်။

အမျိုးသမီးတစ်ယောက်ရဲ့ တကူးတက တောင်းဆိုမှု ကို ငြင်းရတာလောက် ခက်ခဲတဲ့အလုပ် မရှိ။

"ကောင်းပြီလေ၊ နီးနီးနားနား ဘယ်ကိုသွားမလဲ"

"ကျွန်မ သွားနေကျ 'သိဂ်ီရ'ဆိုတဲ့ ဆိုင်လေးကို သွား ရအောင်၊ ဗဟန်းမှာရှိတဲ့ ဆိုင်လေးလေ"

တကယ်ဆို လက်ဖက်ရည်ဆိုင် ကော်ဖီဆိုင်ဆိုတာ ယောက်ျားလေးတွေ အများစု ထိုင်တတ်ကြတာ မှန်သော်လည်း သူ့ အတွက်ကတော့ ထိုင်ခဲလွန်းသဖြင့် ထိုဆိုင်လေးကို သူ မသိ။

"အင်း ... ဒါဆို မမေဖျိုကား ရှေ့ကသွားလေ၊ ကျွန်တော် နောက်က လိုက်ခဲ့မယ်"

"အိုကေ ... ဒါဆို ကျွန်မ သွားနှင့်ပြီနော်"

ကားမီးလေးဖြင့် အချက်ပြပြီး သူ့ကားကို ကျော် တက်သွားသည်။





သူမကားလေးက သူမလိုပင် သွက်လက်ပေ့ါပါး လျက်။

မဆီမဆိုင် စက်တပ်ယာဉ်နဲ့ လူကို နှိုင်းယှဉ်မိတဲ့ သူ့အတွေးကို သူ့ဘာသာသူ သဘောကျပြီး ပြုံးလိုက်မိသည်။

ဒါဆို သူ့ငွေလရောင်ကို ဘယ်လိုယာဉ်မျိုးနဲ့ နှိုင်း ရပါ့။

ပျို့မျစ်နုနယ်မှုကလွဲရင် ကျန်တာတွေအားလုံးက အားဆေးတည်ငြိမ်လွန်းသူဖြစ်၍ ဒက္ခာရီထဲက လ,ရထားလုလု လေးနဲ့ပဲ နှိုင်းလိုက်ချင်သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



အဝါနုစ်ဖျော့ဖျော့ဝတ်စုံကို သပ်ရပ်ကျနစွာ ဝတ်ဆင်ထားသည့် သူမအသွင်က မြင်လိုက်သည်နှင့် ထင်းခနဲ။

"ဘယ်လိုလဲ၊ ကော်ဖီပဲလား"

သူမက မေးလာ၍ သူခေါင်းညိတ်လိုက်စဉ် သူမကပင် ဦးဆောင်မှာလိုက်တာ တွေ့ရသည်။

"အလုပ်ကိစ္စ ပြောစရာရှိတယ်ဆို"

"ပြောမှာပေါ့ ကိုအုံ့ဘုန်းမြတ်ရယ်၊ ခဏနားပြီး ကော်ဖီလေး ဘာလေး သောက်ပါဦး"

သူမဆီက သိပ်ရင်းနှီးဟန်ပြနေ၍ အနေတည်သော သူ့အတွက် အားတုံ့အားနာ ဖြစ်မိနေသလိုပင်။

သူ့အဖြစ်ကလည်း ရယ်ချင်စရာ။

ငွေရောင်နဲ့ဆို သူကချည်း သွက်လက်နှုတ်ချွင်သလောက် သူမနဲ့ကျရင် သူ့နှုတ်တွေ စေးထန်းနေသည်။





မပြောနိုင်တာမဟုတ်။ မပြောချင်တာပါလို့ဆိုရင်လည်း သူ မတရား။

"ဒီလို ကိုအုံ့ဘုန်းမြတ်ရဲ့၊ စကားမစပ် ကိုအုံ့ဘုန်းမြတ်လို့ ခေါ်ရတာ ပင်ပန်းလိုက်တာရှင်"

ခုထိ အလုပ်ကိစ္စဆီ မရောက်သေး။

"ရပါတယ်၊ ကြိုက်သလိုခေါ်ပါ မမေမျိုး"

သူမက တစ်ချက်ရယ်လိုက်သည်။

ရယ်သံချိုချိုမှာ တစ်ခုခု စွက်ထားသလို အသံက ချိုမြလျက်။

"ဒါဆို အုံ့လို့ ခေါ်မယ်၊ ရမလား"

သူ အုံ့သြလွန်းမက အုံ့သြသွားရသည်။

သူနဲ့ ငယ်သူငယ်ချင်းလည်း မဟုတ်သလို လက်ရှိလည်း သိပ်ရင်းနှီးတဲ့ မိတ်ဆွေတွေ မဟုတ်။

ဒါပေမဲ့ သူမ အသုံးအနှုန်းက သူနဲ့ ရင်းနှီးလွန်းစွာ။

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြက်သီးထမတတ် သူ အံ့ဩနေရခက်သွားတာတော့ အမှန်။

"ကျွန်မတို့ကုမ္ပဏီက ဟိုတစ်နေ့ကလုပ်တဲ့ ဈေးရောင်းပွဲ အစည်းအဝေးမှာ promotion ရက် တစ်ရက် ရတယ်လေ"

ဒါက သူလည်း အသိပင်။ Violet မှာရှိတဲ့ ကုမ္ပဏီကြီးတွေက သီးသန့် promotion လုပ်ချင်သည်ဆို၍ ကုမ္ပဏီတစ်ခုကို တစ်ရက်မနှိုက်ပြီး နေရာချပေးခဲ့ခြင်းဖြစ်သည်။

"သိတယ်လေ ... ဘာဖြစ်လို့လဲ"

သူမက လာချပေးတဲ့ ကော်ဖီခွက် နှစ်ခွက်လုံးကို လှမ်းယူပြီး ...

"ကျွန်မ ဖျော်ပေးရမလား"

အသင့်ဖျော်သောက်ရမည့် ကော်ဖီဖြစ်ပြီး ကော်ဖီနှင့် နို့နံ့လေးက သောက်ချင်စဖွယ်။

"အင်း ... ဖျော်လိုက်လေ"

သူမကို ဘာဖြစ်လို့ ဖျော်ခိုင်းမိရတာပါလိမ့်။ ခြင်းရမှာ အားနာလို့ထင်တယ်။



စကားစပြတ်သွားပြီး သူမ ကော်ဖီဖျော်တာကိုကြည့်နေမိသည်။

ပန်းနုသွေးရင့်ရင့် လက်သည်းဆိုးဆေးနဲ့ သွယ်လျနေတဲ့ လက်ချောင်းလေးတွေက လိုက်ဖက်လှပစွာ။

ဒါပေမဲ့ သူ ရင်ခုန်ရမယ့်အစား ငွေလရောင်ရဲ့ လက်သည်းဆိုးဆေးကင်းတဲ့ တိတိပပ ဖြတ်ထားတဲ့ လက်ချောင်းရှည်ရှည် သန့်သန့်လေးကို မြင်ယောင်နေမိသည်။

လက်ချောင်းလေးတွေရဲ့ သွက်လက်လှပတဲ့ လှုပ်ရှားမှုအောက်မှာ သူ့အတွက် အနံ့သင်းသင်းနဲ့ သောက်ချင်စဖွယ် ကော်ဖီတစ်ခွက် ဖြစ်လာသည်။

"သောက်ကြည့်ပါဦး၊ ကျွန်မကတော့ ကော်ဖီနဲ့ မိုကြိုက်လို့ နို့တွေများ သကြားလျှော့ထားတယ်"

သူ သောက်မြည်းကြည့်လိုက်စဉ် ခါးစိမ့်စိမ့် မွှေးရှရှ အရသာက လျှာဖျားမှတစ်ဆင့် လည်ချောင်းထဲ ပျံ့နှံ့စိမ့်ဝင်သွားသည်။

"ကောင်းပါတယ်"

www.burmeseclassic.com



တကယ်ကို လှိုက်လှိုက်လှဲလှဲကောင်းတဲ့ ကော်ဖီပါလို့ ချီးကျူးသင့်ပေမယ့် ပုံမှန်ပဲ ပြောလိုက်မိသည်။

"ဒါနဲ့ ဆက်ပါဦး"

ခုမှပဲ အလုပ်ကိစ္စ ပြန်စပြောလိုက်ရသည်။

"ဩော် ... အဲဒါ ကျွန်မတို့ Top hill ရတဲ့ရက်နဲ့ ရွှေပိတောက်ပါတိတ်ရတဲ့ရက်ကို နားလည်မှုနဲ့ လဲချင်လို့ပါ၊ ရွှေပိတောက်ကလည်း အဆင်ပြေတယ် လဲပေးမယ်လို့ပြောတယ်၊ ဒါပေမဲ့ အုံတို့ဘက်ကို ကျွန်မတို့ အသိမပေးလို့ မဖြစ်ဘူးလေ"

ဒီလိုကိစ္စမျိုးတွေက ဖြစ်တတ် ရှိတတ်တာမို့ ဆန်းတဲ့ကိစ္စတော့ မဟုတ်။

တစ်ခုပဲရှိသည်။ လဲပြီးကာမှ ဘယ်ရက်က လူလိုလာလို့ ဘယ်လိုဖြစ်တယ် ဘာညာဆိုပြီး မကျေမနပ်သံတွေ ထွက်လာမှာပဲစိုးသည်။

"ရတယ်လေ၊ ဒါဆို Top hill က တာဝန်ရှိသူနဲ့ ရွှေပိတောက်က တာဝန်ရှိသူနှစ်ယောက်လာပြီး ဒီရက် ဒီရက်ကို သဘောတူကြောင်း လက်မှတ်လာထိုးကြလေ"





သူမက နှုတ်ခမ်းနီမစွန်းအောင် ကော်ဖီခွက်ကို ကြွကြွစွစွလေးကိုင်ပြီး သောက်နေရင်း ခေါင်းညိတ်သည်။

သူမရဲ့ ဒီလိုအထက်တန်းကျကျ အမူအရာတွေက ချပ်ရှင်အနေးပြကွက်တစ်ခုလို ထိုင်ကြည့်နေချင်စရာ ကောင်းပေမယ့် စိတ်လှုပ်ရှားဖို့တော့ မကောင်း။

"ကောင်းပြီလေ၊ ဒါဆို ကျွန်မ ရွှေပိတောက်က တာဝန်ခံနဲ့ချိန်းပြီး အုံဆီ ဖုန်းဆက်လိုက်မယ်လေ"

"အင်း ... ဒီလိုပဲ လုပ်ကြတာပေါ့"

သူမက အောင်မြင်စွာပြုံးပြီး ...

"ဒီတစ်ခါ ကော်ဖီကို ကျွန်မတိုက်မယ်၊ တမင် အုံ ရုံးခန်းမှာ အလုပ်ရှုပ်နေမယ်ဆိုတာသိလို့ ခေါင်းရှင်းသွားအောင် အပြင်ခေါ်ထုတ်လိုက်တာ"

တတ်လည်း တတ်နိုင်တဲ့ ဆင်းမြတ်မေပျို။

သူမအတွက် စဉ်းစားပေးတာဆိုတော့ ကျေးဇူးတင်ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူမရဲ့ ရင်းနှီးစွာတိုးကပ်လာပုံကိုတော့ သူ့ သိပ်မနှစ်သက်လှ။

သိပ်လှတဲ့ မိန်းကလေးတွေနဲ့ ရင်းနှီးရတာ အန္တရာယ်များလှသည်ဟု သူ ယူဆထားသောကြောင့်ပင်။

◇ ❤ ◇



အရင်က နေ့တိုင်းနီးပါး လာစောင့်နေတတ်သူက အခု ငွေနဲ့ရင်းနှီးပြီးမှ နှစ်ရက်ခြား သုံးရက်ခြားလောက်မှသာ လာတတ်တော့သဖြင့် ငွေ့ရင်ထဲ ခိုးလိုးခုလု။

မရင်းနှီးခင်ကတစ်မျိုး၊ ရင်းနှီးပြီးမှတစ်မျိုး သူ့စိတ်တွေ လျော့ပါးပြောင်းလဲသွားတာလား။

ဒါမှမဟုတ် သူ ပြောသလို အလုပ်တွေသိပ်ရှုပ်နေ၍ နေ့တိုင်း မလာနိုင်တော့တာလား။

သူ့ရဲ့ရိုးသားတည်ငြိမ်တဲ့ မျက်ဝန်းတွေကို ငွေ ချကြည့်ပေမယ့် မျှော်နေမိတတ်တဲ့ ငွေ့နှလုံးသားက မကျေနပ်ချင်။

ရောက်မလာပေမယ့်လည်း ဖုန်းနေ့တိုင်းဆက်သော ကြောင့် ငွေ့ရင်ခုန်သံတွေကတော့ သွေးအေးမသွား။

www.burmeseclassic.com

www.burmeseclassic.com



မနေ့က မလာသဖြင့် ဒီနေ့လာမည်ဟု ညကဖုန်းထဲမှာ ပြောခဲ့သဖြင့် ငွေ သင်တန်းပြီးချိန်ကို စိတ်စောစွာ။

သင်တန်းချိန်ပြီး၍ စာအုပ်တွေ သိမ်းနေစဉ် သင်တန်းမှာ အမြဲရှိနေတတ်တဲ့ စာရေးကောင်လေး ရောက်လာပြီး ...

"လမ်းထိပ်မှာ ကားတိုက်လို့၊ လူကတော့ ပွဲချင်းပြီးလောက်တယ် ထင်တယ်"

လူတွေက သတင်းထူးဖြစ်၍ စာရေးလေးကို ဝိုင်းမေးနေကြချိန်တွင် ငွေကတော့ ပြန်ဖို့ပဲ စိတ်စောနေမိသည်။

"ကားက ဖင်ကောက်အစိမ်းပုပ်ရောင်လေး၊ နံပါတ်က ၅၈ ထင်တယ်၊ ဒီလူက ဘာတွေစိတ်စောနေတာလဲ မသိပါဘူး၊ နောက်ကားမကြည့်ဘဲ ကားထဲကအထွက် နောက်ကလာတဲ့ကားက အရှိန်နဲ့ ဖြတ်တိုက်သွားတာ၊ အသက်သိပ်မကြီးသေးဘူး၊ အစိတ်ဝန်းကျင်လောက်ပဲထင်တယ်"

ငွေရဲ့စာအုပ်တွေထည့်နေတဲ့ လက်လေးက ခဏလေး အေးစက်တုန်ယင်သွားသည်။ သူ့ကားအရောင်နဲ့ သူ့ကားရှေ့ အက္ခရာ တူနေသည်။ ပြီးတော့ သူ့အရွယ် ...





ဘုရား ... ဘုရား ... ငွေ နှလုံးခုန်သံတွေ အဆမတန် ဆူညံပွက်လောရိုက်သွားသည်။

"လူရည်သန့်ပဲဗျ၊ ကားတံခါးတောင် တိုက်မိပြီး လွင့်ထွက်သွားတယ်၊ လက်ထဲမှာ ကိုင်ထားတဲ့ စာအုပ်တောင်လွင့်ပြီး ကားမှတ်တိုင်နား ကျသွားတာမြင်တယ်၊ ဒီနားတစ်ဝိုက်မှာ သင်တန်းလာတက်တဲ့လူလား မသိဘူး"

နောက်ဆက်တွဲ စကားသံတွေအရ သူ သေချာနေသလိုပင်။

ဘုရားရေ ... သူ ဒီလောက်ကံဆိုးမယ်မထင်။

မဟုတ်ပါဘူး၊ သူ မဟုတ်လောက်ပါဘူး။

စိတ်ထိန်းထားပေမယ့် ငွေ ဆက်ပြီးရပ်နေ၍ မရတော့။

ငွေ့ခြေလှမ်းတွေက ပြေးမိလျက်သား။

ငွေ့မျက်ဝန်းတွေက ဝမ်းနည်းစွတ်စိုမိလျက်သား။

ငွေ့နှုတ်ခမ်းတွေက အရူးတစ်ယောက်လို ရေရွတ်ညည်းတမ်းမိလျက်သား။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ သူ ... မဟုတ်ဘူး၊ သူ ... မဟုတ်ပါဘူး"

ရပ်ထားတဲ့ကားကို လမ်းထိပ်မှာ ယာဉ်ထိန်းရဲတွေ ဝိုင်းနေတာ တွေ့ရစဉ် ငွေ့ နှလုံးခုန်သံတွေက အေးစက်သွားသည်။

တစ်လျှောက်လုံး ရေရွှတ်တောင့်တလာတဲ့ ဆန္ဒ မပြည့်။

ဒါ သူ့ကားမှ သူ့ကား။

သူရော ... ဝိုင်းအုံကြည့်နေတဲ့ လူတွေရဲ့အလယ် မှာလား။

သူမ လူအုပ်ကြီးထဲ တိုးဖော့ဝင်ရောက်သွားမိသည်။

"အုံဘုန်းမြတ် ... ဟင့်အင်း၊ ရှင် ဘာမှမဖြစ်ရဘူး အုံဘုန်း မြတ်"

အရူးကဲ့သို့ ရေရွှတ်မြည်တမ်းနေသည့် ငွေ့ကို လူ တွေက စူးစမ်းအံ့သြစွာ ကြည့်နေကြပြီး နေရာရှဲပေးကြသည်။

မှောက်လျက်သား သွေးအိုင်ထဲမှာ လဲလျောင်းနေတဲ့ သူ။





ငွေ့ ဒူးတွေညွတ်ကွေး ပြုတ်ကျသွားစဉ် ငွေ့လက် အောင်းရင်းဆီမှ တင်းခနဲ ငွေ့ကို ထူမလိုက်တာ သိလိုက်ရသည်။

မျှော်လွှဲ အားပြတ်နေသည့် ငွေ့ကိုယ်လေးက အားနဲ့ ထူလိုက်သည့်လူရဲ့ ရင်ခွင်ထဲကို တန်းခနဲ။

"ငွေလရောင် ... ငွေလရောင် ဘာဖြစ်လို့လဲ"

ငွေ့ရဲ့ စွတ်စိုပူနွေးနေတဲ့ မျက်ဝန်းတွေက အသံလာ ရာဆီကို ဖျတ်ခနဲ အံ့သြစွာ မော့ကြည့်လိုက်စဉ် ...

ငွေ့ကို ထူမ,ထားရင် စိုးရိမ်တကြီး မေးနေတဲ့ အုံဘုန်းမြတ်။

သူ ... ဒါဆို ကားတိုက်ခံရတဲ့သူက သူ မဟုတ် ဘူးပေါ့။

ငွေ ရှက်ရွံ့ပူနွေးစွာ သူ့လက်ထဲက ရုန်းထွက်လိုက် သော်လည်း ရုန်းမရ။

သူက လူအုပ်ကြီးနဲ့ ဝေးရာသို့ ငွေ့ကို ခပ်သွက် သွက် ဆွဲခေါ်လာပြီး ...

"ဘာဖြစ်လို့ ငိုရတာလဲ၊ ဘာလဲ ကားတိုက်ခံရတဲ့လူကို ကိုယ် အောက်မေ့လို့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးစိစိ ပြောင်ချော်ချော် မျက်နှာကိုကြည့်ပြီး ငွေ ဝမ်းနည်းစိတ်တိုလာသည်။

"ပြောလေ ... ကောင်မလေးတစ်ယောက် လူမှားပြီး ငိုနေတာ မဟုတ်လား"

ငွေ စိတ်ထဲက ဖြစ်လာတဲ့ ခံစားချက်ကို ထိန်းမ တော့။ သူ့ရင်ဘတ်ကို ခြေကုန်လက်ပန်းကျနေတဲ့ လက်တွေနဲ့ ထုရိုက်ငိုပစ်လိုက်မိသည်။

"ငွေလရောင် ... ငွေလရောင်"

သူက ငွေ့လက်တွေကို မနာကျင်အောင် ဆုပ်ထား ပြီး ငွေ့ကို နှစ်သိမ့်ဖို့ ကြိုးစားနေသည်။

ငွေ အငိုရပ်ပြီး ပုံမှန်ဖြစ်သွားတော့မှ ...

"ကိုယ့်ကို သိပ်စိုးရိမ်သွားသလား လရောင်လေး"

ငွေ သူ့ရဲ့နူးညံ့တဲ့ မေးခွန်းကို ညင်သာစွာ ခေါင်း ညိတ်လိုက်သည်။

"အဲဒါ ကိုယ့်ကားမှ မဟုတ်တာ"





ကားနံပါတ်တွေ ဘာတွေ ငွေ သေချာမကြည့်မိ။ ငွေ သိတာ သူ့ကားရောင်သာဖြစ်ပြီး တိုက်ဆိုင်လွန်းတဲ့ အနေအထားကို ထင်ယောင်ထင်မှား ဖြစ်သွားခြင်းသာ။

ဘာဖြစ်ဖြစ် ငွေ့ရင်ထဲက အဖြေကိုတော့ သူ ရိပ်မိသိရှိသွားခဲ့ပြီဖြစ်သည်။

"ဆောရီး လရောင်ရယ်၊ ကိုယ် လရောင်ကို စိတ်ပူအောင် လုပ်မိသလို ဖြစ်သွားပြီ"

သူ ခုထိ ငွေ့လက်ကို မလွှတ်သေး။

ငွေ့လက်ချောင်းလေးတွေကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး ...

"ချစ်တဲ့ လရောင်လေးရဲ့စိတ်ကို ကိုယ် ဘယ်တော့မှ နာကျင်ခံစားရအောင် မလုပ်ပါဘူးကွာ"

ငွေ သူ့ကို ရွှန်းရွှန်းစိုစို မော့ကြည့်လိုက်မိစဉ် ...

"လရောင် ... ကိုယ့်ကိုချစ်တယ် မဟုတ်လား"

ငွေ ဘယ်လိုဖြေရပါ့။

ငွေ့နှုတ်တွေ ဖွင့်မရအောင် သိပ်သည်းစွာ ရှက်နေမိသည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"ဖြေလေ လရောင်"

သူက သူ့ရင်ဘတ်မှာ ငွေ့လက်ချောင်းလေးတွေ ကပ်ပြီး မေးလိုက်သဖြင့် သူ့ရင်ခုန်သံကို ငွေ ခံစားသိရှိနေသည်။

ငွေ သူ့ကို ကြည်နူးရှက်ရွံ့စွာ မော့ကြည့်ပြီး ခေါင်းညိတ်လိုက်စဉ် ကောင်းကင်တစ်ခုလုံး ပန်းနုရောင် တိမ်တိုက်တွေ ဖုံးလွှမ်းသွားသည်။

✧❤✧





## အခန်း(၃)

တစ်ခါတလေ ဘဝမှာ ဖြစ်နေတာတွေကို မေ့လျော့ ပြီး ဖြစ်ချင်တာတွေနဲ့ ဖွဲ့တည်နေထိုင်ချင်တတ်တာ လူ့သဘာဝ ...ခဲ့မို့ သူမလည်း လူသားပဲလေ။

ကံကြမ္မာက ပေးထားခဲ့တဲ့ ချို့တဲ့မှုတွေကိုမေ့ပြီး ...အားလေးရနေတဲ့ ပြည့်စုံမှုတွေမှာ သာယာလို့။

ငွေနဲ့အတူ သွားလည်ခဲ့တဲ့ ခရီးစဉ်တစ်လျှောက် ...ပျော်ခဲ့ရတယ်ဆိုပေမယ့် အပြည့်အဝ မဟုတ်။

ဒီအပျော်တွေက သူမ အမြဲပိုင်ဆိုင်ခွင့်မရှိတဲ့ အပျော် ...တွေ။ တစ်စုံတစ်ရာကိုမှီပြီး ပျော်ရတဲ့ အပျော်အတွေအဖြစ် သူမ ...ပျော်ရတာ သိမ်ငယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေရော... ငွေ့မိဘများကပါ သူ့ရဲ့သဘောသမှုကို ဖြေ

ဂရုစိုက်ပေးကြသလို သူမကို ငွေနဲ့မခြား တန်းတူအခွင့်အရေး ပေးပြီး သူတို့မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးကြသဖြင့် သူမမျက်နှာ မငယ်ခဲ့ရ။

ဒါပေမဲ့ မရောင့်ရဲတတ်တဲ့ အမျိုးအစားထဲတွင် သူမစိတ်က ထိပ်ဆုံးက ပါဝင်သူမို့ သူမ ပျော်ရတာမပြည့်စုံ။

ငွေကတော့ ဒါတွေကို အပိုင်ရရှိထားသူဖြစ်၍ တန်ဖိုးမထားတတ်တာလား မသိ။

ငွေ့ပုံစံက သိပ်ပျော်ပုံမရ။

တစ်ခါတလေ ငွေ ငေးပြီး တစ်ခုခုကို အတွေးလွန်နေသည့်ပုံစံမျိုးဖြစ်၍ ငွေ့မေမေကပင် ငွေ့မှာချစ်သူရှိနေပြီလားဟု သံသယဝင်ပြီး သူမကို မေးသေးသည်။

"မရှိပါဘူး အန်တီရဲ့၊ ငွေက အန်တီတို့နဲ့ ကတိပေးထားလို့လား မသိဘူး၊ ချစ်သူကို မထားရဲဘူး ဖြစ်နေတယ်"

"အေးကွယ် ... အန်တီတို့က သမီးကို စိတ်ဆင်းရဲမှာစိုးလို့ အတင်းအကျပ် မပြောတာ၊ တကယ်ဆို သမီးလေးကို





အန်တီတို့အနားမှာပဲ ခေါ်ထားချင်တာ၊ သမီးလေးက လည်း ဒီမှာမနေနိုင်ဘူးဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါပေမဲ့ သမီးလေး အိမ်ထောင်ဖက်ကိုတော့ အန်တီတို့ စိတ်တိုင်းကျ စီစဉ်မှာ"

ငွေ့ဘက်က ပြောသာ ပြောပေးရပေမယ့် ငွေ့မှာ ချစ်သူရှိနေလား ဆိုတာကို သူမကိုယ်တိုင်ပဲ သံသယရှိလာသည်။

"သမီးလည်း သူငယ်ချင်းကောင်း ပီသတယ်ဆိုရင် သမီးလေးမှာ ချစ်သူရှိလာတဲ့အခါ အန်တီတို့ဆီ အကြောင်းကြားပေးပါနော်၊ အန်တီတို့ကိုယ်တိုင် အန်တီတို့စိတ်ချတဲ့ လူ့ရဲ့လက်ထဲမှာပဲ သမီးလေးကို အိမ်ထောင်ချပေးချင်တယ်"

သူမ ခေါင်းညိတ် ကတိပေးခဲ့သည်ကို ငွေ့ကိုအသိမပေးဖြစ်။ သူမ ပေးခဲ့သည့် ကတိကို သူမ တကယ်လိုက်နာနိုင်ပါ့မလား ဆိုတာကိုလည်း အဲဒီအချိန်က အလေးမထားမိ။

မြန်မာပြည်ကို ပြန်လာတဲ့ လေယာဉ်ပေါ်မှာ ငွေက ထူးထူးဆန်းဆန်း မေးခွန်းတစ်ခု မေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ရောက်ရောက်ချင်း မေပျို ဘယ်သူ့ကို တွေ့ချင်ဆုံးလဲ၊ မေပျို တွေ့ချင်တဲ့လူရှိလား"

သူမ ခရီးပန်းသဖြင့် မျက်လုံးတွေကို စေ့မှိတ်ထားသည်။

ငွေ့မေးခွန်းကို သူမမှာ ဖြေရန်အသင့် အဖြေမရှိ။ မျက်လုံးများကို မဖွင့်ဘဲ စိတ်ကူးနဲ့ တွေ့ချင်တဲ့သူကို ပုံဖော်လိုက်စဉ် ...

ထူးခြားဆန်းကြယ်စွာ သူမ မျက်ဝန်းထဲမှာ ပုံရိပ်တစ်ခု ထင်လာသည်၊

အံ့ ...။

ဘာဖြစ်လို့ အံ့ကို သူမ မြင်ယောင်မိရတာလဲ။

သူမ ရင်ထဲမှာ ခိုဝင်နေတာ မဟုတ်ပါဘဲနဲ့ သူမ ဘာဖြစ်လို့ မြင်ယောင်တမ်းတမိရတာလဲ။

"ဟင့်အင်း ... ဘယ်သူ့ကိုမှ မတွေ့ချင်သေးဘူး၊ အိမ်ရောက်ရောက်ချင်း မေပျို လုပ်ချင်ဆုံးအလုပ်က အိပ်ဝင်လိုက်ဖို့ပဲ၊ မနက်ဖြန် အလုပ်ပြန်ဆင်းဖို့ အားတွေပြန်ဖြည့်ရတော့မယ်လေ"





သူမကိုယ်သူမ လိမ်ရန်ပင် ဝန်မလေးတတ်သူမို့ မုသားတစ်ဝက် အမှန်တစ်ဝက် ရောဖြေလိုက်သည်။

သူမ အိပ်ပစ်ချင်တဲ့ဆန္ဒက အမှန်ဖြစ်သည်။

"ဘာဖြစ်လို့လဲ ငွေ"

သူမ မျက်လုံးမဖွင့်သေးဘဲ ငွေ့ကို ပြန်မေးလိုက်စဉ် ...

"ဪ ... လွမ်းရမယ့်လူရှိရင် နှစ်ပတ်ဆိုတဲ့ကာလက လွမ်းလောက်တဲ့ ကာလမို့လို့လေ"

ငွေ့စကားက တစ်ခုခုကို ဝန်ခံဖွင့်ဟနေတဲ့ စကားလား။

ပျင်းပျင်းရိရိ ဖြစ်နေသဖြင့် ငွေ့ကို မစပ်စုဖြစ်တော့။

စေ့မှိတ်ထားဆဲ မျက်ဝန်းတွေထဲက ပုံရိပ်ကို လွမ်းချင်သလိုလို။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



တကယ့်တကယ်ကျတော့ အိပ်ရာထဲ လှဲချလိုက်ပေမယ့် အိပ်မပျော်။

စိတ်ထဲ ဘာလိုလိုနဲ့ ဘာလိုအပ်နေမှန်းမသိ။ အလိုမကျမှုတွေနဲ့ ဝမ်းနည်းနေတာလား။

မေမေ့ကိုလည်း သတိရသည်။

တစ်ခါတလေ မေမေ ချက်ကျွေးတဲ့ ငါးပိချက်စပ်စပ်နဲ့ ဘဲဥချဉ်ရည်ဟင်းကိုစားပြီး မေမေနဲ့ စကားလက်ဆုံကျချင်သည်။

ပါးကွက်ကျားလေးနဲ့ ဆံပင်နှစ်ဖက်စည်းထားတဲ့ ဆယ်တန်းကျောင်းသူအရွယ် သူမကို မေမေက ရင်ခွင်ထဲထည့်ပြီး စကားတွေ ပြောတတ်တာ သတိရလာသည်။

မေမေ သူမကို သိပ်လွမ်းနေမလား။





မေမေ့အတွက် ပိုက်ဆံစုရဦးမည်။

ပိုက်ဆံများများစုမိမှ မေမေ့ကို ရန်ကုန်ခေါ်ပြီး နေရာအနှံ့ လိုက်ပို့ဦးမည်။

အတွေးတွေက ဟိုရောက် ဒီရောက်နဲ့ အိပ်ရာထဲမှာ လူးလူးလွန့်လွန့်။

သူမမှာ နှစ်သိမ့်ပေးမယ့် ချစ်သူအဖော်လိုအပ်နေပြီလား။

ချက်ချင်း အံ့ကို သတိရလာပြန်သည်။

အံ့ကို သူမ ချဉ်းကပ်နေတာ ဦးနှောက်ဆန္ဒအရလား နှလုံးသားဆန္ဒအရလား။

အံ့အကြောင်း စဉ်းစားရင် ဦးနှောက်ရော နှလုံးသားပါ အစာအဟာရ ပြည့်ဝနေသည်။

သူမ အနားမှာရှိတဲ့ ဖုန်းလေးကို ကောက်ယူလိုက်ပြီး အံ့ဆီ ဖုန်းခေါ်လိုက်မိသည်။

မအားသေးပါ ဆိုတဲ့ ဖုန်းထဲကအသံကို နှိပ်စက်ခိုင်းကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်လောက်ခြားပြီး ပြန်ဆက်တော့မှ ဖုန်းဝင်သွားသည်။

"ဟဲလို ... အံ့ဘုန်းမြတ် ပြောနေပါတယ်"

သူမအသံကို မကြားရတာကြာပြီဖြစ်တဲ့ အသံတစ်ခုကဲ့သို့ သူမ မက်မောစွာ ....

"အံ့ ... ကျွန်မ ဆင်းမြတ်မေပျို့ပါ"

"ဩော် ... မမေပျို့၊ ပြန်ရောက်နေပြီလား"

သူမ ထွက်သွားတာ သူ ဘယ်လိုလုပ် သိနေတာပါလိမ့်။

သူမ သူ့ကို အသိမပေးခဲ့တာတော့ သေချာသည်။

"ဟုတ်ကဲ့ ... ရောက်ရောက်ချင်း ကျွန်မ အံ့ဆီကိုအရင်ဆုံး ဖုန်းဆက်လိုက်တာ"

သူမရဲ့ရွေးချယ်မှုအတွက် သူ ဂုဏ်ယူဝမ်းမြောက်လိမ့်မည်ဟု ထင်ပါသည်။

"ကိစ္စ ထွေထွေထူးထူးများ ရှိလို့လား"

သူ ဒီလောက်ရိုးအ,သူမဟုတ်သဖြင့် ဒီလိုပြန်မေးလိုက်ခြင်းက သူမကို အနေရခက်စေသည်။





"အံ့နဲ့ ဖုန်းပြောချင်တဲ့ကိစ္စက လောလောဆယ် ထွေထွေထူးထူးကိစ္စပဲပေါ့"

သူမ ဒီလိုမျက်နှာပြောင်ပြောင်နဲ့ ရဲရဲတင်းတင်းသတ္တိတွေ ဘယ်က ရနေတာပါလိမ့်။

"ဟိုနေ့က ဈေးပွဲတော်မှာ Top hill ရဲ့ promotion ရက်ကို ကျွန်တော် ရောက်သွားသေးတယ်၊ မမေပျို့ကို မတွေ့လို့ မေးကြည့်တော့မှ နိုင်ငံခြားက မိဘတွေဆီ အလည်သွားတယ်လို့ ကြားရတယ်"

သူမ ကုမ္ပဏီမှာ သတင်းလွှင့်ခဲ့သည့်အတိုင်း သူကြားခဲ့ခြင်းဖြစ်သည်။

တကယ်မဟုတ်ပေမယ့် လူအများရဲ့အားကျအထင်ကြီးတဲ့ အကြည့်တွေကို သူမ မက်မောလှသည်။

"ဟုတ်တယ်၊ အံ့အတွက်တောင် ကျွန်မ လက်ဆောင်ဝယ်လာတယ်"

တကယ်တော့ သူမ သူ့အတွက် တမင်ရည်ရွယ်ဝယ်ခဲ့တဲ့ပစ္စည်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ငွေ့ဖေဖေရဲ့မိတ်ဆွေတစ်ယောက်က သူမအတွက် စားပွဲတင်ရေမြပုံလှလှလေးတစ်ခု လက်ဆောင်ပေးခဲ့သည်ကို သူမ သူ့အတွက် ပြန်ပေးလိုခြင်းပင်။

"ဟာ ... မလိုပါဘူးဗျာ၊ ကျွန်တော့်အတွက် ဘာမှဝယ်လာစရာ မလိုပါဘူး၊ အားနာစရာ"

သူမအတွက်တော့ သူ လက်မခံတာကမှ အားနာစရာ ကောင်းနေပေလိမ့်မည်။

"ဒါပေမဲ့ ကျွန်မ ဝယ်လာခဲ့ပြီးပြီလေ၊ အဲ့ အခုအားလား"

စဖုန်းဆက်စဉ်က ချက်ချင်းတွေ့ရန် ဆန္ဒလုံးဝမရှိ။

ဖုန်းပြောနေရင်းနဲ့မှ သူမ သူ့ကို ချက်ချင်းတွေ့ချင်လာသည်၊

"မအားဘူး၊ ကျွန်တော် အခု သွားစရာတစ်ခုရှိတယ်"

သူမဘက်က စချိန်းပြီးပြီမို့ ရအောင်ချိန်းမှပဲ သိက္ခာကျရကျိုး နပ်ပေလိမ့်မည်။

"ဒါဆို မနက်ဖြန်ရော"

ခဏ သူ့ဘက်က စဉ်းစားနေပုံရသည်။ ပြီးမှ –





"ညနေစောင်းလောက်တော့ အားမလား မသိဘူး၊ ဒါလည်း မသေချာဘူးနော်"

ကိစ္စမရှိ သူမအတွက် တစ်နည်းနည်းနဲ့ အချိန်ပေးမှ သူမ ခွဲကောင်းရမည်။

"ရပါတယ်၊ အခုလောလောဆယ် ယာယီချိန်းထားကြတာပေါ့"

"ဟုတ်ကဲ့ ... ဒါဆို ကျွန်တော် အခုသွားစရာလေးရှိလို့"

သူ့ဘက်က ခပ်လောလော ဖြစ်နေပုံရသည်။

"ကောင်းပါပြီရှင်"

သူမဘက်က ဖုန်းချပေးလိုက်ရသည့်အတွက် မကျေနပ်ချင်။ သူမအတွက် သူ့ဆီမှာ ပြောစရာစကားတွေ ရှိမနေတာကိုလည်း မရောင့်ရဲချင်။ သူမကို သီးသန့်အချိန်မပေးနိုင်သည့် သူ့ဘက်က အခြေအနေကိုလည်း မနှစ်သက်။

သူမ မတင်းတိမ်မှုတွေနဲ့ လုံးထွေးရစ်ပတ်ပြီး အိပ်ယာဆီ ကြိုးစားနေစဉ် ...

"မေပျိုရေ ... အိပ်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝက ငွေ့အသံကို ကြားလိုက်ရသည်။

"အင်း ... အိပ်မလားလို့"

"ဒါဆို အိပ်လိုက်လေ၊ ငွေ့အပြင်သွားမလို့၊ ညနေစာ ငွေ အပြင်မှာပဲ စားဖြစ်မယ်ထင်တယ်၊ မေပျို ငွေ့ကိုညနေစာ စားဖို့ မစောင့်နဲ့တော့နော်"

အခန်းတံခါးဝမှာ ခေါင်းလေးပြူရုံသာဝင်ပြီး ငွေက လှမ်းပြောသည်။

ခပ်ပျော့ပျော့ ငွေက ဒီတစ်ခါ သူမထက်ပိုပြီး ခံနိုင်ရည်ရှိပုံရသည်။ ခရီးပန်းသည့်အသွင် လုံးဝမရှိ။

"အင်း ... မိုးမချုပ်စေနဲ့နော်"

သူမ အိပ်ရာပေါ်က မထဘဲ မှာလိုက်သည်။

"မိုးမချုပ်ပါဘူး မေပျိုရဲ့၊ ဘာမှာဦးမလဲ"

လောလောဆယ် အတွေးတွေနဲ့ နစ်မွန်းနေချင်ရုံက လွဲ၍ ဘာဆန္ဒမှမရှိ။

✧ ❤ ✧





သူမနဲ့ ယာယီချိန်းထားသည့်အချိန် အဆင်ပြေမပြေ ... နေ့လယ်ခင်းအထိ သူမ စောင့်မျှော်နေပေမယ့် သူ့ဆီမှ ဘာမှ ...က်သွယ်လာခဲ့။

ဖုန်းဆက်ရန် ကြိုးစားလိုက်တိုင်း ရွှံ့သလိုလိုနဲ့ ...ဘောက်က ချီတုံချတုံ။

"အဲဒီနေ့က အံ့ဘုန်းမြတ်က မေပျိုကို အသည်းအသန် လိုက်ရှာပြီး မနေနိုင်တဲ့အဆုံးမှ မမျိုးကိုမေးတာ"

မမျိုးက သူမ လက်ဆောင်အဖြစ် ဝယ်လာတဲ့ ...ခမ်းနီတောင့်ကို ချက်ချင်းထုတ်ဆိုးနေရင်း လှမ်းပြောသည်။

"မမျိုးက နိုင်ငံခြားသွားတယ်လို့လည်း ပြောလိုက်ရော အပြီးသွားတာလား၊ ဘယ်လောက်ကြာမှာလဲနဲ့ ... ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ တကယ် ဒီလို မေးခဲ့တာလား။

မမျိုး စကားကို အကုန်လုံးမယုံချင်ပေမယ့် ယုံချင်နေပြန်သည်။

တကယ်ဆိုရင်ဆိုတဲ့ အတွေးနဲ့တင် ကြည်နူးစရာကောင်းနေသည် မဟုတ်လား။

"ဒီတော့ မမျိုး ဘယ်လိုပြောလိုက်လဲ"

မမျိုးက ဆိုးပြီးပြီဖြစ်တဲ့ နှုတ်ခမ်းကို မှန်ထဲမှာ ပုံကျမကျ ကြည့်နေသည်။

ဒီအချိန် မမျိုး ခေါင်းထဲမှာ နှုတ်ခမ်းနီကလွဲ၍ ဘာမှ ရှိမည်မထင်။

သူမ မမျိုး စကားကိုယုံဖို့ အားလျော့သွားပြန်သည်။

"အင်း ... သူ့မိဘတွေဆီ အလည်သွားတာ၊ နှစ်ပတ်လောက်ပဲကြာမယ်လို့ ပြောလိုက်တာပေါ့၊ ဒီတော့မှ အံ့ဘုန်းမြတ်မျက်နှာက လင်းသွားတော့တယ်"

သူမ ခွတ်မျက်စိမှိတ်ပြီး ယုံလိုက်သည်။





ဘာပဲဖြစ်ဖြစ် မမျိုးစကားကို သုံးပုံတစ်ပုံ ကျုံ့ပစ်လိုက်ဦးတော့ ကျန်တဲ့တစ်ပုံမှာ သူ သူမကို မေးနိုင်လောက်သည့် ကိစ္စက ဖြစ်နိုင်သည်ပဲလေ။

"မမျိုးနဲ့ လိုက်လား မေပျို"

သူမ ခေါင်းမညိတ်ချင် ညိတ်ချင် ညိတ်ပြလိုက်ရသည်။

"ဘာပဲဖြစ်ဖြစ် မမျိုးကတော့ အံ့ဘုန်းမြတ်နဲ့ မေပျိုကို သိပ်လိုက်ဖက်တယ်လို့ ထင်တာပဲ"

မမျိုး ပြောသမျှ စကားတွေထဲမှာ ဒီစကားက အမှန်ကန်ဆုံးပင်။

သူမ သူ့ဆီ ဖုန်းဆက်ဖို့ ဆုံးဖြတ်လိုက်ပြန်သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်တိုင်း Busy ဖြစ်နေတတ်တဲ့ သူ့ဖုန်းကြော
သူမ စိတ်ရှည်ရှည်ထားပြီး ဖုန်းခေါ်ရသည်။

ဖုန်းဝင်သွားသည်နှင့် သူ့အသံကို ထုံးစံအတိုင်း ကြားလိုက်ရသည်။

"ဟဲလို ... အုံ့ဘုန်းမြတ် ပြောနေပါတယ်"

"အုံ ... ကျွန်မ မေပျိုပါ"

"ဆောရီး ... မမေပျို၊ ကျွန်တော် အလုပ်တွေရှုပ်နေ
ဖုန်းဆက်ဖို့တောင် မေ့သွားတယ်"

သိပ်အလုပ်ရှုပ်နေသူကို သူမ အနှောင့်အယှက်ပေး
သလိုများ ဖြစ်နေသလား။

"ကျွန်မတို့ ဒီညနေ အစီအစဉ်တော့ မပျက်လောက်ပါဘူး
နော်"



"အင်း ... ကိစ္စတစ်ခုတော့ရှိတယ်၊ ဒါပေမဲ့ ညနေတော့ ပြီးလောက်မယ် ထင်တယ်"

သူနဲ့သာ ချစ်သူဖြစ်ရရင် သူ့ရဲ့အချိန်ရှားပါးမှုအတွက် သူမ စိတ်ကသိကအောက် ဖြစ်ရမှာလား။

"ဒါဆို ခြောက်နာရီလောက် အဆင်ပြေမလား"

"ပြေမှာပါ၊ ဘယ်မှာတွေ့မလဲ"

ခုကတည်းက စွဲနေသည့်မိုးက ညနေထိတိတ်မယ့်ပုံမပေါ်။ မိုးအေးအေးမှာ သူမ နှစ်သက်စွာ စားလေ့ရှိသည့် HotPot ဆိုင်လေးကိုပဲ ချိန်းလိုက်မိသည်။

သူမ ဖုန်းချလိုက်သည်နှင့် မမျိုးက အံ့ဩသော မျက်နှာနှင့် လှမ်းကြည့်ပြီး ...

"ကြည့်စမ်း ... သူတို့က ဆိုင်မှာချိန်းတွေ့ကြတဲ့ အခြေအနေတောင် ရောက်နေပြီကိုး"

သူမ ကျေနပ်စွာ ပြုံးလိုက်ပြီး ...

"မိတ်ဆွေတွေအဆင့်ပဲ ရှိပါသေးတယ် မမျိုးရဲ့"

မမျိုးက ပခုံးတွန့်ပြပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းစရာပဲ၊ မိတ်ဆွေချင်းအတူတူ ငါတို့ကတော့ Hot Pot စားရဖို့ ကံမပါဘူးကွယ်"

သူမ မမျိုးရဲ့အမူအရာကို ရယ်ရယ်မောမောကြည့်နေမိရင်း ...

"အိမ်ပြန်ရင် မမျိုး အမျိုးသားကိုခေါ်ပြီး သွားစားကြပေါ့"

"အမယ်လေး ... ကလေးရပြီးကတည်းက လင်မယားနှစ်ယောက်တည်း တစ်ခါမှ အေးအေးဆေးဆေး ဆိုင်မထိုင်ဖြစ်တော့ပါဘူး၊ သွားကြပါ၊ သွားကြပါ၊ ဒါမျိုးက သမီးရည်းစားဘဝမှာပဲ အရသာရှိတာ"

မမျိုး ပြောသလို သူမတို့က သမီးရည်းစားအနေအထား မဟုတ်သော်လည်း သူမ စိတ်ကူးယဉ်ပြီး ကြည်နူးပစ်လိုက်သည်။

✦ ❤ ✦



သူမက အေးအေးဆေးဆေး စိမ်ပြေနပြေ အလှပြင်ပြီး မှန်ထဲကြည့်လိုက်စဉ် နုဖပ်စိုလဲ့နေတဲ့ မျက်နှာလေးကို အားရကျေနပ်စရာတွေ့ရသည်။

မိုးအေးတဲ့ညနေခင်းလေးဖြစ်၍ အနက်ရောင်လည်ထောင်လက်ပြတ်အင်္ကျီလေးကို ဂျင်းပန်အပြာနုလေးနဲ့ တွဲဝတ်လိုက်သည်။

ပေါ့ပါးလွတ်လပ်သည့် အသွင်လေးက ချစ်သူနဲ့ အပြင်ခဏတစ်ဖြုတ် အလည်သွားမည့်ပုံမျိုးလေးပင်။

ဆံပင်တွေကို ခပ်တင်းတင်း စည်းထားပြီးမှ စိတ်ဆိုင်းမကျသဖြင့် လွတ်လွတ်လပ်လပ် ချထားလိုက်သည်။ နိုင်ငံခြားသွားခင်လေးကမှ ကောက်ထားသည့် ခပ်ပြေပြေ အလိပ်ကြီးက ခွေနွဲ့နွဲ့ ပခုံးပေါ်မှာဝဲလျက်။

www.burmeseclassic.com

www.burmeseclassic.com



"လှလိုက်တာ မေမျိုးရာ၊ ဘယ်သွားမလို့လဲ"

ငွေက ညနေစာအတွက် အသီးအရွက် တစ်… ကြော်နေရာကမြင်ပြီး လှမ်းမေးသည်။

"အသိတစ်ယောက်နဲ့ ချိန်းထားလို့ ငွေ"

Hot Pot သွားစားမယ်လို့တော့ မပြောဖြစ်။ HotP… ကြိုက်တဲ့ ငွေ့ကို မခေါ်ချင်သေးလို့ပင်။

"ဘာလဲ … ယောကျ်ားလေး မိတ်ဆွေလား"

မစပ်စုစဖူး စပ်စုလိုက်တဲ့ ငွေကြောင့် သူမစိတ်… ကသိကအောက် ဖြစ်သွားသည်။

"မဟုတ်ပါဘူး၊ အလုပ်ထဲက ကလေးမလေးတစ်ယော… နဲ့ အလုပ်ကိစ္စ ပြောစရာရှိလို့ပါ"

တစ်ခါတလေ အလုပ်ထဲမှာ ပြဿနာရှိသော St… တွေကို အပြင်မှာတွေ့ပြီး စည်းရုံးချော့မော့ ပြောဆိုရတာမျိုး… ရှိ၍ ငွေက အလွယ်တကူ ယုံသွားသည်။

"ကားထဲကထီးကို ငွေ အပြင်ထုတ် လှမ်းထားတယ်၊ ဆေ… ထီးလိုရင် ယူသွားလိုက်ဦး"





မိုးရွာနေသော်လည်း ခပ်ဖွဲဖွဲသာဖြစ်၍ မယူဖြစ်တော့။

စိတ်စောနေတဲ့သူမ ဆိုင်ကို ငါးမိနစ်စနေ့စောပြီး ရောက်သွားစဉ် သူ ရောက်မလာသေး။

အမြဲတမ်း အချိန်တိကျတဲ့သူမ ဒီလို စောရောက်နေတာ သူမကိုယ်သူမ လှောင်ချင်စရာပေ။

သူကတော့ ချိန်းထားတဲ့အချိန်ထက် ဆယ်မိနစ် နောက်ကျပြီးမှ ရောက်လာသည်။

ခပ်လောလောပုံစံနှင့် စိတ်မောလူမောပုံစံ ပေါက်နေတဲ့သူ့ကို သူမ အားနာကရုဏာသက်စွာ ကြည့်နေမိသည်။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး မမေပျို၊ ကျွန်တော် နည်းနည်းနောက်ကျ သွား တယ်၊ ဒါတောင် သူငယ်ချင်းတချို့နဲ့ ချိန်းထားတာကို ဖျက်လိုက်ရသေးတယ်"

သူမနဲ့တွေ့ဖို့ ဒီလောက် ကြိုးပမ်းခဲ့ရတာကို ကျေ နပ်ရမလား၊ အားနာရမလား မတွေးတတ်။

"ရပါတယ် အဲ့ရဲ့၊ အဲ့ စိတ်ပင်ပန်းရတာကိုကြည့်ပြီး ကျွန်မ အတော်အားနာနေရပြီ"

သူက သူမနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ပြီး...

"ရပါတယ်ဗျာ"

တကယ်ဆို နှစ်ယောက်စလုံး လန်းလန်းဆန်းဆန်း နဲ့ ကြည်ကြည်နူးနူး ဖြစ်နေဖို့ ကောင်းသည်။





ခုတော့ သူ့ပုံစံက နွမ်းနယ်ပြီး စိတ်မပါသည့်ပုံ။ မဖြစ်မနေ တာဝန်တစ်ခုကို ပြီးပြီးရောဆိုပြီး လုပ်ပေးနေသည့် ပုံစံနှင့် တူလှသည်။

"အဆင်ပြေရဲ့လား၊ အဆင်မပြေရင် ကျွန်မကို အားမနာ ပါနဲ့၊ ပြန်ကြရအောင်"

သူမ ကိုယ်တိုင်လည်း စိတ်ထဲ ကသိကအောင့်ဖြစ် သလို ခံစားရသဖြင့် ကြည်နူးမှုကို ပြည့်ပြည့်ဝဝ မရတော့။

"ဟား ... တကူးတကချိန်းပြီးမှတော့ ထားလိုက်ပါတော့"

သူမရဲ့ လျော့ကျသွားတဲ့ စိတ်ခံစားမှုကို သူ ဘယ် လောက် ဆွဲတင်ထူမတ်ပေးမှာပါလိမ့်။

"ကဲ ... ကျွန်တော် ထည့်လိုက်တော့မယ်နော်"

သူက သူမမှာထားတဲ့ အသားပန်ကန်၊ အသီးအရွက် ပန်းကန်တွေကိုကြည့်ပြီး ပြောလိုက်သည်။

သူမ ခေါင်းသာညိတ်ပြလိုက်မိသည်။

Hop Pot အိုးကို တူရှည်တစ်စုံနဲ့ မွှေနေတဲ့သူ့ကို ကြည့်ရင်း သူမ ညနေခင်းကို အသက်ဝင်အောင် ကြိုးစားနေစဉ်...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အုံ့ဘုန်းမြတ်၊ မိပြီ ... ဝရမ်းပြေး၊ မင်းပြောတော့ အရေးကြီးတဲ့ အလုပ်ကိစ္စရှိလို့ဆို"

သူ့နောက်ကျောကနေ ဘွားခနဲ ရောက်လာတဲ့ လူတစ်စုက သူ့ကျောကိုပုတ်ပြီး အော်ပြောလိုက်တာ တွေ့လိုက်ရသည်။

"ဟာ ... မင်းတို့ ဘာလာလုပ်တာလဲ"

နီရဲစိတ်ရှုပ်သွားတဲ့ သူ့မျက်နှာကို မြင်နေရသည်။

"သူငယ်ချင်းတွေနဲ့စားလည်း Hop Pot က ဒီအရသာပါပဲကွာ၊ ဘာလဲ ... မင်းက ပိုအရသာရှိတယ် ထင်လို့လား"

တစ်ယောက် တစ်ယောက် ပြောနေကြတာကိုကြည့်ပြီး သူရော သူမပါ ကြောင်အမ်းအမ်းဖြစ်နေလျက် ...

"ဟော့ကောင် ... မိတ်ဆက်ပေးဦးလေ၊ ဘာလဲ ... မင်းအမျိုးသမီးက သိပ်လှနေလို့ ဖွက်ထားချင်တာလား"

သူမ မျက်နှာ ပူနွေးသွားသလို အဲဒီပူနွေးနွေးခံစားမှုကိုလည်း သူမ နှစ်သက်နေသည်။

"ဟာ ... မဟုတ်ဘူး၊ မင်းတို့ အထင်မှားနေတာကွ၊ သူက ငါ့ရိုးရိုးသားမိတ်ဆွေပါ"



သူက အပြင်းအထန် ငြင်းဆန်ဖို့ ကြိုးစားလေလေ သူ့သူငယ်ချင်းတွေက ပိုတိုးပြီး ပြောကြလေလေဖြစ်ရာ ဆိုင်ထဲမှာ သူမတို့ဝိုင်းက စည်ကားဆူညံနေသည်။

"ဟုတ်လား ... ဒါဆို ငါတို့နဲ့ မိတ်ဆက်ပေးလေ၊ ငါတို့နဲ့ ချိန်းထားတာကိုတောင်ဖျက်ပြီး လာခဲ့ရတာဆိုတော့ ငါတို့ထက် သူ့ကို ပိုခင်တဲ့သဘောပေါ့ ဟုတ်လား"

စနေမှန်း သိနေ၍ စိတ်ဆိုးရအခက်၊ ထပြန်ရအခက်နှင့် သူရော သူမပါ နေရခက်လှသည်။

"ဒါနဲ့ ဒီကနာမည်က ဘယ်သူပါလဲခင်ဗျာ"

ပြုံးစိစိနဲ့ ဖော်ဖော်ရွေရွေနဲ့ သူ့ဂိုဏ်းထဲက တစ်ယောက်က မေးလာသဖြင့် ...

"ဆင်းမြတ်မေပျိုပါရှင်"

"ဟား ... နာမည်လည်းလှ၊ လူလည်းလှနဲ့ ဒီကောင်ဘယ်လို ကျိတ်ရှာထားလဲ မသိဘူး၊ ပြောလိုက်ရင် အလုပ်များတယ် များတယ်နဲ့ လက်စသတ်တော့ ဒီလိုကိုး"

www.burmeseclassic.com



သူ ဝန်မခံမချင်း စနေသာ့် ပုံစံများကြောင့် သူ တစ်ခုခု ဆုံးဖြတ်ထားမြစ်ဖို့ ကောင်းသည်ဟု စဉ်းစားနေစဉ်မှာပင် ...

"ကဲ ... မင်းတို့ထင်တာ အမှန်ပဲကွာ၊ ဒါဆို ကျေနပ်ပြီ မဟုတ်လား"

သူမကို အားနာစွာ လှမ်းကြည့်သည့် အကြည့်ထဲမှာ ခွင့်တောင်းသည့် အရိပ်ကိုပါ တွေ့လိုက်ရသည်။

"မကျေနပ်သေးဘူး၊ ငါတို့ဝိုင်းအတွက်ပါ မင်း ရှင်းပေးရမယ်၊ ဘယ်လိုလဲ"

သူ ခေါင်းကို တဗျင်းဗျင်း ကုတ်နေပုံက သနားစရာကောင်းသလို ရယ်စရာလည်း ကောင်းနေသည်။

"အေးပါ ... ကဲ ... မင်းတို့ဝိုင်း သွားကြတော့၊ သူ့ကိုလည်း အားနာကြဦးလေကွာ"

"ဟာ ... စိတ်ချ၊ ငါတို့သွားပြီ၊ မဆင်းမြတ်မေပျို ဘယ်လိုမှ မအောက်မေ့ပါနဲ့နော်၊ ဒီကောင်က သိပ်ရိုးလွန်းတဲ့သူဆိုတော့ ဒီလိုတွေ့ရမယ်လို့ လုံးဝမထင်ထားဘူးလေ





ပြီးတော့ ဒီကောင့်ကို ခင်လွန်းလို့စတာ စိတ်မဆိုးပါနဲ့နော်"

လူရည်မွန်များဖြစ်၍ သူတို့စတာ လွန်မှန်းသိပြီး ဆောင်းပန်ပြီးတော့မှ ထွက်သွားကြသည်။

ဒါတောင် ခပ်လှမ်းလှမ်းဝိုင်းမှာ နေရာယူကြပြီး ပြုံးဖြဲဖြဲလုပ်နေရသေးသည်။

"ဆောရီး ... မမေပျို၊ ဒီကောင်တွေက အထက်တန်းကျောင်းသားဘဝကတည်းက တွဲလာခဲ့တဲ့လူတွေဆိုတော့ ပြောမနာ ဆိုမနာတွေ ဖြစ်နေတာ၊ မမေပျိုအတွက်တော့ သူတို့ အပြုအမူတွေက နိုင်သလို ဖြစ်နေမလား မသိဘူး"

"ဟာ ... မဟုတ်ပါဘူး၊ ဒီလို ပျော်တတ်တဲ့ သူငယ်ချင်းတွေရှိတာ အံ့ ကံကောင်းတာပေါ့၊ ကျွန်မတောင် သူတို့ကို ခင်ချင်သွားတယ်"

သူမအတွက် လမ်းလေးတစ်ခုကို ခင်းပေးခဲ့ကြသူများအဖြစ် သူမကတောင် ကျေးဇူးတင်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မမေပျိုရဲ့သိက္ခာကို မကာကွယ်ပေးသလို ဖြစ်သွားတယ်လေ"

ခုချိန်ထိ သူမ ဒီကိစ္စအတွက် သိက္ခာထိပါးသွားတယ်လို့ မယူဆမိ။

"ဟာ ... မဟုတ်တာ"

သူမ သူ အားနာနေတာကို မကြည့်ရက်စွာ ဆက်ငြင်းလိုက်ရပြန်သည်။

"တကယ်လို့ ဒီစကားကို မမေပျိုရဲ့ချစ်သူသာ ကြားသွားမယ်ဆိုရင် ဘယ်ကောင်းပါ့မလဲ"

ဩော် ... ခက်ပါဘိ၊ ချစ်သူရှိတဲ့ မိန်းကလေးတစ်ယောက်က ဒီအချိန်မှာ သူနဲ့ ဆိုင်လာထိုင်ပါ့မလား၊ ကိုယ့်ချစ်သူနဲ့ကိုယ် ကြည်နူးနေမှာပေါ့။

သူမ နားလည်စွာ ပြုံးလိုက်ပြီး ...

"ဒီကိစ္စကတော့ ဖြစ်လာမှာ မဟုတ်ဘူး၊ စိတ်ချပါ အံ့ရဲ့"

ဘာဖြစ်လို့လဲလို့ သူ ဆက်မေးလေမလားဟု ခဏစောင့်လိုက်သော်လည်း သူ့ဆီက ဆက်မထွက်လာ။





"ဘာဖြစ်လို့လဲ ဆိုတော့ ..."

သူမ သူ့ဆီကစကားစ ချူလိုက်ပေမယ့် မအောင်မြင်ပြန်။ သူ အားတုံ့အားနာနဲ့ နှုတ်ဆိတ်နေဆဲ။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာ ချစ်သူမရှိဘူးလေ"

ဒီတော့မှ သူ လွတ်လပ်ပေါ့ပါးသွားပုံရသည်။

ပါးစပ်ဟ၍ အသက်ပြင်းပြင်း ရှူလိုက်သည်ကို တွေ့ရပြီး ...

"လာ ... စားကြစို့၊ ကျွန်တော် နေ့လယ်ကတည်းက အလုပ်ရှုပ်ပြီး ဘာမှမစားဖြစ်ထားဘူး၊ ဗိုက်ဆာနေပြီ"

ခုတော့လည်း ကလေးတစ်ယောက်လို စားစရာဆီသို့ အာရုံရောက်သွားပြီး သွက်လက်ဖြန့်ဆန်စွာ စားဖို့ပြင်နေပြန်သည်။

ဘာဖြစ်လို့ သူမ အမြင်မှာ သူ့အပြုအမူတိုင်းက ချစ်စရာကောင်းနေပါလိမ့်။

သူမ လက်ဆောင်ပေးတော့လည်း သူက နှစ်သက်စွာ လက်ခံပေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကြားမှာ လက်ဆောင်တွေ ဘာတွေ မလိုပါဘူး၊ တစ်ယောက်အလုပ်နဲ့ တစ်ယောက်အလုပ်က ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီတွေပဲ"

သူမ စိတ်ထဲက ရယ်လိုက်မိသည်။

သူ ပြောပုံက သူမက အလုပ်ကိစ္စအတွက် လာဘ်ထိုးသည့်ပုံစံနှင့် တူနေသည်။

"ခု ကျွန်မတို့ တွေ့နေတာ အလုပ်ကိစ္စအတွက် မဟုတ်ဘူးနော်၊ အလုပ်ကိစ္စတွေ မပါကြေးစကား ပြောရအောင်"

သူက သူမကို HotPot အိုးထဲက အသားတချို့ဆယ်ရင်း လှမ်းကြည့်သည်။

HotPot အိုးထဲက အငွေ့တွေကြောင့် သူ့မျက်ဝန်းတွေကို ကောင်းကောင်းမမြင်ရ။

"အလုပ်ကိစ္စအကြောင်း မပြောကြေးဆိုရင် ကျွန်တော်တို့မှာ စကားပြောစရာ ရှိပါတော့မလား"

တုံးလိုက်တာ အံ့ရဲ့၊ သေလိုက်ပါတော့။

အားမလိုအားမရ၊ ကရုဏာဒေါသနဲ့ သူမအောင့်သက်သက် ဖြစ်သွားသည်။





"အံ့ရယ် ... တစ်နေ့ တစ်နေ့ ကျွန်မရော အံ့ရော အလုပ်ထဲမှာ စိတ်ရောလူပါ နှစ်ထားရတာ ဘယ်လောက် စိတ်ပင်ပန်းလိုက်သလဲ၊ တစ်ခါတလေ အဲဒါတွေကိုမေ့ပြီး လွတ်လွတ်လပ်လပ် နေကြရအောင်"

သူက သူမစကားကို ထောက်ခံသလို ခေါင်းညိတ်ပြပေမယ့် လိုက်လိုက်လဲ့လဲ့မဟုတ်။

"ရာသီဥတုက လွမ်းစရာ ကောင်းလိုက်တာနော်"

သူမ စကားကြောင်းလိုက်စဉ် ...

"ဟုတ်တယ် မမေဖျို၊ ကျွန်တော်တော့ လွမ်းတယ်"

သူ့စကားကြောင့် သူမ နည်းနည်းတုန်လှုပ်သွားသည်။

"အံ့မှာ လွမ်းစရာ ရှိလို့လား"

သူမ မမေးရဲပေမယ့် မေးမိလိုက်သည်။

သူက သူမ မေးခွန်းကိုဖြေရန် နှုတ်ခမ်းတွေ ချိုမြသွားသည်။

"ရှိတာပေါ့၊ ကျွန်တော့်မှာ လွမ်းဖို့ကောင်းတဲ့ ချစ်သူလေး ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲ လှိုက်ဟာပြီဆင်းသွားသည်။

လက်ဖျားတွေ အေးစက်သွားတဲ့ ခံစားမှုမျိုး သူမ ခုမှပဲ ခံစားဖူးတော့သည်။

ထိန်းထားစမ်း မေပျို။ သူ့ချစ်သူထက် သူမက ပိုပြီးဆွဲဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ထားလိုက်စမ်း။

"ဝက်သားပြားက သိပ်မနူးသလိုပဲနော် အံ့"

သူမ ပြောင်းလိုက်တဲ့ စကားလမ်းကြောင်းပေါ် သူက အလိုက်သင့်လေး ပြန်ပါလာသည်။

"မမေပျို ဆယ်တာ စောလို့ဖြစ်လိမ့်မယ်၊ ရော့ ... ဒီ အဖတ်လေးက နူးလောက်ပြီ"

သူ ထည့်ပေးတဲ့ ဝက်သားဖတ်လေးက ချိုအီနူးညံ့ စွာ။

ကဲ ... သူ့ချစ်သူတောင် သူမလောက် ကံကောင်း ပါ့မလား။ ဒီအချိန်မှာ သူနဲ့အနီးဆုံးမှာ ကြည်နူးစရာ ခံစားချက် တွေ မျှဝေခံစားနိုင်လို့လေ။

"အံ့ ... ကျွန်မကို မေပျိုလို့ ရင်းရင်းနှီးနှီး ခေါ်ပါလား"





သူက ရယ်သည်။

ရယ်လိုက်ရင်း ပိုကြည့်ကောင်းတာ သူမ ခုမှသိ လိုက်ရသည်။

"ဟုတ်ကဲ့ ... မေပျို"

သူကတော့ သူ့ရဲ့ရင်းနှီးတဲ့ အခေါ်အဝေါ်လေးမှာ ဆောင် ရင်ခုန်ချင်နေပြန်သည်။

ခက်ပါရော့။

သူမ ဒီလောက် သူ့ဆီမှာ ပျော်ဝင်ခံစားဖို့မကောင်း။

ဆင်းမြတ်မေပျို ဆိုတဲ့ သူမက အမြဲတမ်း နှလုံး သား အေးစက်စက်နဲ့ အတ္တဆန္ဒတွေကို ရှေ့တန်းတင်တတ်တဲ့ သူပဲလေ။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါဆိုရင်တော့ သူ အားနာစွာနဲ့ သူမကို ငြင်းပစ်ဖို့ စိတ်ကူးထားသည်။

သူမဘက်က ရိုးသားစွာ ခင်မင်ခြင်း ဖြစ်ကောင်းဖြစ်နိုင်သော်လည်း သူမ စကားလုံးတွေ အပြုံးတွေကြားမှာ သူ နေရခက်လှသည်။

တစ်ခါတလေ သူမ အပြုံးတွေက ဆွဲငင်ညို့ယူနေတဲ့ အငွေ့အသက်တွေ ပါနေသလို သူမစကားလုံးတွေကလည်း စည်းရုံးသိမ်းသွင်းသလို ခံစားနေရသည်။

သူမနဲ့ မိတ်ဆွေဖြစ်နေခြင်းကို ငွေ စိတ်အနှောင့်အယှက် ဖြစ်မည်စိုး၍ ငွေ့ကို အသိမပေးထား။

စပ်စုစူးစမ်းမှုနည်းသည့် ငွေကလည်း သူနဲ့ပတ်သက်၍ ဘာမှ မမေးဖူးပေ။



သူ ပြောသမျှ သူ့အကြောင်းတွေကလွဲ၍ ဘာမှ သိချင်စိတ် မရှိရှာ။

ရိုးသားတာပဲ ပြောပြော၊ စည်းစောင့်တယ်ပဲပြောပြော၊ သူကတော့ ဒီအချက်ကို နှစ်သက်သည်။

သူချစ်တာ ငွေလရောင်ဆိုတဲ့ ကောင်မလေးဖြစ်သလို ငွေချစ်တာကလည်း အံ့ဘုန်းမြတ် ဆိုတဲ့ အမျိုးသားတစ်ယောက်သာဖြစ်သည်။

"ဆရာ"

သူ့ကော်ဖီသောက်ရင်း အတွေးလွန်နေသည့်အတွက် မျိုးနိုင် ခေါ်သံကြားမှ သတိပြန်ဝင်လာသည်။

"ဘာလဲကွ"

မျိုးနိုင်က သူ သောက်ပြီးသား ကော်ဖီခွက်ကို သိမ်းလိုက်ရင်း ...

"ဆရာ့ကို မေးစရာရှိလို့၊ မေးရင်ကောင်းမလား၊ မမေးရင်ကောင်းမလား စဉ်းစားနေတာ"

www.burmeseclassic.com

www.burmeseclassic.com



မျိုးနိုင်နဲ့ သူက ဆရာတပည့်သံယောဇဉ်မကာ ရင်းနှီးကြသူများဖြစ်၍ ကိုယ်ရေးကိုယ်တာ ကိစ္စများကိုပင် အသိပေး တိုင်ပင်ဖြစ်ကြသူများဖြစ်သည်။

"ဘာလဲကွ"

နောက်နာရီဝက်ကြာရင် အသစ်ထပ်ဖွင့်မယ့် Mart တစ်ခုကို ဆရာတပည့်နှစ်ယောက် သွားကြည့်ရဦးမှာဖြစ်၍ အချိန် အနည်းငယ် ရနေသေးသည်။

"ဟို ... ဆရာ့မှာ ချစ်သူရှိနေပြီဆို"

သူ့မှာ လရောင်ရှိနေတာကို မျိုးနိုင် မသိသေး။

အရေးမပါ၍ ဖွင့်မပြောမိခြင်း မဟုတ်။

စကားမစပ်မိတာရော အချိန်မရတာရော အကြောင်းကြောင်းတွေကြောင့် မျိုးနိုင် မသိရသေးခြင်းဖြစ်သည်။

"ဟုတ်တယ်၊ မင်းကို ဘယ်သူပြောလဲ"

တစ်ခါတလေ သူ့ဆီ လရောင် ဖုန်းဆက်တာကို ကြားထား၍ ဖြစ်ပေလိမ့်မည်။

"ဆရာသူငယ်ချင်း ကိုဇော်ကြီး ပြောတာ"





ဇော်ကြီး ... ဇော်ကြီး သဘောနားတာ မကြာသေး သူ့သတင်းကို ဇော်ကြီး ဘယ်လိုသိပါလိမ့်။

"ဟိုနေ့က ဆရာ မရှိတုန်း သူ လာသွားတုန်းက ပြောသွားတာ၊ ဆရာ့ရည်းစားနာမည်တောင် ပြောသွားသေးတယ်"

သူ ပြုံးလိုက်မိသည်။

လရောင်လေးအကြောင်း သူ ဘယ်သူ့ကိုမှ မပြောရသေးဘဲ ဘယ်လိုသိကြတာပါလိမ့်။

သူ့အတွေးက မျိုးနိုင်ရဲ့ နောက်ဆက်တွဲစကားကြောင့် တွန့်ဆုတ်ထစ်အသွားသည်။

"နာမည်လေးက ဆန်းလို့ အံ့သြနေတာ၊ နောက်မှ ဒီနာမည် ကြားဖူးပါတယ်လို့ တွေးရင်းနဲ့ Top Hill က အစ်မလေး ဆိုတာ စဉ်းစားမိသွားတယ်၊ မဆင်းမြတ်မေပျိုလေ၊ ဟုတ်တယ် မဟုတ်လား"

ဟာ ... သွားပြီ။ ဘာဖြစ်လို့ တလွဲတချော် ဖြစ်ရတာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဟုတ်ဘူး မျိုးနိုင်၊ မေပျို့နဲ့ ငါက ဘာမှမဖြစ် ဘူး၊ ဇော်ကြီး အကြားလွဲတာလား၊ အမြင်မှားတာလား တစ်ခုခုပဲ၊ ငါချစ်သူက မေပျို့ မဟုတ်ဘူး၊ ငွေလရောင်တဲ့"

မျိုးနိုင်က အူကြောင်ကြောင် ဖြစ်သွားပြီး ...

"ကိုဇော်ကြီးကတော့ အသေအချာ ပြောသွားတာပဲ၊ တော် တော်လည်း ချောတယ်တဲ့"

သူ့ဦးနှောက်ကို ကမန်းကတန်း အလုပ်ပေးလိုက် စဉ် သူမနဲ့ Hopt Pot စားတဲ့နေ့ကို ပြန်သတိရလိုက်သည်။

လူပိတ်လို့မရတဲ့ ပါးစပ်ပေါက်တွေကနေတစ်ဆင့် ဇော်ကြီး သိသွားတာပဲ ဖြစ်နိုင်သည်။

"ကဲ ... မျိုးနိုင်၊ ငါက မင်းကို ဘာမှလိမ်စရာအကြောင်း မရှိဘူး၊ ဆင်းမြတ်မေပျို့ လှတာလည်း သိပါတယ်၊ ဒါပေမဲ့ လှတိုင်း ချစ်လို့ရတာမှ မဟုတ်တာ"

မျိုးနိုင်က သူ့ကို ယုံကြည်သော်လည်း သိပ်ကျေနပ် ပုံမပေါ်။

"ဆရာကလည်း မဆင်းမြတ်မေပျို့နဲ့ဆို ဆရာတို့ တော်တော် ရှေ့သွားနောက်လိုက် ညီကြမှာ"





"မင်း ... လရောင်ကို မတွေ့ဖူးသေးလို့ ဒီစကား ပြော တာပါကွာ၊ ငါ့ရဲ့လရောင်က တကယ့် လရောင်လေးလို အေးမြကြည်လင်တဲ့ အလှမျိုးကွ၊ မေပျို့က လှတော့လှပါ တယ်၊ သူလှတာ သိပ်ပြီးစူးရဲတောက်ပလွန်းတယ်"

မျိုးနိုင်က သူ့ကို ပိုလွန်းရန်ကောဆိုတဲ့ အကြည့်မျိုး ကြည့်လိုက်ပြီး ...

"ဒါဆိုလည်း ဆရာ့ရဲ့လရောင်ကို တစ်ခါလောက် ခေါ်လာ ခဲ့ပါဦး"

"အေးကွ၊ လရောင်က ငါ့အကြောင်း သိပ်မစပ်စုဖူးတော့ ငါကို ဘယ်သူလဲဆိုတာ ကောင်းကောင်းသိတာ မဟုတ် ဘူး၊ ငါကလည်း အဲဒါလေးကို ပိုမြတ်နိုးတာ"

သူ့အကြောင်း ဘာမှမသိခင်က ဆက်ဆံပုံတစ်မျိုး၊ Toilet ပိုင်ရှင်မှန်း သိသွားစဉ်က ဆက်ဆံပုံတစ်မျိုး၊ ဆင်းမြတ် မေပျို့ရဲ့ အမှတ်ပေးဖယားပုံစံမျိုးကို သူ စက်ဆုပ်လှသည်။

သူ့အတွေးပင် မဆုံးလိုက်ရသေး။ သူ့ရုံးခန်းတံခါး ခေါက်သံ ကြားလိုက်ရပြီးနောက် ...။

✧ ❤ ✧

"အံ့ ရှိမှ ရှိပါ့မလား၊ ဖုန်းကြိုဆက်ရင် ကောင်းမလားလို့ စဉ်းစားမိသေးတယ်၊ ဒါပေမဲ့ ကျွန်မကိုယ်တိုင်ကိုက တကယ် လာဖြစ်မဖြစ် မသေချာဘူးလေ"

မျိုးနိုင်က သူမ မမြင်အောင် မျက်စပစ် ပခုံးတွန့်ပြီး ထွက်သွားသည်။

"ဘာကိစ္စရှိလို့လဲ မေပျို"

သူမက အိတ်ထဲက ဖိတ်စာလို အိတ်တစ်ခုကိုထုတ်ပေးရင်း ...

"Top Hill ရဲ့ နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ် ဖိတ်ဆုံစားပွဲလေ"





Top Hill က တင်သွင်းတဲ့ အလှကုန်တွေကို သူ့အမေ အပျိုဘဝကတည်းက သုံးခဲ့တာလို့ ပြောသံကြားဖူးသည်။

နှစ်ငါးဆယ်တောင် ရှိသွားပြီပဲ။

"အဲဒါ အံ့အတွက် ဖိတ်စာလာပို့ပေးတာ၊ Shopping Mall က Staff လေးနဲ့ တစ်ဆင့်ပေးခိုင်းမလို့ပဲ၊ တော်ကြာအလေးမထားရာ ရောက်မှာစိုးတာရော၊ အံ့ကို ဆက်ဆက်လာပါလို့ ကိုယ်တိုင် ပြောချင်တာရော၊ အဲဒါတွေကြောင့် ကျွန်မကိုယ်တိုင် လာခဲ့တာ"

သူမမှာ သူနဲ့ပတ်သက်ဖို့ အကြောင်းပြချက်မျိုးစုံရှိပြီး အဲဒီအကြောင်းပြချက်တွေကလည်း ခိုင်လုံနေပြန်သည်။

"ကျွန်တော် အဲဒီနေ့ အားရင်တော့ လာခဲ့ပါ့မယ်"

သူမက သူ့အဖြေကို ကျေနပ်ပုံမရ။

ပန်းရင့်ရောင် နှုတ်ခမ်းကို ဝိုင်းသွားရုံ စူတူတူပုံစံလုပ်ပြီး ...

"ပွဲက ညနေမှ စမှာပဲ အံ့ရဲ့၊ ပြီးတော့ Weekend လည်းတာပဲ၊ လာဖြစ်အောင် လာခဲ့ပါ အံ့ရယ်၊ ပြီးတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီလို မရမက တောင်းဆိုမှုမျိုးတွေ သူမမှာ အမြဲရှိနေတတ်သည်။

"ပြီးတော့ ... ကျွန်မ အံ့ကို ကျွန်မတို့ကုမ္ပဏီပိုင်ရှင်ကလည်း အလေးထားပြီး လာဖြစ်အောင် လာခဲ့ဖို့ တောင်းဆိုလိုက်သေးတယ်၊ ကျွန်မ မျက်နှာရအောင် အံ့ လာခဲ့ပေးရင် သိပ်ကောင်းမှာပဲ"

သူ့မှာသာ ပျော့ညံ့ညံ့ အားနာမှုတွေ မရှိရင် သိပ်ကောင်းမှာပဲ။

"ကျွန်တော် ကြိုးစားပါမယ် မေပျို့"

သူမက လှပသေသပ်စွာ ပြုံးလိုက်ပြီး ...

"အံ့က စေးနဲလိုက်တာ၊ ကျွန်မကို လာပါမယ်လို့ ကတိပေးလို့ မရဘူးလား"

လောကကြီးမှာ ဘာမှကြိုတင်တွက်ဆထားသည့်အတိုင်း ဖြစ်မလာတတ်တာတွေ သူမ နားမလည်ဘဲ ရှိပါမလား။

"ကျွန်တော် ကတိပေးပြီး မလာနိုင်ရင် အားနာစရာ ဖြစ်ကုန်မှာစိုးလို့ပါ"





သူ ဒီထက်ပိုပြီး မလိုက်လျောပေးနိုင်တော့။

"ကဲပါ ... ကျွန်မ အဲဒီနေ့ အံ့ကို မျှော်နေမယ်၊ အံ့ လာဖြစ်အောင် ကြိုးစားပေးပါနော်"

သူ့ကို သူမ အလေးထားသည့်အတွက် ကျေးဇူးတင်ပေမယ့် သူမရဲ့ အလေးထားမှုကို သူ မလိုအပ်တာအမှန်ပင်။

သူ မလိုအပ်တာလား။

မဟုတ်သေးဘူး၊ မလိုချင်တာပါ။

သူ ... သူမဆီက ဘာမှမလိုချင်။

"ကျွန်မ ကိစ္စရှိလို့ ပြန်ဦးမယ် အံ့"

"ကောင်းပါပြီ မေပျို့"

သူမ ထွက်သွားတော့မှ မျိုးနိုင်က စပ်ဖြဲဖြဲနဲ့ ပြန်ဝင်လာပြီး ...

"တို့ဆရာကလည်း ဒီလောက် အတင်းအကျပ် တောင်းဆိုနေတာကို လိုက်လျောလိုက်ဖို့ ကောင်းတယ်"

ဒီကောင် မျိုးနိုင် ခပ်ရှုပ်ရှုပ်အကျင့်က မပျောက်သေး။

"အဲဒီနေ့က လရောင် မွေးနေ့ကွ။ လရောင်နဲ့ငါ ညနေစာ အတူစားဖို့ ချိန်းထားတယ်၊ လရောင်နဲ့တွေ့ရဲ့ အချိန်ကို



www.burmeseclassic.com

www.burmeseclassic.com



ကန့်သတ်ပြီး မေပျို့ကုမ္ပဏီပွဲကို မသွားချင်ဘူး၊ ငါ့အတွက် လရောင်က အရေးပါတယ်ကွ"

မျိုးနိုင်က သူ့ကို အားမလို အားမရစွာကြည့်ပြီး ...

"ဆရာကလည်း နှစ်ယောက်စလုံးကို အခွင့်အရေး အတူတူ ပေးလည်း ရရဲ့သားနဲ့"

"ဟော့ကောင် ... မင်းလို မလည်ရှုပ်ဇာတ်ထဲ ငါ့လာမသွင်းနဲ့၊ ကဲ ... ဒီအကြောင်းတွေ ထားလိုက်ဦး၊ အခု ငါ့ကို မင်း လုပ်ပေးစရာရှိတယ်"

တစ်ခုခု ခိုင်းထားမှ ပါးစပ်ပါ ပိတ်မည်မို့ သူ မျိုးနိုင်ကို အလုပ်ခိုင်းထားလိုက်သည်။

ခဏကြာရင် သူ လရောင်ကို မွေးနေ့လက်ဆောင် ပေးဖို့ လက်စွပ်သွားယူရဦးမည်။

လရောင်ရဲ့ ရှည်သွယ်ဝင်းမွတ်တဲ့ လက်ချောင်းလေးနဲ့ လိုက်ဖက်နေမယ့် လက်စွပ်လေးအဖြစ် လရောင် နှစ်သက်မယ်လို့ သူ ယုံကြည်နေသည်။

✧ ❤ ✧





တရွေ့ရွေ့ ကုန်လာတဲ့ အချိန်နဲ့အတူ သူမရဲ့မျှော်လင့်ချက်တွေကလည်း တမြည့်မြည့် ကုန်ဆုံးလာသည်။

လာခဲ့ပါမယ်လို့ ကတိမပေးခဲ့ပေမယ့် လာဖြစ်အောင် လာမှာပါလို့ သူမ ရူးရူးမိုက်မိုက် ယုံကြည်ခဲ့မိသည်။

သူမရဲ့အပြုံးနဲ့ ညှို့ငင်ဖမ်းစား ချည်နှောင်ဖို့ ကြိုးစားလိုက်တိုင်း သူက လူးလွန့်လှုပ်ရှား ရုန်းထွက်နေတာလား။

မလာတော့ဘူး ထင်တယ်လို့ စိတ်ထဲက မရဲတရဲ အတွေးဝင်လိုက်တိုင်း၊ ရောက်လာမှာပါလို့ ဦးနှောက်က အားမေး ယုံကြည်ရင်းနဲ့ပဲ ပွဲလေးက ပြီးဆုံးတော့မည်ဖြစ်သည်။

"မေပျိုရေ ... မေပျို့လူက မလာသေးပါလား၊ မလာတော့ဘူး ထင်တယ်"

မမျိုးက တမျှော်မျှော် ဖြစ်နေတဲ့ သူမကို လှမ်းပြောစဉ် သူမ ဝိုပြီး မခံချိမခံသာ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မမျိုး အပါအဝင် ကုမ္ပဏီက လုပ်ဖော်ကိုင်ဖက် တချို့က သူမကို သူနဲ့ပတ်သက်ပြီး စိတ်ဝင်စားနေတာ သူမ ကောင်းကောင်း ရိပ်မိပါသည်။

သူသာ ပွဲတက်ခဲ့ရင် သူနဲ့အတူ မော်ကြွားဖို့ကိုလည်း သူမ ရှုးသွပ်စွာ တွေးထားပြီးဖြစ်သည်။

"ဖုန်းလေး ဘာလေး ဆက်ကြည့်လိုက်ပါဦးလား မေပျို"

သူမထက် ပိုမျှော်သည့်သူက မမျိုး ဖြစ်နေသည်ထင်။

"သူ ဒီနေ့ သိပ်အဆင်မပြေဘူးလို့တော့ မေပျိုကို ပြောထားသား မမျိုးရဲ့၊ မေပျိုက လာရမယ်လို့ အတင်းအကျပ်ပြော လို့လည်း မကောင်းဘူးလေ၊ သူ ကြိုးစားပြီးလာခဲ့မယ်လို့ ပြောပေမယ့် မလာနိုင်ဘူး ထင်ပါတယ် မမျိုးရယ်"

လှလှပပ ရှည်ရှည်လျားလျားတွေ ပြောနေပေမယ့် အနှစ်ချုပ်က သူ မလာနိုင်ဘူး ဆိုတာပဲဖြစ်သည်။

"ကဲ ... ဒါဆိုလည်း မေပျို စားလိုက်တော့လေ၊ စောင့် မနေနဲ့တော့"

ဘုဖေးကျွေးခြင်းဖြစ်၍ သူလာမှ အတူစားရန် သူမ စောင့်နေခြင်းဖြစ်သည်။





"အင်း ... စားလိုက်တော့မယ်"

"ဒါဆို မမျိုး ကဲ့စမ်းပဲဖောက်တဲ့နေရာ သွားတော့မယ်၊ မေပျို ပြီးရင် လိုက်လာခဲ့လေ"

နောက်ဆုံး အစီအစဉ်အဖြစ် ဝန်ထမ်းများကို လက်ဆောင်ကံစမ်းမဲ ဖောက်ပေးမည့် အစီအစဉ်ပင် စနေပြီဖြစ်သည်။

ထိုနေ့က သူမ မဲပေါက်သည့် ပစ္စည်းမှာ ငါးလိပ်ကျောက်သားရေနဲ့ လုပ်ထားသည့် ယောကျ်ားကိုင်ပိုက်ဆံအိတ်ဖြစ်ပြီး အိတ်လေးမြင်သည်နှင့် သူမ သတိရမိသူက သူ ဖြစ်နေသည်။

သူမ သူ့ကို စိတ်မပျက်မိသေးတာ အံ့ဩစရာကောင်းနေသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ပွဲက မှန်းထားတာထက်စောပြီး နောက်ကျမှ ပြီးသည့်တိုင် သူ ရောက်မလာခဲ့။

စိတ်ညစ်ညစ်ညျုးညျုးနဲ့ အိမ်ပြန်ရောက်လာစဉ် ငွေက အိပ်နေပြီဖြစ်သည်။

ဒီနေ့ ငွေရဲ့မွေးနေ့ဖြစ်ပြီး နှစ်တိုင်း ငွေ့ မွေးနေ့မှာ သူမနဲ့အတူ တစ်နေ့လုံး လျှောက်လည်နေကျ ဖြစ်သော်လည်း ဒီနှစ်တော့ သူမလည်း မအားသလို ငွေကလည်း အတူလည်ဖို့ မတောင်းဆိုတော့။

ငွေ့မှာ ဒီနေ့အတွက် ထူးခြားတဲ့အဖော်တစ်ယောက် ရှိနေပြီဆိုတာ သူမ ရိပ်မိပေမယ့် သူမကိုယ်တိုင်လည်း ရှိုးသားတော့တဲ့သူ မဟုတ်၍ ငွေ့ကို မစပ်စုမိ။



ငွေ ဖွင့်ပြောမယ့် ရက်ကိုပဲ စိတ်ရှည်ရှည်စောင့်နေဖို့ ဆုံးဖြတ်ထားသည်။

အိပ်ရာထဲ ဝင်လိုက်ပေမယ့် သူမ မအိပ်ချင်သေး။ ငွေသာ မအိပ်သေးဘူးဆိုရင် ငွေနဲ့ စကားပြောဖြစ်မည်ထင်။

ခုချိန်မှာ သူမ တစ်ယောက်ယောက်နဲ့ စကားပြောချင်နေသည်။ အဲဒီတစ်ယောက်ယောက်က သူ ဖြစ်နေရင် အကောင်းဆုံးပေါ့။

သူမ ဖုန်းဆက်ရန် ဖုန်းယူလိုက်စဉ် သူမဖုန်းက အားကုန်နေသည်။

အိမ်ဖုန်းနဲ့ဆက်ရန် ဖုန်းခွက်ကို မ,လိုက်စဉ် အိမ်ဖုန်းက ပျက်နေပြန်သည်။

ကြည့်စမ်း။ ဒီနေ့ သူမအတွက် ကံမကောင်းစရာတွေနဲ့ပဲ ကြုံနေရပါလား။

မဖြစ်၊ လုံးဝမဖြစ်။ ဒီအခြေအနေကို သူမ ဒီအတိုင်းလွှတ်ပေးလိုက်ရင် ကံမကောင်းမှုကြီးကို လက်ခံလိုက်သလို ဖြစ်သွားမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူမ ငွေ့အခန်းထဲဝင်ပြီး ငွေ့ဖုန်းကို ခဏယူသုံးရန် ဆုံးဖြတ်လိုက်သည်။

ဒီလိုပဲ သူမနဲ့ငွေက ဖုန်းကို အဆင်ပြေသလို ယူသုံး နေကျဖြစ်၍ ကိစ္စမရှိ။

အိပ်ခါနီး ဖုန်းပြောခဲ့ပုံရသည်။ ငွေ့အိပ်ရာပေါ်မှာ ဖုန်းလေးကို တွေ့ရသည်။

ငွေ့ဖုန်းကို သူမ အခန်းထဲက အသာလေးယူလာပြီး သူ့ဖုန်းနံပါတ်တွေ နှိပ်လိုက်စဉ် ...

"လရောင်လေး ... မအိပ်သေးဘူးလား"

သူမ ကမ္ဘာလေးတစ်ခု ဟိုးအဝေးကြီးကို တွန်းပို့ခံလိုက်ရသလို ဝေးလွင့်သွားသည်။

ဟုတ်ပါတယ်။ ဒါ အံ့ အသံပါ။

သူမအသံ ဝင်သွားမှာစိုး၍ နှုတ်ခမ်းတွေကို ဖိကိုက်ထားလိုက်မိသည်။

"အိပ်တော့လေ၊ တစ်နေ့လုံး လျှောက်လည်နေရလို့ ပင်ပန်းနေတယ် မဟုတ်လား၊ ဘယ်လိုလဲ၊ ကို့လက်ဆောင်လေးကိုရော သဘောကျရဲ့လား"





လရောင်လေး ... တဲ့။

ငွေရယ် ... နင့်မှာ ပိုင်ဆိုင်မှုတွေ ဒီလောက်များနေရက်နဲ့ ငါပိုင်ဆိုင်ဖို့ ရည်ရွယ်ထားမိတဲ့ ကမ္ဘာသေးသေးလေးတစ်ခုကိုမှကွယ်။

သူမ အံ့ဩဝမ်းနည်းလာသည်။

"ဟိတ် ... လရောင်၊ ဖုန်းခေါ်ပြီး အိပ်ငိုက်နေတာလား၊ ဒါမှမဟုတ် ကိုယ် ပြောတာတွေ နားထောင်ရင်း အိပ်မလို့လား"

ကြည့်စမ်းပါဦး၊ ငွေ ရထားတဲ့ အိပ်မက်လေးက လှပလို့။

သူမအတွက်တော့ အိပ်မက်ဆိုးကြီးတစ်ခု ရလိုက်သလိုပင်။

သူမဆီ ရောက်မလာနိုင်တဲ့ အချိန်မှာ အံ့နဲ့ ငွေက သိပ်ပျော်နေခဲ့ကြသည်ပဲ။

"စာတွေရော ရပြီလား၊ ရှေ့တစ်ပတ်မှာ စာမေးပွဲရှိတယ်ဆို"

www.burmeseclassic.com



ငွေ့အိပ်ရာပေါ်မှာ ပြန့်ကျဲနေတဲ့ ကျက်လက်စစာ အုပ်တွေ တွေ့ခဲ့ရသည်။ ငွေ စာကျက်ရင်း အိပ်ပျော်သွားသည်ထင်။

"ကဲ ... သိပ်အိပ်ငိုက်နေရင် အိပ်လိုက်တော့၊ ကိုယ် လရောင်လေးကြိုက်တဲ့သီချင်း ဖွင့်ပေးမယ်၊ အိပ်လိုက်တော့နော်"

ကြည့်စမ်းပါဦးကွယ်၊ ငွေ့မှာ အိပ်ရာဝင်ပုံပြင်လှလှ လေးတွေနဲ့ ပြည့်နှက်နေချိန်မှာ သူမက မွတ်မွတ်ငတ်ငတ် အတွေးများနဲ့ လုံးထွေးပြီး အိပ်ပျော်အောင် ကြိုးစားခဲ့ရသည်။

သူမ ဖုန်းချဖို့ ကြိုးစားလိုက်စဉ် သီချင်းသံတိုးတိုး လေးက သူမနားထဲ တိုးဝေ့ဝင်လာသည်။

သီချင်းက ခိုင်ထူးရဲ့ "ရွှေလည်တိုင်"သီချင်းလေး ဖြစ်နေသည်။

"ရွှေလည်တိုင်ကိုကွယ် ... အနမ်းလေး ပေးစဉ်ဝယ် ... ရင်ခုန်ချင်စရာ ... သနပ်ခါးနံ့လေးတွေနဲ့ ရင်ခွင်ကြားမှာ ခေါင်းလေးဝှက်ကာ ... ရှက်ပြုံးလေး ပြုံးနေခဲ့သူရယ် ..."





သူမ မွှန်းကျပ်ပိတ်လှောင်စွာ ...။

အိုး ... မတရားလိုက်တဲ့ ကမ္ဘာကြီး။ သူမ ကမ္ဘာ ကြီးဆီက အကြွေးတွေရအောင် ပြန်တောင်းရမည်။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ မေပျိုရယ်၊ ညက ငွေ အစောကြီး အိပ်ပျော်သွားတယ်၊ မေပျို ပြန်လာတာကိုတောင် မစောင့်နိုင်ဘူး ဖြစ်သွားတယ်"

ငွေက အိပ်ရာကထလာတဲ့ သူမကို နံနက်စာပြင်ဆင်နေရင်းက လှမ်းပြောသည်။

ဒေါင်းပျိုမလေးလို သွက်လက် လန်းဆန်းနေတဲ့ ငွေ့ကို သူမ မနာလိုစွာ ကြည့်လိုက်မိပြီး ...

"ရပါတယ် ငွေ၊ မနေ့က ငွေ သိပ်ပင်ပန်းခဲ့လို့ထင်တယ်၊ ဒါကြောင့် မေပျိုတောင် ငွေ့ကိုမနှိုးဘဲ ဝင်အိပ်ခဲ့တာ"

ငွေက သူမစကားကို မလုံမလဲ ဖြစ်သွားပုံရသည်။

သူမ သိပ်အထီးကျန်နေတဲ့ အချိန်မှာ သူမထက် အစစအရာရာ ပြည့်စုံနေတဲ့ ငွေက သိပ်ပျော်ခဲ့သည့်အတွက် သူမကံကြမ္မာကို မုန်းလွန်းလှသည်။





"တကယ်တော့ ငွေ မေပျို့ကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်တယ်"

အရင်က လိုလိုလားလား ရင်ဖွင့်ခဲ့တဲ့ ငွေက ခုမှ လျှို့ဝှက်သိပ်သည်းနေသည်။

"ဟင့်အင်း ... မိတ်ဆက်မပေးနဲ့ ငွေ၊ အထူးသဖြင့် အဲဒီလူက ငွေ့ချစ်သူ ဖြစ်နေရင်ပေါ့"

ငွေက သူမစကားကြောင့် သူမကို အံ့ဩနားမလည်နိုင်စွာ လှမ်းကြည့်တာ တွေ့ရသည်။

"ဘာဖြစ်လို့လဲ မေပျို"

အဲဒီလူက အံ့ဘုန်းမြတ် ဖြစ်နေလို့ပေါ့။

သူမရင်ထဲက အသံတွေက အပြင်ထွက်မလာ။

"ငွေနဲ့ မေပျို အကြားမှာ အဲဒီလူက အကန့်အသတ် အတားအဆီးတစ်ခု ဖြစ်လာနိုင်လို့လေ"

ငွေက သူမအတွက်ကို နားလည်သူပီပီ ဘာမှဆက်မပြော။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ငွေ သူ့ကို မေပျို့အကြောင်းတွေလည်း မပြောပြပါနဲ့၊ မေပျို့ မခင်ချင်တဲ့ လူတစ်ယောက်က မေပျို့အကြောင်းတွေ သိနေတာမျိုး မဖြစ်စေချင်ဘူး"

ငွေ ယောင်ယမ်းခေါင်းညိတ်ပြီးမှ နားမလည်ဘာလို အူကြောင်ကြောင်ပုံစံလေး ဖြစ်နေတာ တွေ့ရသည်။

"မေပျို့ကိုလည်း သူ့အကြောင်း လာမပြောနဲ့ ငွေ၊ မေပျို့ဘာမှမသိချင်ဘူး၊ ပြီးတော့ မေပျို့ ငွေနဲ့ ငွေ့မိဘတွေ ဘယ်သူ့ဘက်ကို သစ္စာစောင့်သိရမလဲလို့ စဉ်းစားရဦးမယ်"

ငွေ့မှာ ချစ်သူရှိလာရင် သတင်းပို့ပေးဖို့ သူမကတိပေးလာခဲ့တာ ငွေ ကောင်းကောင်း သိခဲ့သည်ပဲ။

"မေပျို့"

ငွေ့အသံလေးက တိုးလျလျနဲ့ တောင်းပန်သည့် အသံမျိုးဖြစ်သည်။

"ငွေ မေပျို့ကို နားလည်ပေးပါ"

သူမ ငွေ့ကို နားလည်ပေးနိုင်ရက်နဲ့ နားလည်ဖို့ တွန့်ဆုတ်နေသည်။





ငွေက သူမကို ကြောင်ကြည့်နေရင်းက သတိဝင်လာပြီး ခေါင်းညိတ်သည်။

"ငွေ သူ့ကို သိပ်ချစ်လား"

မရည်ရွယ်ဘဲ သူမ မေးဖြစ်သွားသည်။

ငွေက ထူးဆန်းနေဆဲ သူမကို နားမလည်နိုင်စွာ ကြည့်နေရင်းနှင့်ပင် ...

"ချစ်တယ်၊ ငွေ့ဘဝမှာ တန်ဖိုးအထားရဆုံးအရာအဖြစ် သူ့ကို ငွေ ချစ်တယ်"

သူမကတော့ အံ့ကို တန်ဖိုးထားမိလား မသေချာ။ အံ့အတွက် သူမရင်းရမည့် ဂုဏ်သိက္ခာကတော့ သိပ်တန်ဖိုးကြီးမားနေသည်။

ခွင့်မလွှတ်ပါနဲ့ ငွေ။

ငွေ့ဘဝမှာ သူ မရှိလည်း ပြည့်စုံပါတယ်။

သူမကတော့ သူရှိမှ သူမဘဝ ပြည့်စုံမှာဖြစ်တဲ့ အတွက် ...

သူမအတွက် အံ့ဆီက ဖြစ်ထွန်းလာမယ့် အချစ်ဆက် အံ့ဆီမှာ ဖြစ်တည်နေတဲ့ ပြည့်စုံမှုက ပိုအရေးဝါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမအတွက နှလုံးသား ဘတွက်လား။

ဦးနှောက်အတွက်လား။

သူမအတွက် အတွက်တွေ ရှင်သန်ဖို့ အရင်းအနှီးတွေ ပြည့်ထည့်ပေးရဦးမည်။

✧ ❤ ✧





တကိုယ်တော့ သူသေသေချာချာ ကတိပေးထားခဲ့သည့်ကိစ္စ မဟုတ်၍ သူ တောင်းပန်စရာ မလိုပေ။

ဒါပေမဲ့ လုပ်ငန်းချင်း ဆက်စပ်နေတဲ့ လူ့ယဉ်ကျေးအသိုင်းအဝိုင်းမှာ ရှင်သန်နေရခြင်းဖြစ်၍ လောကဝတ်အရ သူ တောင်းပန်လိုက်သည်။

"ဆောရီး မေပျို၊ ကျွန်တော် အဲဒီနေ့က မအားလို့ မလာဖြစ်ဘူး"

သူမက နှုတ်ခမ်းတစ်ဖက်တည်းနဲ့ ကွေးပြုံး၍ သရော်ပြုံးနှင့် တူသွားသည်။

"ရပါတယ်၊ ဒါပေမဲ့ ကျွန်မကတော့ တကယ်မျှော်နေခဲ့တာ၊ အဲ့လာမှ စားမယ်ဆိုပြီး ဘာမှတောင် မစားခဲ့ဘဲ စောင့်နေခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်း မဖြစ်မိပေမယ့် အားတော့နာသွားသည်။

"ဟာ ... ကျွန်တော် ဝိုပြီးအားနာအောင် လုပ်ခဲ့ပြန်ပြီ ထင်တယ်"

အမှန်အတိုင်း ဖွင့်တောင်းပန်စဉ် သူမက ကျေကျေနပ်နပ် ပြုံးလိုက်ပြီး ...

"ဒါဆိုလည်း အဲဒီနေ့က မစားလိုက်ရတဲ့အတွက် အုံးထ တစ်ခုခု ပြန်ဝယ်ကျွေးလေ"

သူမ တောင်းဆိုမှုကြောင့် သူ အံ့သြသွားသည်။ ငြင်းဖို့လည်း အားနာသွားရပြန်သည်။

"ဘယ်လိုလဲ၊ ပြန်ဝယ်ကျွေးမယ် မဟုတ်လား"

ခက်သည်။ လောကကြီးမှာ မိန်းမတွေရဲ့ တောင်းဆိုမှုကို အားနာစွာ လိုက်လျောပေးဖို့ ယောကျ်ားတွေမှာ ဘာဖြစ်လို့ ပျော့ညံ့တတ်ရတာလဲ။

"အင်း ... ရပါတယ်"

စိတ်မပါ့တပါ အသံကို ပါးနပ်သည့် သူမ ကောင်းကောင်း နားလည်နိုင်ပေလိမ့်မည်။





"ဒါဆို အုံ့ ဘယ်နေ့အားမလဲ၊ ကျွန်မတော့ မုန့်ဆန်းဆို ဆိုရင် ညနေပိုင်း အားတာများတယ်"

သူကတော့ ညနေတိုင်း လရောင်ကို သွားကြိုရတဲ့ တာဝန်တစ်ခု တိုးနေသည်။

"ကျွန်တော် အဆင်ပြေတဲ့တစ်ရက် မေပို့ကို ဖုန်းဆက်ပြီး ချိန်းပါမယ်"

သူမက ကျေနပ်သွားသလို ပခုံးလေးတွန့်ဆတ်ပြီး ...

"အိုကေ ... ဒါဆို ကျွန်မ အုံ့ဆီမှာ အကြွေးတစ်ခုရှိတာ မှတ်ထားလိုက်ပြီ"

သူ့အတွက်တော့ စိတ်ရှုပ်စရာ အကြွေးတစ်ခုတင် သွားသလိုပင်။

"ဒီနေ့တော့ ကျွန်မ အုံ့ဆီ လာရကျိုးနပ်သွားပြီ၊ တကယ် တော့ ကျွန်မ အုံ့ကို စိတ်ကောက်ချင်နေတာ၊ အုံ့ဆီက ခုလို တကူးတက လိုက်သိပေးတဲ့အတွက် စိတ်မကောက် တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် စိတ်မကောက်တတ်သည့် လရောင်လေးကို ပြေးသတိရလိုက်သည်။

စိတ်မကောက်တတ်သည့် ချစ်သူရှိနေတာ ကံကောင်းပေမယ့် စိတ်ကောက်တတ်တဲ့ မိတ်ဆွေရှိနေတာတော့ ကံမကောင်း။

သူမနဲ့ပတ်သက်တာတွေကို လရောင်နဲ့တွေ့ရင် ပြောပြရင် ကောင်းမလား။

မဖြစ်သေးပါ။ သူမဂုဏ်သိက္ခာအတွက် လရောင်စိတ်ချမ်းမြေ့မှုအတွက် သူ ဘာမှမပြောဖို့ဘဲ ဆုံးဖြတ်လိုက်သည်။

✧ ❤ ✧



စိတ်ထားနူးညံ့ပျော့ပျောင်းသည့် ငွေက စိတ်ဆိုးဖို့ခဲယဉ်းသလောက် စိတ်ပြေလွယ်သူလည်းဖြစ်သည်။

ဟိုတစ်နေ့က သူမ စိတ်အလိုမကျစွာ ပြောခဲ့တာအတွက် ပြန်တောင်းပန်မိစဉ် ...

"ဟာ ... မေပျိုကလည်း၊ ဘာဖြစ်လို့ တောင်းပန်နေရတာလဲ၊ ငွေမှ စိတ်မဆိုးတာ မလိုပါဘူးကွာ"

တကယ်တော့ ငွေ့အိမ်မှာနေ၊ ငွေ့ကားကိုသုံး၊ ငွေ့အရိပ်ကို ခိုနေသည့် သူမအပေါ်၊ ငွေ မောက်မာစိတ်ဆိုးခွင့်ရှိသော်လည်း တစ်ခါမှ စိတ်မဆိုးဘူးခဲ့။

"ဟင့်အင်း ... မေပျို့ကိုယ်မေပျို သိတာပေါ့၊ အဲဒီတော့ မေပျို စိတ်ထဲ ကသိကအောက် ဖြစ်စရာကိစ္စတစ်ခုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ရော၊ ပြီးတော့ ငွေ့မှာ မေပျို့အပြင် တခြားတွယ်တာစရာ လူတစ်ယောက် ရှိလာတာရော အားလုံးကို မကျေမနပ်ဖြစ်ပြီး မေပျို ငွေ့ကို စကားကောင်းကောင်း မပြောဖြစ်ခဲ့ဘူး"

ငွေက သူမကို နားလည်စွာ ပြုံးကြည့်နေရင်း ...

"မေပျိုရယ် ... ငွေနဲ့ မေပျိုနဲ့က ဟိုးကျောင်းသူအဝက တည်းက ခင်လာခဲ့တာပဲ၊ မေပျို့စိတ်ကို ငွေ နားလည်တာပေါ့၊ ကဲ ... ငွေ မေပျို့အပေါ် ဘာမှမဖြစ်လို့ မေပျို စိတ်မကောင်း မဖြစ်နဲ့နော်"

သူမစိတ်ကို နားလည်တယ်တဲ့။

ငွေ မမြင်အောင် သူမကိုယ်သူမက ကျိတ်ပြုံးလိုက်မိသည်။

"ဒါဆို ညနေ ငွေ့ကို မေပျို အသားကင်လိုက်ကျွေးမယ်"

ငွေက ကျေနပ်စွာ ခေါင်းညိတ်ပြပြီး ...

"ဖွတ်ထိပဲကွာ၊ ငွေ အသားကင်စားချင်နေတာ၊ တစ်ရက်သွားစားမလားလို့တောင် စိတ်ကူးနေတာ"





"ပြီးတော့ လူတစ်ယောက်နဲ့လည်း ငွေ့ကို မိတ်ဆက်ပေးမယ်"

သူမ တရားတော့ မတရား၊ ငွေ မိတ်ဆက်ပေးမယ် ပြောတုန်းကတော့ သူမ ခါးခါးသီးသီး ငြင်းခဲ့သည်။

အခု သူမအလှည့်ကျမှ။

ခွင့်လွှတ်ပါ ငွေ၊ မေပျို မိတ်ဆက်ပေးမှ မေပျို့ဆင်တဲ့အကွက်လေး အသက်ဝင်လာမှာမို့လို့ပါ။

"ဘာရယ် မေပျို့မှာ မိတ်ဆက်ပေးရမယ့်လူ ရှိနေပြီလား"

ငွေ့လို မြစိစိ အပြုံးက လုပ်ရခက်လှသည်။

ဒါပေမဲ့ သူမ ပြုံးနိုင်ပါသည်။

"ဆိုပါတော့၊ လောလောဆယ်တော့ မိတ်ဆွေတွေအဆင့်ပဲ ရှိပါသေးတယ်၊ ဒါပေမဲ့ သူ့ရဲ့အကြည့်တွေကတော့ မိတ်ဆွေအဆင့် မကတော့ဘူးဆိုတာ မေပျို ရိပ်မိနေပြီ"

ငွေက သူမပခုံးကို အားရပါးရ ဖက်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ကောင်းလိုက်တာ၊ ငွေက ငွေ့ကြောင့် မေပျို စိတ်အားငယ်မှာ စိုးရိမ်နေတာ၊ ခုတော့ မေပျိုအတွက် စိတ်ချသွားပြီ"

ဒီစကားကို ညနေကျရင် ငွေ ပြောနိုင်ပါဦးမလား ဟု တွေးမိသည်။

"အဲဒါ ငွေ လိုက်ပြီး အကဲခတ်ပေးဦး၊ ပြီးရင် မေပျိုက ငွေ့လူကိုတစ်လှည့် အကဲခတ်ပေးမယ်၊ ဘယ်လိုလဲ"

ငွေက သဘောကျစွာ ရယ်လိုက်ပြီး ...

"တော်သေးတာပေါ့၊ တို့သူငယ်ချင်းနှစ်ယောက် တစ်ယောက်ယောက် ဘက်ပဲ့သွားမှာ မစိုးရိမ်ရတော့ဘူး"

သူမမှာ ချစ်သူရှိလာမည် ကိစ္စကို ငွေက လိုက်လံ ဝမ်းသာလွန်းနေသည်။

"ဟုတ်တယ်၊ ငွေ့မှာ စိတ်ဝင်စားရမယ့်လူ ရှိနေတယ်လို့ မေပျို သိရတုန်းက စိတ်အားငယ်ခဲ့ဖူးတယ်"

စိတ်အားငယ်ခဲ့တာ မဟုတ်။ မနာလိုဖြစ်ခဲ့တာလို့ သူမ အမှန်ပြောမထွက်ခဲ့ပေ။





"အင်းလေ ... တကယ်လို့ မေပျိုမှာ ငွေ့အပြင် တခြား တွယ်တာရမယ့်လူ ရှိတယ်လို့ ငွေ သိခဲ့ရင်လည်း ငွေလည်း အဲဒီလိုဖြစ်မှာ"

အမြဲတမ်း ကြဲဖန်နှစ်သိမ့်တတ်သည့် ငွေ့အပေါ် အနိုင်ယူဖို့အတွက် ကျင့်ဝတ်စည်းကမ်းတွေကို သူမ ဖောက်ဖျက်ရပေဦးမည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



သူမ ဆုပ်ကိုင်ထားတဲ့ ငွေ့လက်ကလေးက ဆတ်ခနဲ တောင့်တင်းသွားပြီး အေးစက်သွားသည်။

ဒီလိုပါပဲ၊ အံ့ရဲ့အပြုံးတွေကလည်း လမ်းတစ်ဝက်မှာ ရပ်တန့်တွန့်ဆုတ်သွားသည်။

ငွေ့နဲ့ အံ့ရဲ့တွေ့ဆုံမှုကို ဒီထက်ပိုပြီး ထိတ်လန့်အံ့သြစေနိုင်တယ်လို့ တွက်ဆထားပြီးဖြစ်၍ သူမဘက်က ဘာမှမထူးခြားမိ။

"လရောင်"

အံ့နှုတ်က အံ့သြလွန်းစွာ အသံထွက်သွားတာမို့ ...

"ဟင် ... အံ့နဲ့ ငွေ့က သိကြတာလား"

အံ့က အရင်ရောက်နေသည့်အတွက် သူမတို့ကိုတွေ့သည်နှင့် စိတ်မသက်မသာ ဖြစ်သွားပုံရသည်။





"ဟုတ်တယ်၊ ငွေ့သင်တန်းတစ်ခုမှာ သိခဲ့ဖူးတာပါ"

ငွေ့က အရင်ဦးအောင် လိမ်ပြောလိုက်သဖြင့် အံ့အံ့သြသွားတာ တွေ့လိုက်ရသည်။

အံ့ တစ်ခုခုပြောရန် နှုတ်ခမ်းတွေ လှုပ်ရှားနေပြီးမှ ဘာမှမပြောတော့ဘဲ ခေါင်းညိတ်လိုက်တာ တွေ့ရသည်။

"ဟာ ... ဒါဆို မေပျို့ တကူးတက မိတ်ဆက်ပေးစရာ မလိုတော့ဘူးပေါ့"

ငွေ့က နှမ်းယဲ့ယဲ့ပြုံးပြီး ခေါင်းညိတ်ပြစဉ် အံ့က ငွေ့ကို နားမလည်နိုင်စွာ ကြည့်နေသည်။

"အံ့ရေ ... ငွေ့က သိပ်အေးတာ၊ ငွေ့မှာ ယောကျ်ားလေး သူငယ်ချင်း ရှိတယ်လို့တောင် မေပျို့ ကြားဖူးတာမဟုတ်ဘူး။ အခု ဘယ့်နှယ် ရင်းနှီးတယ်ဆိုတော့ အဲဒါကြောင့် ကြိုခဲ့ပဲ"

ငွေ့ဆီက အကြည့်တွေနဲ့ အံ့ကို တောင်းပန်တိုးလျှိုးနေဟန် မြင်နေရပြီး အဲဒီအကြည့်တွေကို သူမ ခွာချလိုသဖြင့် ...

"အံ့ရေ ... အကင်သွားရွေးရအောင်၊ ငွေ့ရော ဘာစားမလဲ၊ လိုက်ရွေးမလား၊ ရွေးခဲ့ရမလား"



www.burmeseclassic.com

www.burmeseclassic.com



အကင်္ကျီလေးတွေ ထားရာနေရာကို ငွေကမလိုက်ဘဲ ကျန်နေရစ်ခဲ့သည်။

ဒါပေမဲ့ ငွေ့အကြိုက်ကို သိနေတဲ့ အုံ့က ငွေ့အတွက် ငွေ စားချင်တာတွေ ရွေးပေးခဲ့တာ စိတ်မကောင်းစွာ တွေ့လိုက်ရသည်။

ထိုနေ့က သူမ ဆင်ထားတဲ့ အကင်္ကျီဗိုင်းလေးမှာ အသံထွက်ဆုံးက သူမဖြစ်နေပြီး၊ အတိတ်ဆိတ်ဆုံးက အုံ့ဖြစ်နေ၍ အကြေကွဲဆုံးက ငွေဖြစ်နေခဲ့သည်။

တကယ်တော့ သူမကိုယ်တိုင်လည်း နာကျင်စွာ ပြုံးနေခဲ့ရခြင်းသာ။

သူမရဲ့ပူလောင်တဲ့ ရလိုမှုတွေအတွက် သူမကိုယ် သူမ လောင်မြိုက်ခံနေရတာ ထိုက်တန်လှသည်ဟု ယူဆနေမိသည်။

✧❤✧





"ငွေနဲ့ အုံ့ သိခဲ့တာ ကြာပြီလား"

အပြန်လမ်းမှာ နှုတ်ဆိတ်လွန်းနေတဲ့ ငွေ့ကို သူမ ထိုးဆွလိုက်ရပြန်သည်။

"သိပ်မကြာသေးပါဘူး မေပျိုရယ်"

ငွေက ညည်းညူသံလေးနှင့် မဖြေချင်ဖြေချင် ဖြေသည်။

"ဘယ်လိုလဲ၊ အုံ့ကို ငွေ ဘယ်လိုမြင်လဲ"

ငွေက ကားအပြင်ဘက်ကို နာကြင်စွာ ငေးကြည့်နေတာ တွေ့ရသည်။

"ဟင် ... ငွေ၊ မေပျို မေးတာ ဖြေပါဦး"

ငွေက သူမဘက် လှည့်ပြုံးစဉ် ငွေ့မျက်ဝန်းတွေ စိုရွှဲနေတာ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေရယ် ... ငွေ့မှာ ပိုင်ဆိုင်မှုတွေ များပါတယ်။

အဲဒီထဲက မေပျို့ တစ်ခုတည်းကိုသာ လုယူချင်တာပါ။

"အံ့ဘုန်းမြတ်က လူကောင်းတစ်ယောက်ဆိုတာထက် ငွေ ဘာမှ ပိုမသိပါဘူး မေပျို့ရယ်"

ဒါတော့ သူမ လက်ခံသည်။ ငွေရဲ့ရိုးအေးဖြူစင်တဲ့ စရိုက်က ဘယ်တော့မှ သူတစ်ပါးရဲ့ပုဂ္ဂိုလ်ရေးကို မစပ်စုဘူးဆိုတာ သူမ ယုံကြည်နေသည်။

ဒါကြောင့်လည်း အံ့ကို ငွေ့လက်ထဲက လုယူဖို့ နည်းလမ်းတွေ လွယ်ကူနေတာပေါ့။

"အံ့ရင်ထဲမှာ မေပျို့ ရှိနိုင်သလား ငွေ"

သက်ပြင်းခိုးချလိုက်တဲ့ ငွေ့ရင်ထဲမှာ ဘယ်လောက် နာကျင်နေမှာပါလိမ့်။

"ရှိ ... ရှိနိုင်ပါတယ် မေပျို့"

မှားတယ် ... သိပ်ကို မှားတယ် ငွေ။

အံ့ရင်ထဲမှာ ငွေက နိုင်နိုင်မာမာ နေရာယူထားပြီးပြီ။





သူမ ခက်ခက်ခဲခဲ ကြိုးပမ်းပြီး ငွေ့ကို မောင်းထုတ်နိုင်မှ သူမအတွက် နေရာရပေလိမ့်မည်။

ဒါတောင် မသေချာ။

"မေပျို့တော့ အံ့ကို စိတ်ဝင်စားနေပြီ ငွေ"

ငွေ သူမကို ဝမ်းနည်းစွာ ကြည့်နေသလို ခံစားသည်။

"သူ့ဘက်က ကမ်းလှမ်းလာရင်တော့ မေပျို့ ခေါင်းညိတ်လိုက်မှာပဲ"

မှဲ့တဲ့တဲ့ ငွေ့ မျက်နှာမှာ တိမ်တွေအုံ့မှိုင်းနေသည်။

အပြုံးတွေနဲ့ ဝေသီနေတဲ့ သူမရင်ထဲမှာလည်း ထစ်ချုန်းဖို့ အားယူနေတဲ့တိမ်တိုက်တွေ အပြည့်။

ကဲ ... ဘယ်သူ့ကအရင် ရွာချမှာပါလိမ့်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ လက်ထပ်ကြရအောင် လရောင်"

ကို့ဆီက မထင်မှတ်တဲ့စကားကြောင့် ငွေ အံ့သြသွားသည်။

ကို့ဆီက ဖြေရှင်းချက်တစ်ခုခု ကြားရမည်ဟု မျှော်လင့်ထားချိန်တွင် ကြားလိုက်ရခြင်းဖြစ်၍ ငွေ ပိုပြီးနားမလည်နိုင်ဖြစ်သွားသည်။

"ကို သိတယ်၊ လရောင် စိတ်ထဲမှာ မေပျိုနဲ့ ကို့ကိုသံသယဖြစ်နေတယ်၊ အဲဒီအတွက် အကောင်းဆုံး သက်သေပြနိုင်တာက ကို လရောင်ကို လက်ထပ်လိုက်ခြင်းပဲ မဟုတ်လား လရောင်"

ငွေ ကို့ကို အကြည့်စိမ်းစိမ်းတွေနဲ့ ကြည့်နေမိလိုက်သည်။





အမြဲတမ်း ကို့ကို ယုံကြည်မြတ်နိုးနေတဲ့ ငွေ့အတွက် ကို ဒီထက်ပိုပြီး နစ်သိမ့်ပေးဖို့ ကောင်းသည်။

ဒါပေမဲ့ ဆူးကတော့ နစ်ဝင်သွားခဲ့ပြီဖြစ်သည်။

"ကို ဒီထက်ပိုပြီး ငွေ ကျေနပ်အောင် ရှင်းပြပေးပါလား ကွယ်"

စချိန်မှာ ငွေ အားလုံးကို လက်လျှော့ပြီး အဝေးဆုံးမှာ တစ်ယောက်တည်း ငိုကြွေးနေလိုက်ချင်သည်။

"ကို ရှင်းပြရင် လရောင် ယုံကြည်ပေးမလား"

ငွေ့မှာ ချစ်သူကို ယုံကြည်ပေးဖို့ ခွန်အားနည်းနေသမယ် ကြိုးစားကြည့်ချင်သေးတာမို့ ...

"ယုံကြည်ဖို့ ကြိုးစားပေးပါမယ် ကို"

"ကျွတ် ... အဲဒါကြောင့် ကို မပြောချင်တာပေါ့၊ မေပျိုနဲ့ ရင်းနှီးခဲ့တာ ကိစ္စကလည်း သာမန်အလုပ်ကိစ္စတစ်ခုပဲ၊ အဲဒါကို ရေးကြီးခွင်ကျယ်လုပ်ပြီး လရောင်ကို ပြောပြရင် လရောင်စိတ်ထဲ တစ်မျိုးဖြစ်မှာစိုးလို့ ကို မပြောပြခဲ့တာ"

စိတ်ရှေ့ရှေ့အမြဲ ဒီလို နစ်ယောက်တည်း ဆိုင်ခန်းဆိုင်မှာ အတူရှိနေပြီး စားသောက်ခွင့် ရှိလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ဆိုရင် မေပျို့သိပ်ကံကောင်းတာပေါ့။ ချစ်သူနဲ့ မိတ်ဆွေကို တန်းတူ အခွင့်အရေး ပေးထားတဲ့အတွက်ပေါ့။

မေပျို့မှာ ရှိနေတဲ့ အိပ်မက်တွေကို ငွေ ဘယ်လို အင်အားနဲ့ ဖျက်ဆီးရက်ပါ့မလဲ။

အဲဒီအိပ်မက်တွေကို မက်ခွင့်ပေးခဲ့တဲ့ ကို့မှာအပြစ်ရှိသည်ဟု ငွေ ထင်သည်။

"ဒါဆို လရောင်ကရော ဘာဖြစ်လို့ ကိုနဲ့ လရောင်က ချစ်သူတွေပါလို့ ပြောခွင့်မပေးခဲ့ရတာလဲ"

မိတ်ဆွေတွေပါဟု ငွေ ဦးအောင်ပြောပြီး ဟန့်တားခဲ့တာကို ကိုက ကျေနပ်ပုံမရ။

"လိုမှ မလိုအပ်ဘဲကို"

ကို့မျက်ဝန်းတွေမှာ ငွေ့ကို စိတ်ပျက်သလို ကြည့်လိုက်သည့်အကြည့်ကို ပထမဆုံး တွေ့လိုက်ရသည်။

"မလိုအပ်ဘူး၊ ဟုတ်လား လရောင်၊ ငွေ့လုပ်လိုက်တာဟာမှ မေပျို့ကို လှည့်စားသလို ဖြစ်နေတာ လရောင်"

ဘယ်လိုပဲဖြစ်ဖြစ် ငွေနဲ့ မေပျို့ကြားမှာ "ကို" ရှိလာခဲ့ခြင်းက ကံကြမ္မာရဲ့ လှည့်စားမှု တစ်ခုပင်။



အဲဒီလှည့်စားမှုကို ခံယူဖို့ ငွေ့မှာ အင်အားမရှိ။ အမြဲတမ်း လိုချင်တာကို မရ,ရအောင် ယူတတ်တဲ့ မေပျို့ ယုံကြည်မှုကို ငွေ စိုးရွံ့နေသည်။

"ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး ကို"

ကိုကြည့်မိတော့မှ ငွေ့ကို ကရုဏာသက်စွာ ကြည့်ပြီး ငွေ့လက်တွေကို ဖွဖွကိုင်၍ ... "ချစ်ရမယ့် မိန်းမချောင်း သိထားပြီးမယ်၊ အဲဒါ ကိုယ့်လရောင်ကို ချစ်တာပေါ့၊ လရောင် ကိုကို ယုံကြည်ပေးရမယ်"

ယုံချင်ပါသည်။

ဒါပေမဲ့ ငွေ ကိုယ်တိုင်ကပင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကင်းမဲ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငွေရေ ... ဒီတစ်ခါ ငွေ့အလှည့်နော်၊ ငွေ့လွှနဲ့ ဘယ်တော့ မိတ်ဆက်ပေးမှာလဲ"

စောစောစီးစီး မေမျိုက မနက်စာ စီစဉ်နေ၍ ငွေ အံ့ဩနေစဉ် မေမျို့ဆီက စကားကြောင့် ငွေ ပိုပြီးအံ့ဩသွားရပြန်သည်။

"ဖြည်းဖြည်းပေါ့ မေမျိုရယ်"

ငွေ့အသံက မထစ်မငေါ့ဘဲ ရှောရှောရှူရှူ ထွက်သွား၍ တော်သေးသည်။

"မနေ့က အံ့ဆီက လက်ဆောင်တစ်ခုရလို့ မေမျို့ အရမ်းပျော်နေတယ်၊ အဲဒီပျော်တာနဲ့ စောစောထပြီး စားစရာ စီစဉ်နေတာ"

အံ့ဆီက လက်ဆောင်တဲ့၊ ကို မေမျို့ကို ဘယ်လို လက်ဆောင်မျိုး ပေးလိုက်တာပါလိမ့်။



"ဟုတ် ... ဟုတ်လား၊ ဘာပေးတာလဲ"

အရင်က မစပ်စု မစူးစမ်းတတ်တဲ့ ငွေ အခုတော့ သိချင်စိတ်က တားမရ ဆီးမရ။

ကြက်ဥကြော်နေတဲ့ မေမျို့ရဲ့ ဘယ်ဘက်လက်က လေးက လှပစွာ မြှောက်တက်လာပြီး ...

"ဒီမှာလေ"

အရင်က မေမျို့ လက်ခလယ်မှာ ဖောင်းကွင်း ရွှေလက်စွပ်လေးသာ အခု အဲဒီလက်စွပ်နေရာမှာ စိန်လက်စွပ်လေး တစ်ကွင်းက နေရာယူထားသည်။

လက်ခနဲ မြင်သွားတဲ့ စိန်အရောင်နဲ့အတူ ငွေ့ရင်ထဲမှာပါ လျှပ်ပြက်သလို စူးရှလှပ်ရှားသွားသည်။

ကိုရယ် ...

ငွေ့ရင်ထဲက ခံစားမှုက ပိုးအငေးကြီးထိ ဆွဲငင်ခေါ်ဆောင်သွားသလို ထုံထိုင်း ဆိတ်ငြိမ်သွားသည်။

ငွေ့ဆီမှာ ရှိနေတဲ့ ကိုပေးထားတဲ့ ရွှေနေ့လက်ဆောင် လက်စွပ်လေးနဲ့ ချွတ်စွတ်တူတဲ့ လက်စွပ်လေးက မေမျို့ လက်ချောင်းလေးမှာ လိုက်ဖက်တင့်တယ်စွာ ...

www.burmeseclassic.com

www.burmeseclassic.com



ပွန်းရှမှာစိုး၍ မဝတ်ရက်ဘဲ သိမ်းထားတဲ့ ငွေ့လက်စွပ်လေးကိုသာ မြင်ရင် မေပျို့ ဘာပြောလိမ့်မလဲ။

"လှလား ငွေ့"

လက်စွပ်လေးကိုငေးပြီး တွေဝေဝမ်းနည်းနေတဲ့ ငွေ့ မေပျို့အသံကြားမှ နာကျင်ကြေကွဲဖို့ သတိရလာသလို မျက်လုံးတွေ ကျိန်းစပ်လာသည်။

"အိုဗီး မှုရှလှမပါဘူးပဲ မေပျို့"

"အုံက ပြောတယ်၊ ရှုံ့ဘဝမှာ မိန်းကလေးတစ်ယောက်ကို လက်ထပ်ခွင့်တောင်းတဲ့ အခါ ရှိမခံရဘူးတဲ့၊ ခက်တယ် ငွေ့ရယ်၊ အုံက ရည်းစားတွေးမပြောဘဲ အဲဒီလိုစကားတွေချည်းပြောနေတော့ မေပျို့ဘက်က တာလုပ်ရမှန်းကို မသိတော့ဘူး"

ငွေ့လက်မှာ လက်စွပ်လေးကို စွပ်ပေးစဉ်ကလည်း ကိုကုံ အဲဒီလို နူးညံ့ညင်သာစွာ ပြောဖူးသည်။ ရှက်နေတဲ့ ငွေ့ နှုတ်ခမ်းကိုပင် ကိုက ကြင်နာစွာ နမ်းရှိုက်ခဲ့သေးသည်။

မေပျို့ကိုရော ...





ငွေ့ ဆက်မစဉ်းစားချင်တော့။

ဆောက်တည်မရတဲ့ ဝမ်းနည်းနာကျင်မှုတွေနဲ့ လှည့်ထွက်ခဲ့စဉ် ...

"ငွေ့ ကြက်ဥနဲ့ပေါင်မုန့်မီးကင် စားသွားလေ ပြီးတော့ ငွေ့ ကြိုက်တဲ့ ကော်ဖီခါးခါးလေးလည်း နှပ်ထားပေးတယ်"

မေပျို့ရယ် ... ငွေ့ကြိုက်တဲ့ အရာအားလုံးထဲက ငွေ့ အနှစ်သက်ဆုံးအရာကို မေပျို့ ရပြီးတော့မှတော့ ငွေ့အတွက် နှစ်သက်စရာအားလုံး ဆိတ်သုဉ်း ပျောက်ဆုံးကွယ်ရှကုန်ပါပြီကွယ်"

"ကျေးဇူးပဲ မေပျို့။ ငွေ့ ခေါင်းကိုက်နေလို့ ပြန်အိပ်ပါရစေနော်"

ခိုထိုင်နေ ပုန်းရွှေနေတဲ့ ငွေ့ခေါင်းအုံးလေးပေါ်မှာ နှင်းဆီရောင် မိုးသက်တွေ အုံ့ဆိုင်းနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေတာလဲ လရောင်၊ ဖုန်းဆက်တော့လည်း ဖုန်းမကိုင်၊ သင်တန်းကိုလည်းမတက်နဲ့ ကို ဘယ်လောက် စိတ်ပူရလဲ လရောင် သိရဲ့လား"

တစ်ပတ်လောက် သင်တန်းကိုလည်း မသွားဖြစ် သလို ကို့ဖုန်းကိုလည်း ငွေ မကိုင်ဖြစ်။

ကြားထဲမှာ မေမို့ဆီက ကိုနဲ့ပတ်သက်သမျှတွေကို သိရလေလေ ငွေ ကို့ကို မတွေ့ချင်လေလေဖြစ်သည်။

"ပြောလေ လရောင်၊ ဘာဖြစ်နေတာလဲကွာ"

ငွေ ကို့ကို မကြည့်ပေမယ့် စိတ်လှုပ်ရှားနေတဲ့ ကို့ ရဲ့အသက်ရှူသံကို ကြားနေရသည်။

"ကို အိမ်ကို လရောင်နဲ့ လက်ထပ်ဖို့ ဖွင့်ပြောပြီးပြီ၊ ကို့ အိမ်ကလည်း လက်ခံတယ်၊ အဲဒါ လရောင် ကို့အိမ်ကို လိုက်ခဲ့ပေးပါ လရောင်"



စိတ်လှုပ်ရှားမှုကိုထိန်းပြီး တည်ငြိမ်အောင်ကြိုးစား မယ့် မတည်ငြိမ်နိုင်သေးတဲ့ ကို့ရဲ့ခံစားချက်ကို သိနေတော့ ...။

"ငွေ ကို့ကို လက်ထပ်ဖို့ ဘယ်တုန်းက ကတိပေးခဲ့လို့လဲ ကို"

မတည်ငြိမ်ပေမယ့် တည်ငြိမ်အောင် ကြိုးစားနိုင်သူ က ငွေကိုယ်တိုင် ဖြစ်နေသည်။

"ဘာ ... ဘယ်လို လရောင်၊ လရောင် နှုတ်က ဒီစကား မျိုး ထွက်ရဲလား လရောင်"

ဟုတ်တယ် ကို၊ ငွေ့နှလုံးသားတွေ နာကျင်လွန်းလို့ ငွေ့နှုတ်ဖျားလည်း ကြမ်းတမ်းရင့်သီးနေပြီ ကို။

"ကဲပါ လရောင်ရယ်၊ လရောင် ကို့အပေါ် တစ်ခုခုဖြစ် နေတာ သေချာတယ်၊ လရောင် ကျေနပ်အောင် ကို ရှင်းပေးမယ် ... ပြော၊ ဘာဖြစ်နေတာလဲ"

ငွေ ကို့မျက်ဝန်းထဲကို တည့်တည့်စိုက်ကြည့်ပြီး စေ့ကြောဆန်းစစ်နေပေမယ့် ဘာအရိပ်အငွေ့မှ မတွေ့ရ။

အင်းလေ ... ဒီလိုဟန်ဆောင်ကောင်းလို့လည်း ငွေ လှည့်စားခံခဲ့ရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ငွေ ဘာမှမဖြစ်ပါဘူး ကို၊ ငွေ အမှန်တွေကို သိတတ်မြင်တတ်လာတာပါ"

စိတ်လှုပ်ရှားမှုကို တည်ငြိမ်အောင် ထိန်းချုပ်ထားနိုင်သည့်အတွက် ငွေ ကျေနပ်နေသည်။

"ဘာအမှန်တွေလဲ လရောင်၊ လရောင်နဲ့ ကို့ကြားမှာ ဘာမှ လိမ်လည်လှည့်ဖြားထားတာ မရှိဘူး လရောင်၊ ကို့ကို ယုံကြည်တယ်ဆို"

ငွေ ယုံချင်ပါတယ် ကို။

မျက်စိစုံမှိတ်ပြီး ကို ပြောသမျှကို ကြိတ်မှိတ်ယုံကြည်လိုက်ချင်တာပါ။

ဒါပေမဲ့ အဖြစ်မှန်က ငွေနဲ့ နီးကပ်စွာ ရှိနေလွန်းတော့ ငွေ့ကို အမှားတွေထဲမှာ နစ်မွန်းခွင့်မပေးသလို ဖြစ်နေသည်။

"ဘာလဲ ... လရောင် ကို့ကို မေပျို့နဲ့ အထင်လွဲနေတာလား၊ ကိုနဲ့ မေပျို့ ရိုးရိုးမိတ်ဆွေတွေပါလို့ ကို ပြောပြီးပြီပဲ"





ဟုတ်ပါတယ်၊ ချစ်ပါတယ်လို့ မပြောသရွေ့ မိတ်ဆွေတွေပါလို့ လှည့်ဖြားထားလို့ ရပါတယ်၊ ဒါပေမဲ့ စကားထက် ပိုထိရောက်တဲ့ အပြုအမူတွေ၊ ရင်းနှီးမှုတွေကတော့ လှည့်ဖြားထားလို့ မရပါဘူး ကို။

ငွေ နှုတ်က ပြောမထွက်တဲ့ စကားတွေကို ရင်ထဲမှာ ကျိတ်၍ ကျိတ်၍သာ ရေရွတ်နေမိသည်။

"အီကိုစွက်က မေပျို့နဲ့ မဆိုင်ပါဘူး ကို၊ ငွေ ကိုယ့်ကိုယ်ကိုယ်ကိုယ် ယုံကြည်ချက် ကင်းမဲ့လာလို့ပါ"

ဟုတ်တယ် ကို၊ ကို့အပေါ် အကြွင်းမဲ့ ချစ်ရဲ့လား၊ ကို့ ဘာလုပ်လုပ် ကျေကျေနပ်နပ် လက်ခံခွင့်လွှတ်ပေးမှာလား ဆိုတဲ့ မေးခွန်းတွေနဲ့ ငွေ မွန်းကျပ်နေပြီ ကို။

"လရောင် သိအောင် ကို ပြောပြထားမယ်၊ ကို လရောင်ကလွဲပြီး ဘယ်မိန်းကလေးကိုမှ မချစ်ဘူး၊ လက်မထပ်နိုင်ဘူး၊ လရောင် ဒါကို ယုံကြည်ထားပါ"

စိတ်တိုနေတဲ့ ကို့ကို ငွေ မနှစ်သိမ့်ချင်တော့။ ငွေ့ကိုယ်ငွေပင် နှစ်သိမ့်ရန် အင်အားတွေ ပျောက်ဆုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမျိုကို လရောင်နဲ့ ပတ်သက်ပြီး ဖွင့်ပြောရန် ချိန်းလိုက်ပေမယ့် တကယ် စဉ်းစားကြည့်တော့ မေမျိုရဲ့သိက္ခာ၊ သူနဲ့ လရောင်ကြားက ယုံကြည်မှုတွေကို ထိပါးနိုင်သဖြင့် သူ ပြောမထွက်တော့။

ချိန်းထားတိုင်း မကွက်မပျက် တိတိကျကျ လာတတ်တဲ့ သူမရဲ့အကျင့်အတိုင်း ချိန်းထားတဲ့နေရာမှာ သူ့ကိုထိုင်စောင့်နေတဲ့ သူမကို တွေ့ရသည်။

အင်းလေ … မေမျိုက သိပ်လှတဲ့သူ ဖြစ်နေတော့ လရောင် သူနဲ့မေမျိုကို သဝန်တိုတာပဲဖြစ်မည်။

"ချိန်းထားတဲ့ အချိန်ထက် ၀နစ်မိနစ် နောက်ကျတယ်"

သူမက လက်ပတ်နာရီ ပတ်ထားတဲ့ လက်ကလေးကို မြှောက်ပြရင်း ဆီးပြောသည်။



"ဆောရီး မေမျို၊ လမ်းမှာ မီးပွိုင့်တွေ တစ်ခုပြီးတစ်ခု မိနေလို့ပါ"

သူ နောက်ကျတာကို စိတ်အနှောင့်အယှက် ဖြစ်ပုံ မပေါ်ဘဲ ပြုံးနေတာကို တွေ့ရသည်။

လရောင်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေတဲ့ ခံစားမှုကို သူမ အပြုံးက မချေဖျက်နိုင်။

"ကဲ … ဆိုပါဦး၊ ကျွန်မကို တကူးတက ခေါ်တွေ့ချင်တဲ့ ကိစ္စက …"

ခုချိန်ထိ သူနဲ့ သူမကြားမှာ မှားယွင်းမှု တစ်စုံတစ်ရာမှာ ရှာမတွေ့သေး။

ဒါကို လရောင် ဘာဖြစ်လို့များ …။

"ဒီလိုပါပဲ၊ စကားလေး ဘာလေး ပြောရအောင်ပေါ့၊ မေမျိုက စကားပြောကောင်းတယ် မဟုတ်လား"

သူ့စကားတွေမှာတော့ သူမ သာယာတိမ်းမူးနေလား။ အကဲခတ်ရခက်သည့် မျက်ဝန်းတွေထဲတွင် သူမ မျက်ဝန်းလည်း ပါဝင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာသာ ချစ်သူရှိရင် သဝန်တိုတော့မှာပဲ"

ပွင့်လင်းတဲ့ သူမစကားကို သူ အမှိုက်ဘယ်တော့ မလွဲချင်။

"ကျွန်တော့်ချစ်သူလည်း သဝန်တိုတတ်တယ်"

မဆီမဆိုင် လရောင် ဘအကြောင်း ရောက်သွားသည်။

သူမက တစ်ဝက်တစ်ပျက် ပြုံးရင်း ...

"မိန်းမမှန်ရင် အတူတူတတ်ကြတာချည်းပဲ၊ ကျွန်မသာဆိုရင်လည်း အတူတိမှာပဲ"

သူ့စကားကို ပေါ့ပေါ့ပါးပါး ပြန်ပြောနေသည့်အတွက် သူမမှာ သူနဲ့ပတ်သက်တဲ့ ခံစားချက် ကြီးကြီးမားမား မရှိနိုင်ဟု ယူဆလိုက်မိသည်။

"ဟာ ... ဒါဆို မေပျို့ချစ်သူ ကံဆိုးတာပေါ့"

သူတို့ ပေါ့ပေါ့ပါးပါး စကားတွေချည်း ရွေးချယ်ပြောနေမိသည်။

"ဟင့်အင်း ... ကံကောင်းတာပါ"



သူ့ ပခုံးတွန့်ပြလိုက်စဉ် သူမက ဆက်ပြီး —

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ သိပ်ချစ်တယ်လို့လေ"

ချစ်သူရဲ့ အချစ်ကြီးမှုက တစ်ခါတလေ အချစ်ခံရသူအတွက် မွန်းကျပ်ကျဉ်းမြောင်းစေတယ်လို့ သူ ယုံကြည်ထားသည်။

"ကျွန်တော်လည်း ကံကောင်းပါတယ်"

သူမက မျက်လွှာလှန်ပြီး အကြောင်းရင်းကို မျက်စခံမေးလိုက်တာမို့ ...

"ကျွန်တော့်ချစ်သူက မစပ်စု မစူးစမ်းတတ်ဘူး"

သူမက လက်မခံသလို ပြုံးပြီး ...

"ပျော့ညံ့တာပေါ့"

ဟု ငြင်းဆန်သည်။

လရောင်ရဲ့ အားသာချက်တွေကို သူ ထပ်စဉ်းစားလိုက်ပြီး ...

"မိန်းမဆန်တဲ့ သိမ်မွေ့နူးညံ့မှုတွေရှိတယ်"

သူမက ညစ်ကျယ်ကျယ်ပြုံးပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ရှုပ်ရှုပ်ထွေးထွေး မဟုတ်တဲ့ အတွေးအခေါ် နည်းတာပါ"

ဟု စောဒကတက်ပြန်သည်။

သူမ လက်မခံတာတွေကို သူ ချေပဖို့ ထပ်ကြိုးစား ပြီး ...

"ကိုယ်တိုင်လည်း အပြစ်ကင်းပြီး သူတစ်ပါးကိုလည်း အပြစ်မမြင်တတ်ဘူး"

သူမက မယုံကြည်နိုင်စွာပြုံးပြီး ...

"သူတော်စင်တစ်ယောက် ဆိုရင်တော့ လောကီရေးရာ စိတ်ဝင်စားမှာ မဟုတ်ဘူး"

ဟု ချေပပြန်သည်။

"လောလောဆယ်တော့ သူ ကျွန်တော့်ကို စိတ်မကောက် ဖူး စိတ်ကောက်နေတယ်"

သူမက မိန်းမအားလုံးရဲ့ ခံစားချက်ကို ကိုယ်စားပြု နားလည်သလို ပြုံးပြီး ...

"အချော့ခံချင်တဲ့ စိတ်ကောက်မှုမျိုး ဆိုရင်တော့ ကိစ္စမရှိ ဘူး၊ တစ်ခါတလေ စိတ်ကောက်တတ်တာတွေရှိပြီး စိတ်





နာတာတွေ ဖြစ်သွားတတ်တယ်၊ ဒဏ်ရာအနာလေးလေး ကစပြီး ကုပေးရင် ဒဏ်ရာကြီးကြီး မဖြစ်နိုင်တော့တာ မျိုးပေါ့"

လရောင်က ဒီလိုမိန်းကလေးမျိုး မဟုတ်နိုင်ဘူး ဆိုတာ သူ စွဲစွဲမြဲမြဲ ယုံကြည်နေသည်။

"ထူးထူးဆန်းဆန်း မေးခွန်းတစ်ခုမေးမယ်၊ ရှင် ခွင့်ပြု မလား"

ထူးထူးဆန်းဆန်းဆို၍ သူ စိတ်ဝင်စားသွားသည်။

"မေးလေ"

သူမက ဖြစ်ရဲ့လားဆိုတဲ့ သရော်တဲ့အပြုံးမျိုးကို လှလှပပပြုံးပြီး ...

"တကယ်လို့ ..."

သူမက မဆက်ဘဲ စကားစကို ဖြတ်လိုက်ပြီး ...

"ဒီလိုမေးတဲ့အတွက် အံ့ ကျွန်မကို တစ်မျိုးမထင်ရဘူးနော်"

သူမ မေးခွန်းအတွက် စကားပလ္လင်ထပ်ခံနေပြန် သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခ်ရှိုးထင်စရာ မေးခွန်းမျိုး ဆိုရင်တော မေးသင့်မမေးသင့် မေပျို့ပဲ ဆုံးဖြတ်လေ"

သူ့စကားအတွက် သူမဘက်က နည်းနည်းတွန့်ဆုတ်သွားပြီး ...

"ကျွန်မ သိချင်တဲ့မေးခွန်း ဖြစ်ပေမယ့် မမေးသင့်တဲ့မေးခွန်း ဖြစ်နေတယ်"

တကယ်တော့ သူလည်း သူမ မေးခွန်းကို သိချင်နေသည်။

ဒါပေမဲ့ ဘာမှမတိုက်တွန်းချင်၍ ငြိမ်နေစဉ် ...

"တကယ်လို့ အံ့မှာ ချစ်သူ မရှိခဲ့ဘူးဆိုရင် ကျွန်မကို အံ့ စိတ်ဝင်စားမှာလား"

ဆန်းတာမှ တကယ့် ထူးထူးဆန်းဆန်း မေးခွန်းဖြစ်သည့်အပြင် သူ့မှာ ဖြေစရာအဖြေပင် မရှိ။

မရှိတာမဟုတ်၊ မဖြေချင်တာပဲ ဖြစ်မည်။

ဒါပေမဲ့ မဖြေရဲစရာလည်း မဟုတ်သဖြင့် အဖြေကို ခက်ခဲပါးနပ်စွာ စဉ်းစားလိုက်ပြီး ...





"ဒါကတော့ အလွတ်ဖြစ်နေတဲ့ ရင်ဘတ်နဲ့ ခံစားကြည့်မှပဲ သိမှာ၊ လောလောဆယ် ကျွန်တော့်ရင်ဘတ်က ပြည့်နေတော့ ခံစားကြည့်လို့ရမှာ မဟုတ်ဘူး"

သူ့အဖြေက သူမက အောင့်သီးအောင့်သက်ပုံစံနှင့် ... ယ်နေတာ တွေ့ရသည်။

"အံ့ သူ့ကို တော်တော်ချစ်လား"

ဒီအဖြေကတော့ အမြဲတမ်း အဆင်သင့်။

"ချစ်တယ်၊ အရူးအမူး မဟုတ်ပေမယ့် နက်နက်နဲနဲချစ်တယ်၊ တန်ဖိုးထားပြီး ချစ်တယ်"

သူမမျက်နှာ မပျက်သွား၍ သူ့အဖြေအတွက် ခံစား ... တစ်စုံတစ်ရာ မရှိဟု ယူဆလိုက်သည်။

"အံ့လို ချစ်သူမျိုး တစ်ယောက်ရရင်တော့ ထားချင်သား"

သူမအတွက် ခက်ခဲမည် မထင်ပေ။

ဒီလောက်လှတဲ့ သူမနားမှာ သူမ အကြည့်တစ်ချက် ... င်တာကိုပင် ရင်ခုန်မယ့် ယောက်ျားတွေ အများကြီးရှိနေမှာပါ။

"ကျွန်တော့်သူငယ်ချင်းတွေနဲ့ စပ်ပေးရမလား မေ...



www.burmeseclassic.com

www.burmeseclassic.com



သူမက စွဲမက်စရာကောင်းတဲ့ မျက်စောင်းမျိုးနဲ့ လှမ်းထိုးပြီး ...

"အာမခံပေးနိုင်လို့လား၊ အမှားအယွင်းရှိရင် အာမခံပေး ထားတဲ့လူက လျော်ရမှာနော်"

သူမ စကားအဆုံး နှစ်ယောက်သား ပေါ့ပေါ့ပါးပါး ရယ်လိုက်မိသည်။

တစ်ခါတလေ သူမက သူ့အတွက် စိတ်အနှောင့် အယှက်ဖြစ်စရာကောင်းပေမယ့် တစ်ခါတလေတော့လည်း စကား ပြောဖော်ကောင်း တစ်ယောက်လို အပျင်းပြေနေပြန်သည်။





လောကကြီးမှာ ဘာဖြစ်လို့ ငွေ့ကျမှ ထူးဆန်းတာ တွေ တိုက်ဆိုင်တာတွေ များနေတတ်တာလဲဟု တွေးယူရသည့် အထိ ငွေ အံ့သြစရာကိစ္စတွေ ပေါ်လာပြန်သည်။

သုံးလေးလနေမှ တစ်ခါသွားနေကျ ငွေ့ဘကြီးအိမ် ကိုသွားစဉ် ဘကြီးရော အစ်ကိုဝမ်းကွဲပါ မရှိသဖြင့် ဆက်စောင့် နေရင်း အပျင်းပြေ ဓာတ်ပုံအယ်လ်ဘမ်တစ်အုပ်ကိုယူပြီး ကြည့်နေ လိုက်သည်။

ဘကြီးမိန်းမက အစောပိုင်းမှာ လာညှော်ခံစကား ပြောပေမယ့် လူကြီးဖြစ်၍ အားနာပြီး ဝင်နားခိုင်းလိုက်ရသဖြင့် ငွေ ပျင်းရိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မပါတပါဖြင့် ဓာတ်ပုံအယ်လဘမ်ကို ကြည့်နေရင်း အစ်ကိုဝမ်းကွဲ ကိုသော်ရဲ့ ပြောင်ချော်ချော်ပုံများကို ကြည့်ပြီး အပျင်းဖြေနေလိုက်သည်။

ငွေ့မေမေက သူ့တူ ကိုသော်ကို လာအလုပ်လုပ်ရန် လှမ်းခေါ်သည်ကိုပင် မသွားဘဲ ပေကပ်ကပ်နှင့် မြန်မာပြည်မှာ လှည့်ပတ်ဆိုးနေသူဟု အမျိုးတွေအားလုံးက ချိုးကျူးခံထားရသူ ဖြစ်သည်။

ဓာတ်ပုံတွေကြည့်ရင်းနှင့် အယ်လ်ဘမ်ဆုံးခါနီး လောက်မှာ စားသောက်ဆိုင်တစ်ခုမှာ ရိုက်ထားတဲ့ ပုံတစ်ပုံကို တွေ့လိုက်ရသည်။

သူငယ်ချင်းတွေ စုရိုက်ထားတဲ့ပုံဖြစ်၍ မထူးဆန်း သော်လည်း ထူးဆန်းတာက အားလုံးရဲ့အလယ်တွင် ထိုင်နေသော ကိုနဲ့ မေပျိုကို တွေ့ရခြင်းပင်။

ပြုံးနေတဲ့ ကိုနဲ့ တည်ငြိမ်စွာပြုံးနေတဲ့ မေပျို။

ငွေ့ရင်ထဲမှာ နာကျင်ကြေကွဲစွာ ဝမ်းနည်းသွား မယ့် ပြင်းထန်စွာ မတုန်လှုပ်မိတော့ပေ။





မဟုတ်ပါဘူးလို့ မကြာခဏ ငြင်းနေတဲ့ ကို့ရဲ့လှည့်စားခြင်းကို ငွေနဲ့ မေပျို ဘယ်သူက ခံနေရတာပါလိမ့်။

နှစ်ယောက်စလုံးလား။

မေပျို့မှာ လှည့်စားခြင်းကို ချေပတွန်းလှန်ဖို့ သတ္တိတွေ ရှိကောင်း ရှိနိုင်ပေမယ့် ငွေ့မှာတော့ တိတ်တိတ်လေး ကြေကွဲရုံပဲ တတ်နိုင်သည်။

"ဟဲ့ ... ဘာပုံကို ဒီလောက်အကြာကြီး ကြည့်နေတာလဲ"

ဘယ်အချိန်က ရောက်နေမှန်းမသိတဲ့ ကိုသော်ရဲ့ အသံကြားမှ ငွေ အသိဝင်လာသည်။

"သြော် ... ဒီမှာ အသိတစ်ယောက်ရဲ့ပုံ တွေ့လို့ပါ"

ကိုသော်က ငွေ့စကားကြောင့် ငွေ့နောက်မှ ကိုယ်ကိုင်း၍ ဓာတ်ပုံကိုကြည့်ပြီး ...

"သြော် ... အဲ့ကြီးနဲ့ သူ့ရည်းစားကို ဒုက္ခပေးထားတဲ့ပုံပဲ"

ဘာမှမမေးရသေးခင် ကိုသော့်ဆီက အဖြေထွက် လာပြီး အဖြေကလည်း သူမ မျှော်လင့်ထားပေမယ့် မကြားရသည့် အဖြေဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေ့အိမ်ကို လာခဲ့ပြီး လာတိုင်းလည်း မေပျို့နဲ့မဆုံ၍ မေပျို့ကို ကိုသော် မသိ။

"သမီး ရောက်နေတာ ကြာပြီလား၊ သမီးကြီးကြီးရော"

ဘကြီးက စကားဖြတ်ပြောလိုက်၍ ငွေ့နဲ့ ကိုသော် စကားစပြတ်သွားသည်။

"ကြာပြီ ဘဘကြီး၊ ကြီးကြီး သွေးနည်းနည်းတိုးနေတယ်ဆိုလို့ အိပ်ရာထဲ သွားလှဲခိုင်းထားတယ်"

ဘကြီးက တိုက်ပုံအင်္ကျီကိုချွတ်၍ ကိုသော့်ကို လှမ်းပေးလိုက်ပြီး ...

"သမီးအစ်ကို ပြဿနာရှာလာလို့ လိုက်ရှင်းပေးရနေတာလေ"

ကြားနေကျ ဖြစ်သလို ဘာယ်တော့မှ မပြင်သော ကိုသော်ရဲ့ ဂျစ်ကျမှုက မဆန်းတော့။

ကိုသော်က ခေါင်းကုတ်ပြီး အထဲဝင်သွားသဖြင့် ဘာစကားမှ မဆက်ဖြစ်တော့။





ဘကြီးကတော့ ငွေ့အပေါ် စိတ်သာရှိ၍ လူကထိထိရောက်ရောက် ဂရုမစိုက်နိုင်တာကို အမြဲ စိတ်မကောင်းဖြစ်နေသူဖြစ်သည်။

"ပြီးခဲ့တဲ့ တစ်ပတ်ကတောင် သမီးမေမေဆီက ဖုန်းလာသေးတယ်၊ ထုံးစံအတိုင်း သမီးကို သူတို့ဆီ လိုက်လာဖို့ ပြောပေးဦးတဲ့လေ"

အမြဲတမ်း ငွေ့ကို အနားမှာ ခေါ်ထားချင်သော်လည်း ငွေ စိတ်မကောင်းဖြစ်မှာစိုး၍ အတင်းအကျပ် မတောင်းဆိုရှာသည့် မိဘများကို ငွေ သနားပေမယ့် မြန်မာပြည်ကိုခွဲပြီး မသွားချင်တာက ပြဿနာဖြစ်နေသည်။

"ဒါနဲ့ သမီး ကားသုံးနေသေးလား၊ ကားကို အပြင်မှာ တွေ့တွေ့နေလို့"

"ဟင့်အင်း ... ဘဘကြီး၊ ငွေ မသုံးပါဘူး၊ ငွေ့သူငယ်ချင်းတစ်ယောက် သုံးနေတာပါ"

"အေး ... အေး၊ သမီးတော့ မမောင်းရဘူးနော်၊ မိဘတွေ စိတ်ပူအောင် မလုပ်နဲ့"

www.burmeseclassic.com



ဘဘကြီးနဲ့ စကားပြောနေပေမယ့် ငွေ့မျက်စိထဲမှာ ဓာတ်ပုံထဲက အပြုံးနှစ်ခုကိုသာ တရေးရေး မြင်ယောင်နေမိသည်။

"သူငယ်ချင်းကို ခင်တာတော့ ခင်တာပေါ့၊ သမီးတို့က သိပ်အခွင့်အရေး ပေးလွန်းတယ်၊ ဟိုးတလောကလည်း သမီးမေမေတို့ဆီ ခေါ်သွားသေးတယ်ဆို"

ဘဘကြီးက အစကတည်းက ငွေ့ကို သူ့အိမ်မှာ လာနေစေချင်သူဖြစ်ပြီး သူငယ်ချင်းနဲ့ အတူနေသည်ဆိုခြင်းကို မနှစ်သက်နိုင်သူ ဖြစ်သည်။

အတင်းအကျပ် မလုပ်တတ်သူ၊ ဆူဆူပူပူလုပ်တတ်သူ မဟုတ်၍ ငွေ့ သိပ်အခက်မတွေ့။ မေမျိုကိုလည်း ဒီအကြောင်းတွေကြောင့် ငွေ့အမျိုးတွေနဲ့ သိပ်ပေးမတွေ့ခဲ့ပေ။

"ဘဘကြီးတို့ရော နေကောင်းကြတယ် မဟုတ်လား မေမေကတော့ on line ပေါ်မှာ တွေ့တိုင်း မေးပါတယ်"

"အေး ... အေး၊ နေကောင်းတယ်၊ သမီးလည်း သင်တန်းတွေ တစ်ခုပြီးတစ်ခုသာ တက်နေတယ်၊ ဘာမှ မယ်မယ်ရရ အလုပ်လည်းလုပ်တာ မတွေ့ဘူး၊ မေမေတို့နဲ့ပဲသွားနေပါလားကွယ်"





နောက်ဆုံးတော့ ဒီစကားပဲ အမြဲကြားနေကျပင်။

"သမီး စဉ်းစားနေပါတယ် ဘဘကြီး"

အားလုံးနဲ့ အဝေးဆုံးကို သွားချင်တဲ့ တစ်နေ့ကျရင်တော့ ငွေ သွားမှာပါ။ အဲဒါမှ သတိရနေသေးရင် ဒီထက်ဝေးရာ၊ ဒါမှ မမေ့နိုင်သေးရင် အဝေးဆုံး ... အဝေးဆုံးကို သွားမှာပါ။

ငွေ့အတွက် ဒီနေရာမှာ ပျော်အောင်ထားနိုင်မယ့် သူနဲ့ ပျောက်ကွယ်အောင် ဖန်တီးနိုင်တဲ့သူက တစ်ယောက်တည်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငွေ မေမေတို့ဆီ လိုက်သွားတော့မယ် မေပျို"

အိပ်ရာဝင်ခါနီး သူမ အခန်းထဲ ငွေဝင်လာပြီး ခုတင်စွန်းမှာထိုင်၍ နိဒါန်းမချီဘဲ ပြောလိုက်သဖြင့် သူမ အံ့သြသွားသည်။

"ဘယ်လို ... ငွေ၊ ဘာရယ်၊ ငွေ အန်တီတို့ဆီ လိုက်သွားမယ်၊ ဟုတ်လား"

ငွေက သူမကို နွမ်းယဲ့စွာကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် မေပျို၊ ငွေ ဒီမှာ မနေချင်တော့ဘူး"

ဘာကြောင့် မနေချင်ရတာလဲလို့ သိပြီးသားအဖြေကို မမေးချင်တာမို့ သူမ ငြိမ်နေစဉ် ...





"ငွေ သွားရင် မေပျို ဒီအိမ်မှာ ဒီပုံစံအတိုင်း ဆက်ပြီးနေခဲ့လို့ ရပါတယ်၊ ငွေ ထွက်သွားတဲ့အတွက် မေပျို ဘာမှ ပူစရာမလိုပါဘူးကွယ်"

သူ့တစ်ပါးကို သိပ်ငဲ့ကွက်တတ်လွန်းတာက ငွေ့အားနည်းချက်ပင်။

ဒီအားနည်းချက်ကို အပြည့်အဝ အသုံးချနေတဲ့ သူမကိုယ်သူမ မကျေနပ်ပေမယ့် သူမအတွက်ကတော့ ကျေနပ်နေသည်။

"မေပျို ... ငွေ့ကိုတားလို့ ရနိုင်မလား"

ငွေ့ကို ဆွဲထားခြင်းက ငွေ ရင်နာအောင် ပိုလုပ်နေခြင်းဖြစ်ရာ သူ ပြောရတာ အားမပါ။

"ဟင့်အင်း ... ငွေ ဆုံးဖြတ်ပြီးသွားပြီ"

ငွေ့ကို တားလို့ရနိုင်တဲ့ တစ်ဦးတည်းသော လူကပင် ငွေ့ကို ဒီမှာနေချင်စိတ်မရှိအောင် ဖန်တီးနိုင်ခဲ့သူ ဖြစ်နေတာ သူမ ကောင်းကောင်းသိနေသည်။

"ငွေ ... ငွေ့လူနဲ့ အဆင်မပြေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သိရက်သားနဲ့ မေးရတာ၊ မေးခွန်းမှာ သိလိုစိတ်အားနည်းနေသည်။

"ငွေတို့ ဒီအကြောင်းတွေ မပြောဘဲ နေရအောင် မေပျို"

"ဒါဆို မေပျို ထင်သလို တကယ်ဖြစ်နေပြီလား"

ငွေတားတဲ့ကြားက သူမ ဆက်ပြောလိုက်သည်။

ငွေက တားမရတဲ့ သူမကို ဖျော့တော့စွာ ဝန်ခံလိုက်ပြီး ...

"ဟုတ်တယ် မေပျို၊ ငွေ သူ့ကို ထပ်မတွေ့ဖို့ ဆုံးဖြတ်လိုက်ပြီ"

သူမအတွက် ဝမ်းသာစရာဖြစ်ပေမယ့် စိတ်မကောင်းသည့် မျက်နှာကို အတင်းဖန်တီးယူလိုက်ရသည်။

"ဘာဖြစ်လို့လဲ ငွေ"

ငွေက သက်ပြင်းလေးတစ်ခုကိုပင် ပင်ပန်းကြီးစွာ ချလိုက်ပြီး ...

"ငွေနဲ့သူ အချစ်ကို တန်ဖိုးထားပုံချင်း မတူကြလို့ပါ မေပျို"





ငွေ တပ်လိုက်တဲ့ ခေါင်းစဉ်လေးက လှပသိမ်မွေ့ပေမယ့် ဇာတ်သိမ်းက ဝမ်းနည်းကြေကွဲဖွယ်။

စိတ်မကောင်းပါဘူး ငွေ။

သူမအတွက် ငွေ့ရင်အကွဲခံပြီး ထုတ်ပေးထားတဲ့ နှလုံးသားကို သူမ တန်ဖိုးကောင်းကောင်းထားမှာပါ။

ငွေရေ ... ဒီဘဝမှာ မေပျို အနိုင်ယူထားတဲ့ အရာအားလုံးကို ဘဝအဆက်ဆက် ပြန်ပေးဆပ်ပါ့မယ်၊ ဒီဘဝတော့ မေပျို အားလုံး ရယူပါရစေ။

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲသို့ ဝင်လိုက်သည်နှင့် သူမ မျက်လုံးတွေက မြင်ကွင်းတစ်ခုကြောင့် ပြာဝေသွားသည်။

ဧည့်ခန်းမှာ မမျိုးနဲ့ စကားပြောနေတဲ့ သူမရဲ့အမေ။

သူမဆီ အကြောင်းမကြား ဘာမကြားနဲ့ ရောက်လာတဲ့ အမေ့ဆီက သူမရဲ့ဘဝအမှန်ကို မမျိုး သိသွားလေပြီလား။

"ဟော ... ဟိုမှာ၊ မေပျို့ လာပြီ အန်တီ၊ မေပျိုရေ ... ဒီမှာ မေပျို့အမေ ရောက်နေတယ်"

မေပျိုရဲ့အမေတဲ့။

အမေ့ရဲ့ နွမ်းယဲ့ညှိုးချုံးတဲ့ အပြုံးက သူမကို အေးမြတဲ့ အရိပ်ငွေ့တွေ မပေးစွမ်းနိုင်ပေ။

"မမျိုး သွားပြီနော်၊ မေပျို့ အမေဆိုလို့ မမျိုး လာဧည့်ခံပေးနေတာ"





သွားပြီ။ မမျိုးဆီကတစ်ဆင့် တစ်ရုံးလုံး သိသွားပြီမခဲယဉ်းတော့။

"အမေ ဒီအထိတောင် ဘာလာလုပ်တာလဲ"

သူမကို မြင်လိုက်သဖြင့် ပြုံးနေတဲ့ အမေ့အပြုံးတွေ ရုပ်တန့် အံ့သြသွားသည်။

"အိမ်ရောက်သွားသေးတယ်၊ ဘယ်သူမှ မရှိလို့ အမေ ဒီလိုက်လာတာ"

ချည်အင်္ကျီအနွမ်းလေးနဲ့ အညာသူလို ရိုက်စစ်စရာမလိုတဲ့ အမေ့အသားက ခရီးပန်းလာလို့ထင့် ပိုပြီးညိုညစ်နေသည်။

သူမ ခေါင်းထဲ ထူပူရှုပ်ထွေးသွားသဖြင့် အမေရဲ့ စင်ပန်းနွမ်းနယ်မှုကိုလည်း မမြင်တော့။

"ဒီကို မလိုက်လာဖို့ ဘယ်နှခါပြောရမလဲ အမေရယ်၊ အိမ်မှာတွေ့ရမှာပဲ၊ အမေတို့က သားသမီးကို မပံ့ပိုးနိုင်ရင်တောင် အလိုက်သိပေးရမှာပေါ့"

သူမစကားကြောင့် အမေ့မျက်နှာက ပိုပြီးညှိုးနွမ်းသိမ်ငယ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ သမီးကို တွေ့ချင်လွန်းလို့ လိုက်လာတာပါ"

"အခု တွေ့ပြီ မဟုတ်လား၊ ဘာတွေထူးပြီး ပိုကောင်းသွားလဲ"

အမေ့ရဲ့မျက်ဝန်းထဲမှာ ခံပြင်းဝမ်းနည်းတဲ့ အရိပ်ကို လှစ်ခနဲ တွေ့လိုက်ရပြီး သူမရဲ့အမေပီသစွာ ချက်ချင်းတင်းထန်သွားသည်။

"အမေ သမီးကို တွေ့ချင်လို့လာတာ၊ အခုတွေ့ပြီဆိုတော့ အမေ့ဆန္ဒ ပြည့်ဝသွားပြီ၊ အမေ ပြန်တော့မယ်"

သူမကို နားမလည်ပေးနိုင်တဲ့ အမေ့ကို စိတ်ထဲ ကွက်ခနဲ ဖြစ်သွားတာမို့ သူမ မတားမိ။

သူမ မှားတယ်ဆိုတာ သိရဲ့သားနဲ့ မတောင်းပန်ဝန်မခံချင်တဲ့ စိတ်အခံကို အမြဲတမ်း ရှေ့တန်းတင်တတ်သူပီပီ လှည့်ထွက်သွားတဲ့ အမေ့ရဲ့နောက်ကျောကိုသာ စိတ်ရှုပ်စွာကြည့်နေမိလိုက်သည်။

အမေ လာသွားတဲ့ အချိန်က ခဏလေး၊ သူမ ရှင်းရမယ့်ကိစ္စတွေက တသီကြီးဟု စိတ်ထဲက ပြောနေမိသည်။





အရင်က သူမကို အားကျနှစ်လိုတဲ့ အကြည့်တွေနဲ့ ကြည့်နေတတ်တဲ့ လူတွေရဲ့အကြည့်က အမေ့ကြောင့် ပြောင်းလဲသွားနိုင်တာ အမေသိရဲ့လား။

သူမ ထိုနေ့က ရုံးကလူတွေရဲ့မျက်ဝန်းတွေကို တည့်တည့်မကြည့်ဘဲ ရှောင်နေလိုက်သည်။

✧❤✧



www.burmeseclassic.com

www.burmeseclassic.com



သွေးပူနေတဲ့အချိန်မှာသာ အမေ့ကို လျစ်လျူရှုနိုင်ပေမယ့် သွေးအေးသွားတဲ့ အချိန်ကျတော့ အမေ့ကိုသနားပြီး တွေ့ချင်လာသည်။

နေ့လယ်ခင်းက သူမ စိတ်ရှုပ်စွာ ပြောမိခဲ့တဲ့ စကားအတွက် အမေ ခံပြင်းဝမ်းနည်းသွားမှာ သေချာသည်။

ညနေ ရုံးဆင်းသည်နှင့် အမေလာရင် တည်းတတ်တဲ့ ဘုန်းကြီးကျောင်းဆီကို ထွက်လာခဲ့လိုက်သည်။

အမေ နေကောင်းရဲ့လား၊ အဆင်ပြေရဲ့လား၊ တစ်ခွန်းမှ မေးမေးမရဘဲ ဆီးပြီးအပြစ်တင်တဲ့ သူမကို အမေ ခွင့်လွှတ်အောင် ပြောရမယ့် စကားတွေကို စီစဉ်စဉ်းစားနေမိသည်။

အရိပ်ကောင်းသည့် ဘုန်းကြီးကျောင်းဝင်းထဲ ဝင်လိုက်စဉ် အပြစ်ရှိသူဖြစ်၍ ရွံ့တွန့်တွန့်။



သူမကိုမြင်ရင် အမေပြုံးပြီး ဆီးကြိုမလား။

ဝမ်းနည်းနာကျင်စွာ တွေတွေကြီးကြည့်ပြီး ရှောင်လွှဲသွားမလား။

ဘုန်းကြီးကျောင်းပေါ် တက်လိုက်စဉ် တရားဓမ္မရှာဖွေသည့်နေရာ ပီသစွာ တိတ်တိတ်ဆိတ်ဆိတ်။

ဧည့်သည်တွေလာရင် ထားတတ်တဲ့ အဆောင်လေးကို ကြည့်လိုက်စဉ် လူတစ်ယောက်မှ မတွေ့ရ။

"ဒကာမလေး လူလာရှာတာလား"

အဆောင်ကို လှမ်းကြည့်ပြီး ရှာနေသည့် သူမအနောက်က အသံကြောင့် လှည့်ကြည့်လိုက်စဉ် သူမတို့ရွာခံ ဘုန်းကြီးကို တွေ့လိုက်ရသည်။

"အရှင်ဘုရား ... အမေ့ကို လာရှာတာပါ၊ အမေ ဒီမှာ တည်းနေတယ် မဟုတ်လား"

ဘုန်းကြီးက ခေါင်းညိတ်ပြပြီး ...

"ထိုင်ဦး ဒကာမလေး"

တစ်ခုခု ပြောစရာရှိ၍ ထိုင်ခိုင်းတာပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်လိုက်ပြီး လက်အုပ်ချီ ဦးချပြီး
ငို ...

"ဒုက္ခာမလေးရဲ့အမေ အခု ဆေးရုံမှာ"

သူ ရင်ထဲ ဒိန်းခနဲ မြည်သွားသံက ဦးခေါင်းတစ်ခု
လုံး ပွင့်ထွက်သွားသလိုပင်။

"နေ့ခင်းက ရောက်ရောက်ချင်း နားတောင်မနားတဲ့ ဒကာမလေးဆီ ထွက်သွားတာ၊ အတူလာတဲ့ ဒကာမ ထွေးထွေးကိုတောင် မခေါ်ဘဲ ထွက်သွားတာ၊ ပြန်လာတော့ မျက်နှာမကောင်းဘူး၊ ထွေးထွေးကို ပြန်ကြမယ်ပြောပြီး ပြန်ဖို့ပြင်ဆင်တုန်း မူးလဲတာနဲ့ ဆေးရုံပို့လိုက်ရတယ်"

ဘုရား ... ဘုရား ... ဘုရား ...။

သူမ ရလိုက်တဲ့ အပြစ်ကြီးက ဘာနဲ့မျှ ချေ
မကျေနိုင်တဲ့ အပြစ်ကြီး ဖြစ်နေသည်။

သူမ ကမန်းကတန်း ဦးချနှုတ်ဆက်လိုက်ပြီး ...

"အရှင်ဘုရား ... တပည့်တော် ဆေးရုံကို လိုက်သွားမယ် ဘုရား၊ ဘယ်ဆေးရုံလဲ"



ဘုန်းကြီးပြောတဲ့ ဆေးရုံကို ထွက်လာတဲ့ လမ်း
တစ်လျှောက်လုံး အမေ့ကို အမြန်နေကောင်းဖို့အတွက် ဆုတောင်း
ရင်း ဆုတောင်းရင်းသာ။

ဒါပေမဲ့ သူမကို သဘာဝတရားက ခွင့်မလွှတ်၊
အမေက သူမကို စောင့်နေရှာပါသည်။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



“ထွေးထွေးနဲ့ ဆေးကုဖို့ တက်လာတာ မမရဲ့၊ အဒွေးက ရွာမှာကုမရလို့ မြို့တက်ပြီး ကုနေရတာ၊ အခု မြို့ကဆရာဝန်က ရန်ကုန်က ပါရဂူတွေနဲ့ ပြမှရမယ်ဆိုပြီး လွှတ်လိုက်လို့ အဒွေးနဲ့ ထွက်လာတာ၊ အဒွေးက ရန်ကုန်ရောက်ရင် ဆေးကုဖို့ထက် မမနဲ့ တွေ့ရမယ်ဆိုပြီး၊ ပျော်နေတာ”

သတိမေ့နေဆဲ အမေ့ဘေးမှာ ထွေးထွေးက ရှိုက်သံလေးနဲ့ သူမကို ရှင်းပြနေသည်။

ပိုက်တွေတန်းလန်းနဲ့ အမေ့ပုံစံက နေ့မကူးသေးဘဲ ပိုပြီးအိုစာသွားသည်။

“ပြန်လာတော့ ဘာမှမေးမရဘဲ ပြန်မယ်ချည်းပဲ ပြောနေလို့ ဘုန်းဘုန်းကတောင် ခရီးပန်းမယ်ဆိုပြီး ဆူနေသေးတယ်”



သူမရဲ့ မဆင်မခြင်စကားတွေအတွက် အခေ ခံစားရတာ သူမ ဆယ်ဘဝသေပြီးဆပ်တောင် ကျေနိုင်မယ်မထင်။

“အဒွေး နှလုံးရောဂါရနေတာ ကြာလှပြီ၊ မမကို ပြောမပြောတော့မသိဘူး၊ အဲဒါ နည်းနည်းပိုဆိုးလာလို့ ရန်ကုန်လာတက်ကုတာ”

ထွေးထွေး ပြောတာတွေ သူမ ဆက်နားမထောင်ရဲတော့။

အမေ နေကောင်းပါတယ်၊ စိတ်မပူနဲ့ဆိုတဲ့ ဖုန်းဆက်တိုင်း ကြားရတဲ့စကားတွေကို သူမ အသိဉာဏ်မဲ့ ဘာဖြစ်လို့ မျက်စိမှိတ် ယုံကြည်ရတာလဲ။

“ရွာပြန်ကာနီး မမအတွက်ဆိုပြီး စာရေးနေရင်းနဲ့ မူးလဲတာ၊ သတိမလည်လာလို့ ဆေးရုံပို့လိုက်ရတာပါ မမရယ်”

သူမ အမေရဲ့ ညိုညစ်ပိန်သွယ်နေတဲ့ လက်ချောင်းလေးတွေကို ကိုင်လိုက်စဉ် ငယ်ငယ်က သူမ ကျစ်ကျစ်ပါအောင် ဆုပ်ထားတဲ့ အမေ့လက်ချောင်းဖောင်းဖောင်းလေးတွေကို ခံစားနည်းစွာ သတိရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းစွာ မေ့မြောနေတဲ့ အမေ့မျက်နှာကြည်ကြည်လေးက သူမကို ဘယ်လောက်များ သတိရ တမ်းတနေရှာပါလိမ့်။

"အမေရယ်"

အမေ့လက်ကို သူမပါးမှာ နှာကျင်ဝမ်းနည်းစွာ ဖိကပ်ထားစဉ် သူမ မျက်ရည်တွေက အမေလက်မှာ စိုလူးကုန်သည်။

"အမေ ဘာပြောသေးလဲ ထွေးထွေး"

ထွေးထွေးက မရဲတရဲနဲ့ သူမကို လှမ်းကြည့်ပြီး …

"အဒွေး ရေးထားတဲ့စာ၊ ထွေးထွေး သိမ်းထားတယ်"

ကမန်းကတန်း သယ်လာခဲ့ဟန်တူတဲ့ ခြင်းတောင်းအစိမ်းရောင်လေးထဲမှာ စာရွက်ခေါက်လေးတစ်ခု။

သူမ တုန်ယင်စွာ လှမ်းယူလိုက်မိသည်။

✧ ❤ ✧



"သမီး …

အမေ့ကို ခွင့်လွှတ်ပါကွယ်။

အလိုက်မသိတဲ့ အမေ။ သမီးဘဝကို ဘာမှမဖုံးပေးနိုင်တဲ့ အမေအဖြစ် အမေ့မှာ အပြစ်ရှိပါတယ်။

ဒီအရွယ်အထိ အမေ့ကို ဘာဒုက္ခမှမပေးဘဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေတဲ့ သမီးကို အမေ အနှောင့်အယှက်ပေးမိသလို ဖြစ်သွားတယ်။

သမီး စိတ်မပူပါနဲ့ကွယ်။

အမေ့ကိုယ်အမေ သမီးရဲ့အမေအရင်းပါလို့ ပြောမထွက်ခဲ့ပါဘူး။ နိုင်ငံခြားမှာလို့ သမီးလုပ်ဖော်ကိုင်ဖက်သိထားတဲ့ မိဘအရင်းက အမေပါလို့၊ အမေ မပြောခဲ့ပါဘူး၊ သမီးကို စောင့်ရှောက်ပေးခဲ့တဲ့ ကလေးထိန်းမိခင်လိုပဲ အမေ ကြည့်ပြောခဲ့ပါတယ်။

www.burmeseclassic.com



အမေ ဝမ်းနည်းတယ် သမီးရယ်၊ အမေ့ရဲ့ညံ့ဖျင်းချို့တဲ့မှုကြောင့် သမီးရဲ့အမေပါလို့ မခံယူရဲခဲ့တဲ့ဘဝကို အမေ မုန်းလိုက်တာ။

စိတ်ချပါ သမီးရယ်။ အမေ သမီးရှေ့မှာ သမီးရဲ့ အမေအဖြစ် မပေါ်လာစေရတော့ပါဘူး။ အမေလေ ... သမီးကို ...

စာကိုဆုံးအောင် မရေးလိုက်ရ၊

အမေ့နှလုံးသွေးတွေ၊ မျက်ရည်တွေနဲ့ ရေးထားတဲ့ စာလေးက သူမ နှလုံးသားကို ဆုပ်ချေဖိနင်းနေသည်။

ခွင့်မလွှတ်ပါနဲ့ အမေ။

သူမရဲ့ အတ္တကြီးမှုတွေက အမေ့ကို အမေပါလို့ အသိအမှတ်မပြုရဲခဲ့တဲ့ နောင်တတွေနဲ့ ထိုးနှက်ရှင်သန်နေမှာပါ။

သူမ ဖုံးကွယ်ထားတဲ့ ဘဝမှန်ကို အမေကပါ စောင့်ရှောက်ဖုံးကွယ်ပေးခဲ့ပေမယ့် အဲဒီအမေရဲ့စေတနာကို တစ်ချိန်ထင် အပြစ်တင်ခဲ့တဲ့ သူမအတွက် အမေရဲ့ခွင့်လွှတ်မှုနဲ့ မထိုက်တန်ပါ။





အမေ ခွင့်မလွှတ်နဲ့ အမေ။

သမီးကို ခွင့်မလွှတ်နဲ့။

သမီးကို ခွင့်လွှတ်ပြီး အမေ ထွက်မသွားရဘူး။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းညင်သာစွာ နှုတ်ဆက် ထွက်ခွာသွားတဲ့ အမေ့ကို သူမ ပေးလိုက်နိုင်တာ ဘာမှမရှိ။

နာကျင်မှုတွေ တစ်ပွေ့တစ်ပိုက်နဲ့ အမေ ထွက်သွားခဲ့တာလား။

မသေချာပါ။

မျက်နှာကြည်ကြည်လေးပေါ်မှာ သူမအတွက် အပြစ်ဆိုတာကို စိုးစဉ်းမျှ ချန်ထားခဲ့ပုံ မရတဲ့ အမေ။

သူမက အမိုက်မဲဆုံးသမီးဖြစ်ပြီး အမေက အချစ်ပြနိုင်ဆုံးအမေ ဖြစ်နေခဲ့သည်။

သူမဘဝမှာ အတုအယောင်တွေအတွက် သူမ ပေးဆပ်ခဲ့ရတဲ့ အစစ်အမှန်တွေက များယွင်းမှုများပင်ဖြစ်သည်။





သူမ အနားမှာ အစစ်အမှန်မေတ္တာတွေနဲ့ ရှိနေခဲ့တဲ့ သူတွေကို သူမရဲ့အတ္တတွေက အဝေးကို နှင်ထုတ်ကြိုးစားခဲ့တာ ဘယ်လောက် မှားလိုက်သလဲ။

ပထမ သူမအမေ ...

ဒုတိယ ငွေ ...

အမေ့ကို သူမ တားမြစ်တောင်းပန်ပြီး ခေါ်ယူထားလို့မရအောင် ကံကြမ္မာက ရက်စက်ခဲ့ပေမယ့် ငွေ့ကိုတော့ သူမ တားမြစ်နိုင်ကောင်း တားမြစ်နိုင်ဦးမည်ထင်။

သူမ နစ်မြောနေတဲ့ ဟာန်ဆောင်မှုတွေထဲက ရုန်းထွက်ဖို့ ကြိုးစားအားတင်းလိုက်စဉ် သူမနှလုံးသားက စစ်ခနဲ နာကျင်ကျွမ်းမြည့်စွာ။

သူမ နှလုံးသားအစစ်နဲ့ အံ့ကိုချစ်ခဲ့ခြင်းဖြစ်သည်။

သူမ အပြစ်တွေအတွက် သူမရဲ့ စစ်မှန်တဲ့အချစ်ကို ဆုံးရှုံးခံဖို့ ကြိုးစားအားတင်းလိုက်မိသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



"ငွေရေ ...

မေပို့ဘဝမှာ တစ်ခါမှ မခံစားခဲ့ဖူးတဲ့ ပေါ့ပါးကြည်နူးတဲ့ အရသာကို ဒီစာလေးရေးနေချိန်မှာ ခံစားနေရတယ်။

ခွင့်လွှတ်ပါ ငွေ။

လူတစ်ယောက်ကို စိတ်ပါလက်ပါ တောင်းပန်ရဲတဲ့ သတ္တိတွေ မေပို့မှာ ရှိလာပြီ ငွေ။

တကယ်တော့ မေပို့နဲ့ အံ့ဟာ မိတ်ဆွေတွေပါ။ အံ့ဘက်က တကယ့်ရိုးရိုးသားသား မိတ်ဆွေအဆင့်ထက် မပိုပေမယ့် မေပို့ဘက်ကတော့ အံ့ကို အပိုင်ရယူဖို့ ကြိုးစားခဲ့မိတယ်။





အံ့နဲ့ပတ်သက်ပြီး ငွေ့ကိုပြောပြခဲ့သမျှတွေထဲမှာ ငွေ အထင်လွဲမှားစေလောက်တဲ့ စကားလုံးတိုင်းဟာ မေပို့အတွက က ဖန်တီးခဲ့တဲ့ စကားလုံးတွေပါကွယ်။ အံ့နှုတ်က လွင့်အံကျလာတဲ့ စကားစစ်စစ်တွေ မဟုတ်ပါဘူး။

ငွေ့ကို အံ့ပေးခဲ့တဲ့ လက်စွပ်လေးကို ငွေ့အခန်းထဲက ဓာတ်ပုံနိုးရိုက်ပြီး ဆင်တူဖြစ်အောင် လုပ်ဝတ်ခဲ့တဲ့ မေပို့ကို နားလည်ပေးပါနော်။

ငွေ ဘယ်မှ မသွားပါနဲ့ကွယ်။

အပြစ်ရှိတဲ့သူက ရှောင်ပြေးရစမြဲမို့ မေပို့ အခု ငွေနဲ့ အံ့နဲ့ ဝေးရာဆီကို သွားနေပါပြီ။

အရင်က မေပို့ မက်မောခဲ့တဲ့ ပကာသနတွေနဲ့ ဝေးရာဆီကိုပေါ့။

မေပို့ မြှုထားခဲ့တဲ့ ဟန်ဆောင်ပကာသနတွေကို ငွေ့ဆီမှာ ပြန်အပ်ခဲ့ပါရစေ။

သာမန်တောသူ၊ ဘဝရှင်သန်ဖို့အတွက် ရိုးသားစွာ ကြိုးစားနေသူ၊ မချစ်တတ်လို့ အချစ်နဲ့ ဝေးခဲ့သူအဖြစ် မေပို့ ကျေကျေနပ်နပ် ရှင်သန်နေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပန်းလှပြီ ငွေရယ်။

ဘဝမှာ သယ်ပိုးထားရတဲ့ အတ္တတွေ များလွန်းလို့၊

မေပျို ငြိမ်းချမ်းတိတ်ဆိတ်စွာ နားနေပါရစေ။

ချစ်တဲ့ မေပျို”

✧ ❤ ✧



“ဆရာမ ... ဟိုးမှာ ပေါ်နေတာ ဘာကြီးလဲဟင်”

သူမလက်မောင်းကို ဆွဲခါလှုပ်ယမ်းပြီး မေးလာတဲ့ ကလေးငယ်ရဲ့ ဆံပင်နုနုလေးတွေကို ပွတ်သပ်ပေးလိုက်ပြီး ...

“အဲဒါ သက်တံလို့ခေါ်တယ် ကလေးရဲ့၊ မိုးရွာပြီးစ နေပူတဲ့အချိန်မှာ သက်တံကို တွေ့ရတတ်တယ်၊ ဒါပေမဲ့ အကြာကြီး မတွေ့ရဘူး၊ ခဏလေးနဲ့ မှိန်ဖျော့ပျောက်ကွယ်သွားတတ်တယ်”

ကလေးငယ်လေးက သူမပေါင်ပေါ်တက်ထိုင်လိုက်ပြီး ...

“သားသား သက်တံလေးကို ယူချင်လိုက်တာ”

“မလိုချင်ရဘူး သားသားရဲ့၊ ခဏလေးပဲ လှနေတဲ့ သက်တံဆိုတာ မတည်မြဲတဲ့ဘဝလိုပဲ၊ မက်မောစရာမလိုပါဘူးကွယ်”

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့စကားတွေကို ကလေးငယ်လေး အနုနား မလည်ပေမယ့် နောင်တော့ နားလည်လာပေလိမ့်မည်။

ဟိုးခပ်လှမ်းလှမ်းမှာ ဆော့နေကြတဲ့ ကလေးငယ်လေးတွေလည်း သူမလိုပဲ သက်တံကို မော့ကြည့်နေကြသည်။

မြေပြင်နဲ့ ကောင်းကင်ကို တံတားထိုးပေးထားတဲ့ သက်တံကို သူမ မော့ကြည့်နေစဉ် သက်တံလေးက တဖြည်းဖြည်း မှိန်ဖျော့စွာ ...။

✧ ❤ ✧

အိမာဆစ်
11:05
19-7-2010

www.burmeseclassic.com